# ကြေးမုံ

# The Mirror Daily

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၃ ခုနှစ်၊ တပေါင်းလကွယ်၊ ကြာသပတေးနေ့။ Thursday, 31 March 2022 ၁၀၆၉၄


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၂)တွင် အမှာစကား ပြောကြားစဉ်။

## စိုက်ပျိုးရေးထုတ်ကုန်များကို စနစ်တကျဖြင့် ထုတ်လုပ်ပြီး ပြည်ပသို့ တင်ပို့နိုင်မည်ဆိုပါက နိုင်ငံတော်အတွက် များစွာအကျိုးရှိမည် ပို့ကုန်တိုးမြင့်အောင်ဆောင်ရွက်၍ အဓိက သွင်းကုန်များဖြစ်သည့် စားသုံးဆီနှင့် စက်သုံးဆီ တင်သွင်းမှုများကို တတ်နိုင်သမျှ လျှော့ချ

## မိမိတို့အုပ်ချုပ်နေရသည့်ကာလအတွင်း နိုင်ငံတော်ကို ကောင်းအောင်ကြိုးပမ်းဆောင်ရွက်ခဲ့သည့် မှတ်တမ်းကောင်းများ ကျန်ရှိရန်လိုအပ်

နေပြည်တော် မတ် ၃၀

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး (၂/၂၀၂၂)ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အစိုးရအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၏ တင်ပြချက်**

အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက နိုင်ငံတော်၏ စိုက်ပျိုးမြေများအသုံးချမှု၊ စာမျက်နှာ ၃ ကော်လံ ၁ သို့


ယနေ့ ဖတ်စရာ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က လျှပ်စစ်ဓာတ်အားပေးလုပ်ငန်း အပါအဝင် လုပ်ငန်းသစ် ခုနစ်ခု ခွင့်ပြု စာမျက်နှာ » ၅



ပြည်ပဝယ်လိုအားနှင့် တိုးချဲ့စိုက်ပျိုးသင့်သော ဆေးဖက်ဝင် ဝဥ ဆောင်းပါး စာမျက်နှာ » ၁၆

ရင်းနှီးချစ်ကြည် သွေးချင်းတို့ဌာနီ စာမျက်နှာ » ၂၀၊ ၂၁

ကြေးမုံ

# စည်းလုံးညီညွတ်မှုဖြင့် အန္တရာယ်များကျော်လွှား

တစ်ကမ္ဘာလုံး ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ကပ်ရောဂါဘေးကို မြန်မာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ် မတ်လ ၂၃ ရက်နေ့မှစ၍ ကြုံတွေ့ရင်ဆိုင်ဖြတ်သန်းလာခဲ့ရာ အခြားနိုင်ငံများနှင့်နှိုင်းစာလျှင် ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြင့် ဖြတ်ကျော်လာနိုင်ခဲ့သည်။ ကပ်ရောဂါဘေးကို ကျော်ဖြတ်ရာ၌ နိုင်ငံတော်အစိုးရ၏ အနီးကပ်ကြီးကြပ်လမ်းညွှန်မှု၊ ကျန်းမာရေးဆိုင်ရာဝန်ထမ်းများ၏ တက်တက်ကြွကြွဆောင်ရွက်မှုနှင့် ပြည်သူများ၏ အသိတရားဖြင့် နိုးကြားတက်ကြွစွာ ပါဝင်ဆောင်ရွက်မှုတို့ကြောင့် အကောင်းဆုံးအနေအထားသို့ရောက်လာခဲ့သည်။

ကိုဗစ်-၁၉ ဒုတိယလှိုင်းကို ၂၀၂၀ ပြည့်နှစ် ဩဂုတ်လတွင် စတင်ကြုံတွေ့ခဲ့ပြီး ပိုးတွေ့ရာခိုင်နှုန်းအများဆုံးအဖြစ် ၁၈ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့သည်။ ကိုဗစ်-၁၉ တတိယလှိုင်းမှာ ၂၀၂၁ ခုနှစ် ဇူလိုင်လကုန်တွင် ဖြစ်ပွားလာခဲ့ပြီး ပိုးတွေ့ရာခိုင်နှုန်းအများဆုံးဖြစ်ပွားမှုမှာ ၄၀ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့ပြီး မြန်မာနိုင်ငံအတွက် အဆိုးရွားဆုံးအချိန်ကာလဟု ဆိုရမည်ဖြစ်သည်။ စတုတ္ထလှိုင်းဖြစ်ပွားမှုကို ၂၀၂၂ ခုနှစ် ဇန်နဝါရီလကုန်မှ စတင်ဖြစ်ပေါ်လာခဲ့ပြီး ပိုးတွေ့ရာခိုင်နှုန်းအများဆုံးအဖြစ် ၁၂ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့သည်။ ၂၀၂၂ ခုနှစ် မတ်လပထမပတ်ကျော်မှစ၍ ပိုးတွေ့ရာခိုင်နှုန်း တဖြည်းဖြည်းကျဆင်းလာပြီး ယခုမတ်လကုန်တွင် ပိုးတွေ့မှုနှုန်း တစ်ရာခိုင်နှုန်းကျော်ကျော်သာရှိတော့သည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ထိခိုက်နစ်နာဆုံးရှုံးမှုများမှာ မြန်မာနိုင်ငံတစ်နိုင်ငံတည်းသာမဟုတ်ဘဲ ကမ္ဘာ့နိုင်ငံအားလုံး ကြုံတွေ့နေရခြင်းဖြစ်သည်။ ယခုအခါတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအခြေအနေသည် ရောဂါဖြစ်ပွားနှုန်း ကျဆင်းလာပြီး အခြေအနေကောင်းတစ်ခုသို့ ရောက်ရှိလာပြီဖြစ်သည်။ အခြေအနေကောင်းသို့ ရောက်ရှိလာသောအခါ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းအဆင်ပြေရေး၊ ရပ်တန့်တုံ့ဆိုင်းနေသည့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရေး၊ ပြည်သူများ လူမှုဘဝအဆင်ပြေစေရေးအတွက် ကိုဗစ်-၁၉ ကူးစက်ရောဂါကို သတိထားပြီး လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ခရီးသွားလုပ်ငန်း ပြန်လည်ရှင်သန်လှုပ်ရှားလာနိုင်ရေးနှင့် ပြည်သူများ လူမှုဘဝများ အစဉ်အလာမပျက်ပြုလုပ်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ ကျန်းမာရေးစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်မှုတို့ကို ပြုလုပ်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ကျဆင်းနေသော်လည်း အရှေ့တောင်အာရှနိုင်ငံအချို့နှင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဖြစ်ပွားနှုန်း မြင့်မားနေဆဲဖြစ်၍ ရောဂါဖြစ်ပွားနေမှုများကို သတိမူပြီး ပြည်သူများ၏ လူမှုစီးပွားဘဝများ အဆင်ပြေလာအောင် သတိတရားလက်ကိုင်ထား၍ ဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအခါတွင် အခြေခံပညာ စာမေးပွဲရာသီများလည်း ပြီးစီးတော့မည်ဖြစ်ပြီး မကြာမီကာလတွင် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုအစဉ်အလာပွဲတော်ဖြစ်သော မဟာသင်္ကြန်ကာလသို့ပင် ရောက်ရှိတော့မည်ဖြစ်သည်။ ထို့ကြောင့် ခရီးသွားလုပ်ငန်းများ၊ လူစုလူဝေးနှင့်ပွဲတော်များကို ကျင်းပပြုလုပ်တော့မည်ဖြစ်ရာ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။ ဤနေရာတွင် အထူးသတိပြုရမည်မှာ လူအများစုဝေးသွားလာ လှုပ်ရှားမှုများ ပြုလုပ်ရာ၌ ယခုကာလအတွင်း အလစ်အငိုက်ချောင်းမြောင်း တိုက်ခိုက်ဖျက်ဆီးနေသော အကြမ်းဖက်အဖျက်သမားအန္တရာယ်များကိုလည်း မျက်ခြည်မပြတ်သတိကပ်၍ ဝိုင်းဝန်းပူးပေါင်း လက်တွဲတိုက်ဖျက်သွားရမည်ဖြစ်သည်။

အကြမ်းဖက်အဖျက်သမားများသည် နိုင်ငံတည်ငြိမ်အေးချမ်းမှု၊ သာယာဝပြောမှုနှင့် ပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် သွားလာလှုပ်ရှားလုပ်ကိုင်နေကြသည်များကို မရှုဆိတ်နိုင်ဘဲ မြို့ရွာများအတွင်းမှ အများပြည်သူပိုင်အဆောက်အအုံများ၊ ခရီးသွားလာဆက်သွယ်ရေးဆိုင်ရာများအား နှောင့်ယှက်ဖျက်ဆီးနေကြသည်ကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူများ လူမှုစီးပွားဘဝ အဆင်ပြေစေရေးအတွက် အဘက်ဘက်က ကူညီဖြည့်ဆည်းစောင့်ရှောက်ပေးလျက်ရှိနေသော်လည်း ပြည်သူလူထုကြားတွင် ပုန်းခိုလှုပ်ရှားနေသော အကြမ်းဖက်အဖျက်အန္တရာယ်များအား ပြည်သူများ၏ သတင်းပေးကူညီမှုဖြင့် ကျော်ဖြတ်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ကိုဗစ်-၁၉ ကပ်ရောဂါဘေးကို စည်းလုံးညီညွတ်စွာဖြင့် အားလုံးဝိုင်းဝန်းပူးပေါင်း လက်တွဲဆောင်ရွက်ခဲ့ကြ၍ အောင်မြင်မှုများရရှိသကဲ့သို့ အကြမ်းဖက် အဖျက်ရန်စွယ်အန္တရာယ်များကိုလည်း ပြည်သူလူထု ပူးပေါင်းပါဝင် လက်တွဲဆောင်ရွက်မှုဖြင့် ဖယ်ရှားရှင်းလင်းနိုင်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားအခြေအနေများ မြင့်မားတိုးတက်လာအောင် ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ရန်ကုန်မြို့တော်မဟာသင်္ကြန်မဏ္ဍပ်တွင် ပြိုင်ပွဲဝင်ရန် ယိမ်းအဖွဲ့များ ဧပြီ ၄ ရက်အထိ စာရင်းပေးသွင်း လျှောက်လွှာတင်သွင်းနိုင်

**ရန်ကုန် မတ် ၃၀**

မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ် မဟာသင်္ကြန်ရေသဘင်ပွဲတော် ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်၌ ယိမ်းအကပြိုင်ပွဲများကို ယခင်နှစ်များနည်းတူ ကျင်းပသွားမည်ဖြစ်ရာ ယိမ်းပြိုင်ပွဲများကို ၁၂ ဦးယိမ်း(မူကြိုကျောင်းများ)၊ ၁၂ ဦးယိမ်း (ကျောင်းများ)၊ ၁၂ ဦးယိမ်း(ရုံး/အခြားဌာနများ)၊ ၁၆ ဦးယိမ်း (ကျောင်းများ)၊ ၁၆ ဦးယိမ်း(ရုံး/ အခြားဌာနများ)၊ ၂၀ ဦးယိမ်း(အလွတ်တန်း)၊ ၁၂ ဦးယိမ်း (ကျား) (အလွတ်တန်း)၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများအပါအဝင် ကျင်းပပေးမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်မည့်အသင်းများသည် ရုံးချိန်အတွင်း ဗိုလ်တထောင်မြို့နယ် (၄၆) လမ်း (၁၂)ထပ်ခွဲရုံး (၁၀) လွှာရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေစီးရေလာစီမံခန့်ခွဲမှု) တွင် မတ် ၃၁ ရက်အစား ဧပြီ ၄ ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

အသေးစိတ်သိလိုသော အချက်အလက်များကို ဗိုလ်တထောင်မြို့နယ် (၄၆) လမ်း (၁၂)ထပ်ခွဲ ရုံး၊ (၁၀) လွှာရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (ရေစီးရေလာစီမံခန့်ခွဲမှု) သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဒုတိယဥက္ကဋ္ဌ၊ အကဲဖြတ်လုပ်ငန်းဆပ်ကော်မတီ ဖုန်း ၀၉- ၅၁၀၃၂၈၇၊ အတွင်းရေးမှူး၊ အကဲဖြတ်လုပ်ငန်းဆပ်ကော်မတီ ဖုန်း ၀၉ - ၅၀၂၇၉၉၀၊ အကဲဖြတ်လုပ်ငန်းဆပ်ကော်မတီရုံးအဖွဲ့ ဖုန်း ၀၁ - ၂၀၁၄၅၉ လိုင်းခွဲ (၂၈၂)၊ (၂၈၆) သို့ဆက်သွယ်စုံစမ်းနိုင်ကြောင်း အကဲဖြတ်လုပ်ငန်းဆပ်ကော်မတီထံမှ သိရသည်။

**သတင်းစဉ်**

## နေကြာစိုက်ပျိုးထုတ်လုပ်မှုပြပွဲနှင့် နည်းပညာပေးသင်တန်း ဖွင့်လှစ်

**ရွှေဘို မတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ရှင်ယွန်းစံခန်းမ၌ နေကြာစိုက်ပျိုးထုတ်လုပ်မှုပြပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ကျင်းပသည်။

ပြပွဲအခမ်းအနားတွင် တောင်သူများအား နေကြာစိုက်ပျိုးမှုမှရရှိသည့် အကျိုးကျေးဇူးများ၊ မြေဩဇာသုံးစွဲမှုနှင့် သဘာဝဓာတ်မြေဩဇာ ပြုလုပ်သုံးစွဲနည်းများနှင့် နေကြာမျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရန် အကြံပေးဆွေးနွေးသည်။

ဆက်လက်၍ နေကြာသီးနှံတိုးချဲ့စိုက်ပျိုးရေးနှင့် စိုက်ပျိုးထုတ်လုပ်မှုနည်းပညာပေးသင်တန်းကို ဖွင့်လှစ်ခဲ့ရာ ရွှေဘိုခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးဦးက အဖွင့်အမှာစကားပြောကြားပြီး ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ဆွေက နေကြာသီးနှံတိုးချဲ့စိုက်ပျိုးမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။



ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော နေကြာစိုက်ပျိုးမည့် တောင်သူများအား ဒုတိယတိုင်းဦးစီးမှူး ဦးအောင်ကြည်ဝင်းက နေကြာတစ်ဧက တင်း ၅၀ ထွက်ရှိနိုင်ရေးနည်းလမ်းများကို ရှင်းလင်းခဲ့ပြီး အခမ်းအနားသို့ ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**အေးမြသက်ထား**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၃၀ - ၃-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၈၀၀ | ၇,၈၀၀ | ၃၈၈ | ၃,၀၂၆,၄၀၀ |
| MTSH | ၂,၈၀၀ | ၂,၇၅၀ | ၅၇၀ | ၁,၅၇၂,၉၀၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၀ | ၀ |
| FPB | ၁၈,၅၀၀ | ၁၈,၅၀၀ | ၅၁၁ | ၉,၄၅၃,၅၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၀ | ၀ |
| EFR | ၂,၆၀၀ | ၂,၆၀၀ | ၈၃၅ | ၂,၁၇၁,၀၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၆ | ၂၉,၄၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် မတ် ၃၀**

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၇၇၈.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၉၈၂.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၈၀.၀၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၃.၃၈၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၂.၈၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၄၅၄ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၃၅.၂ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၁၃.၉ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၆၁.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၇.၀၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

# သယ်ယူပို့ဆောင်ရေးသုံး စက်သုံးဆီများနေရာတွင် လျှပ်စစ်ဓာတ်အားများဖြင့် အစားထိုးနိုင်ရေး နည်းလမ်း၊ စက်သုံးဆီဖူလုံအောင် ဆောင်ရွက်သည့် နည်းလမ်း၊ ပိုလျှံအောင်ပြုလုပ်ရသည့် နည်းလမ်းများကို ရှာဖွေဆောင်ရွက်

✪ ရှေ့ဖုံးမှ

အဓိကသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်မှုနှင့် ထွက်ရှိမှု၊ အထွက်နှုန်းတိုးတက်ရေးအတွက် စိုက်နည်းစနစ်ပြုပြင်ပြောင်းလဲရေး၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စိုက်ပျိုးရေပေးဝေနိုင်မှု၊ ပြည်တွင်းဆီစားသုံးမှု၊ ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆီထွက်သီးနှံများ စိုက်ပျိုးနိုင်ရေး အထူးဇုန်များ ဖော်ထုတ်ဆောင်ရွက်သွားမည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး၏ တင်ပြချက်**

ထို့နောက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးက နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မှုနှင့် သုံးစွဲမှု၊ ၂၀၂၃ ခုနှစ်တွင် လျှပ်စစ်ဓာတ်အား တိုးမြှင့်ထုတ်လုပ်နိုင်ရန် စီစဉ်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်မည့် ရေအားလျှပ်စစ်၊ လေအားလျှပ်စစ်၊ အပူစွမ်းအင်သုံးနှင့် ဆိုလာလျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်းများမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး စီစဉ်ဆောင်ရွက်နေမှု၊ နယ်စပ်ဖြတ်ကျော် Interconnection စီမံကိန်းများ ဆောင်ရွက်နေမှုနှင့် လက်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး၏ တင်ပြချက်**

ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက ပြည်ပမှ စက်သုံးဆီတင်သွင်းမှုနှင့် ဈေးနှုန်းမှန်ကန်တည်ငြိမ်ရေး ဆောင်ရွက်နေမှု၊ ကဏ္ဍအလိုက် စက်သုံးဆီသုံးစွဲနေမှု၊ ပြည်တွင်း ထုတ်လုပ်နိုင်မှု၊ ပြည်သူများ သက်သာသောဈေးနှုန်းဖြင့် သုံးစွဲနိုင်ရေးအတွက် အလှည့်ကျစနစ်ဖြင့် ရောင်းချပေးနေမှု၊ ပြည်ပမှ စားသုံးဆီတင်သွင်းမှု လျှော့ချနိုင်ရေး ဆောင်ရွက်နေမှု၊ စားအုန်းဆီ ဈေးနှုန်းတည်ငြိမ်ရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ကျန်းမာရေးဝန်ကြီး၏ တင်ပြချက်**

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးရရှိမှုနှင့် ထိုးနှံပေးနိုင်မှု၊ တတိယလှိုင်းနှင့် စတုတ္ထလှိုင်းတို့တွင် ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်ဆောင်ရွက်မှု၊ ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လက်ရှိအချိန်အထိ ကာကွယ်ဆေးထိုးနှံပြီးစီးမှု၊ ၂၀၂၂-၂၀၂၃ ကျောင်းဖွင့်ရာသီတွင် ၁၂ နှစ်အောက် ကျောင်းသား ကျောင်းသူများအား ကာကွယ်ဆေးထိုးနှံပေးနိုင်ရန် စီစဉ်ဆောင်ရွက်နေမှု၊ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များနှင့် တွေ့ကြုံရသည့် အခက်အခဲများ၊ နိုင်ငံတော်၏ လူမှုစီးပွားရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**စားသုံးဆီနှင့် စက်သုံးဆီဖူလုံရေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် **စားသုံးဆီနှင့် စက်သုံးဆီဖူလုံရေးကိစ္စရပ်များနှင့်ပတ်သက်၍** ဆီနှစ်ဆီဖူလုံရေးအတွက် ယခင်ကတည်းက ပြောကြားခဲ့ကြောင်း၊ စားဆီနှင့်ပတ်သက်၍ တစ်ဦးချင်းဆီစားသုံးမှုနှုန်းလျှော့ချရေး ဦးတည်ပြောကြားခဲ့ကြောင်း၊ ကျန်းမာရေးအတွက် တစ်ရက်လျှင် လူတစ်ဦးချင်း ဆီစားသုံးရန် လိုအပ်မှုမှာ ၂ ဒသမ ၂၅ ကျပ်သားအထိသာဖြစ်ကြောင်း၊ ယင်းနှုန်းဖြင့် တစ်နိုင်ငံလုံးအတွက် ဆီလိုအပ်ချက်ကို ခန့်မှန်းတွက်ချက်ခဲ့ရာ မိမိတို့နိုင်ငံ၏ ဆီထွက်ရှိမှုနှင့် လုံလောက်မှုမရှိကြောင်း၊ မိမိတို့နိုင်ငံရှိ တစ်ဦးချင်းဆီစားသုံးမှုသည် မြင့်မားလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ သို့ဖြစ်၍ ဆီစားသုံးမှုကို လျှော့ချရန် လိုအပ်သကဲ့သို့ တစ်ဖက်မှလည်း စားသုံးဆီထုတ်လုပ်မှုတိုးတက်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ဝန်ကြီးချုပ်များက နည်းလမ်းရှာဖွေဆောင်ရွက်ကြရန် လိုကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးမြေ အလုံအလောက်ရှိပြီး အဆိုပါစိုက်ပျိုးမြေများကို အပြည့်အဝ အသုံးချစိုက်ပျိုးရန်လိုကြောင်း၊ စိုက်ဧကများအားလုံးတွင် သီးထပ်စိုက်ပျိုးရေးများဖြင့် စိုက်ပျိုးမည်ဆိုပါက အထွက်များပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ထိုသို့ သီးထပ်စိုက်ပျိုးမည်ဆိုပါက နွေရာသီကာလတွင် စိုက်ပျိုးရေးအတွက် ရေရရှိရေး နည်းပညာအသုံးပြု၍ ရေတင်စိုက်ပျိုးခြင်းများကို ဆောင်ရွက်နိုင်ပါက ပိုမိုအကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ ဆီအုန်းများစိုက်ပျိုးမှုကို စစ်ဆေးခဲ့ရာ အချို့စိုက်ပျိုးရေး မြေနေရာများတွင် အမှန်တကယ် စိုက်ပျိုးထားမှုမရှိသည်ကို တွေ့ရှိရသဖြင့် စီမံခန့်ခွဲမှုများတွင် လိုအပ်ချက်များရှိသည်ကို တွေ့ရှိရကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရန် လိုကြောင်း။

**လက်တွေ့ပြနိုင်ဖို့လို**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က စိုက်ပျိုးရေးနှင့်ပတ်သက်၍ ပြောကြားရာတွင် **“စိုက်ပျိုးရေးနဲ့ပတ်သက်ရင်လည်း ဒီအတိုင်းပဲ။ ကျွန်တော်တို့က အထွက်နှုန်းနဲ့ပတ်သက်ရင် တစ်အချက် မြေကိုအကျိုးရှိရှိ လုပ်ဖို့ရှိတယ်။ နှစ်အချက်ကတော့ အထွက်ကောင်းအောင် လုပ်ဖို့ရှိတယ်။ မျိုးမကောင်းဘူးဆိုရင် မျိုးကောင်းအောင် ကျွန်တော်တို့ လုပ်ရမယ်။ ဒါစိုက်ပျိုးရေးသုတေသနက လုပ်နေတယ်။ ဒါပေမယ့် စိုက်ပျိုးရေးသုတေသနက သုတေသနရလဒ်ကိုပဲ သူတို့က မျိုးလုပ်လိုက်တာ။ ကျွန်တော်တို့ စီးပွားဖြစ်ပေါ့။ တစ်နိုင်ငံလုံးပျမ်းမျှ စပါးဧက ခုနကပြောတဲ့ ၁၅ သန်းရှိတယ်။ မိုးစပါးစိုက်တာ။ ဒီမှာ စပါးမျိုးပေါင်းများစွာရှိတယ်။ အဲဒီထဲကနေ ရွေးထုတ်ပြီးတော့မှ မျိုးကောင်း ဥပမာအားဖြင့် ပြည်နယ်နဲ့တိုင်းတစ်ခုမှာ နှစ်မျိုးပဲထား၊ ဥပမာအားဖြင့် ၂၈ မျိုး၊ နေပြည်တော်ပါရင် ၃၀၊ မျိုးပေါင်း ၃၀။ အဲ့ဒီမျိုးပေါင်း ၃၀ ကို တကယ့်ကို အားလုံးလွှမ်းခြုံနိုင်အောင် ထုတ်ပေးနိုင်ဖို့ စီမံရမှာပေါ့။ သုတေသနပြုရုံနဲ့ မရဘူး။ တွေ့ရှိချက်တစ်ခုနဲ့မရဘူး။ ဒါနောက်က ဘယ်လို အကောင်အထည်ဖော်မလဲ။ ဒီလိုသွားရမှာပေါ့။ နိုင်ငံတော်က လုပ်မလား။ နိုင်ငံတော်က လုပ်မယ်ဆိုရင် နိုင်ငံတော်က ဘယ်လိုစီမံမလဲ။ ကျွန်တော်တို့မှာ ဘယ်လိုဖြစ်နေလဲဆိုတော့ သုတေသနတွေ့ရှိချက်တွေနဲ့ သရုပ်ပြတာတို့နဲ့ ပြီးသွားပြီး နောက်က ကျယ်ကျယ်ပြန့်ပြန့် လိုက်နိုင်ဖို့ကျတော့ အားလုံးမပါလာဘူး ဖြစ်နေတယ်။ အားလုံးက အပေါ်ကနေခိုင်းမှ၊ အပေါ်ကနေ လုပ်ပေးမှ လုပ်မယ်ဆိုတဲ့ စိတ်ရှိတယ်။ ဒီလိုလည်း မဖြစ်စေချင်ဘူး။ ဒီလိုတွေ ရှိပြီဆို ငါတို့ဒေသအတွက် ဘယ်လိုလုပ်မလဲ။ ဒီလိုတော့ သွားစေချင်တယ်။

ဒါက စပါး ဒီလိုပဲနေကြာ။ နေကြာမှာဆိုရင် ဒေသအထွက်ကောင်းမျိုးရှိတယ်။ စပ်မျိုးရှိတယ်။ နှစ်မျိုးရှိတယ်။ အခုကျွန်တော်ကြည့်တယ်။ စပ်မျိုးကတော့ တစ်ဧကကို တင်း ၅၀ လောက်ထွက်တယ်။ ဒေသမျိုးကတော့ ၂၅၊ ၂၆ လောက် ပတ်ဝန်းကျင် ထွက်တယ်။ ဒေသအထွက်ကောင်းမျိုးတွေပေ့ါ။ ဒါဖြင့် ကျွန်တော်တို့က စပ်မျိုးရအောင် ပြောင်းရမယ်။ ဘယ်လိုပြောင်းမလဲ ဒီဟာကို။ အစည်းအဝေးလုပ်နေလို့မပြီးဘူးလေ။ အကောင်အထည်ဖော်ဖို့ လိုတယ်။ မျိုးတွေ၊ မျိုးဘယ်လိုရအောင်လုပ်မလဲ။ ဘယ်လိုနည်းနဲ့ရှာမလဲ။ နိုင်ငံတော်က ဆောင်ရွက်ရမယ်။ ဟုတ်ပြီ နိုင်ငံတော်ကဆို ဘယ်လိုလုပ်မလဲ။ ဒီဟာကို။ ပုဂ္ဂလိကကလုပ်။ ပုဂ္ဂလိကဆို ဘယ်လိုပေးမလဲ။ အရေးကြီးတာတော့ လက်တွေ့ပြနိုင်ဖို့လိုတယ်”**ဟု ပြောကြားသည်။

ဆက်လက်ပြောကြားရာတွင် နိုင်ငံအတွက် အဓိကကျသည့် စိုက်ပျိုးရေးလုပ်ငန်းတွင် မိမိတို့အနေဖြင့် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် လိုအပ်နေသည်ကို ထောက်ပြခြင်းပင်ဖြစ်ကြောင်း၊ ရေမြေသဘာဝအပေါ်မူတည်၍ မိမိတို့ဒေသနှင့်ကိုက်ညီသည့် ရာသီသီးနှံများကို စိုက်ပျိုးရန်လိုကြောင်း၊ မြစ်ရေတင်စီမံကိန်းများကိုလည်း နေရောင်ခြည်စွမ်းအင်သုံး ဆိုလာမီးကို အသုံးပြုဆောင်ရွက်၍ရကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်မည်ဆိုပါက ရေရှားပါးသည့်ဒေသများဖြစ်သည့် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် နွေရာသီ၌ပါ စိုက်ပျိုးရေးလုပ်ငန်းကို ဆောင်ရွက်၍ရကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားအားထုတ်မှုများ ပြုလုပ်ရန်လိုကြောင်း။

**လျှပ်စစ် စီမံကိန်းများ အမြန်ပြီးစီးရေး**

**လျှပ်စစ်မီးလိုအပ်ချက်နှင့်ပတ်သက်၍** ဒီဇယ်ဆီကို အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲလျက်ရှိသည့် ဒေသများတွင် ဒေသအလိုက် လျှပ်စစ်မီးရရှိရေးအတွက် နေ့ပိုင်းတွင် အသုံးပြုနိုင်ရန် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့ဒေသအလိုက် စီမံဆောင်ရွက်သွားကြရန်လိုကြောင်း၊ နေရောင်ခြည်ကောင်းစွာရရှိသည့် ဒေသများတွင်လည်း နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်သုံးစွဲခြင်းဖြင့် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားရယူသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်မည်ဆိုပါက လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် အသုံးပြုသည့် ရေနှင့်ဂက်စ်များ ပိုလျှံလာမည်ဖြစ်ပြီး ညပိုင်းလိုအပ်ချက် ပိုမိုထုတ်လုပ်နိုင်ခြင်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများနှင့် စက်ရုံအလုပ်ရုံများတွင် အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားသည် စက်မှုလုပ်ငန်းများ၊ ပို့ဆောင်ရေးလုပ်ငန်းနှင့် လူမှုကိစ္စများတွင် များစွာအသုံးပြုနေရကြောင်း၊ စက်သုံးဆီများ မြောက်မြားစွာ အသုံးပြု၍ ဆောင်ရွက်ရသည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ စီမံကိန်းလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများလည်း များစွာရှိကြောင်း၊ အဆိုပါသယ်ယူပို့ဆောင်ရေးသုံး စက်သုံးဆီများနေရာတွင် လျှပ်စစ်ဓာတ်အားများဖြင့် အစားထိုးနိုင်ရေး နည်းလမ်း၊ စက်သုံးဆီဖူလုံအောင် ဆောင်ရွက်သည့် နည်းလမ်း၊ ပိုလျှံအောင်ပြုလုပ်ရသည့် နည်းလမ်းများကို ရှာဖွေဆောင်ရွက်ရန်လိုကြောင်း၊ လက်တလောဖြေရှင်းရာတွင် ဆိုလာမီးများဖြင့် အစားထိုးဆောင်ရွက်ခြင်း၊ ဒုတိယနည်းလမ်းမှာ နောင်နှစ်နှစ်၊ သုံးနှစ်ခန့်တွင် ပြီးစီးလာမည့် စီမံကိန်းများဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းများ အမြန်ဆုံး ပြီးစီးစေရန်အတွက် ဆောင်ရွက်ရန်လိုကြောင်း။

> **❍ ဒီဇယ်ဆီကို အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲလျက်ရှိသည့် ဒေသများတွင် ဒေသအလိုက် လျှပ်စစ်မီးရရှိရေးအတွက် နေ့ပိုင်းတွင် အသုံးပြုနိုင်ရန် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ကြစေလို**
>
> **❍ နေရောင်ခြည်ကောင်းစွာရရှိသည့် ဒေသများတွင်လည်း နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်သုံးစွဲခြင်းဖြင့် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အား ရယူသုံးစွဲမှုကို လျှော့ချနိုင်မည်**
>
> **❍ ထိုသို့ ဆောင်ရွက်မည်ဆိုပါက လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် အသုံးပြုသည့် ရေနှင့် ဂက်စ်များ ပိုလျှံလာမည်ဖြစ်ပြီး ညပိုင်းလိုအပ်ချက် ပိုမိုထုတ်လုပ်နိုင်ခြင်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများနှင့် စက်ရုံအလုပ်ရုံများတွင် အသုံးပြုနိုင်မည်**

> **❍ ကျွန်တော်တို့က အထွက်နှုန်းနဲ့ပတ်သက်ရင် တစ်အချက် မြေကိုအကျိုးရှိရှိ လုပ်ဖို့ရှိတယ်။ နှစ်အချက်ကတော့ အထွက်ကောင်းအောင် လုပ်ဖို့ရှိတယ်။ မျိုးမကောင်းဘူးဆိုရင် မျိုးကောင်းအောင် ကျွန်တော်တို့ လုပ်ရမယ်။ ဒါစိုက်ပျိုးရေးသုတေသနက လုပ်နေတယ်။ ဒါပေမယ့် စိုက်ပျိုးရေးသုတေသနက သုတေသနရလဒ်ကိုပဲ သူတို့က မျိုးလုပ်လိုက်တာ။ ကျွန်တော်တို့ စီးပွားဖြစ်ပေါ့။ တစ်နိုင်ငံလုံး ပျမ်းမျှစပါးဧက ခုနကပြောတဲ့ ၁၅ သန်းရှိတယ်။ မိုးစပါး စိုက်တာ။ ဒီမှာ စပါးမျိုးပေါင်းများစွာရှိတယ်။ အဲဒီထဲကနေ ရွေးထုတ်ပြီးတော့မှ မျိုးကောင်း ဥပမာအားဖြင့် ပြည်နယ်နဲ့တိုင်းတစ်ခုမှာ နှစ်မျိုးပဲထား၊ ဥပမာအားဖြင့် ၂၈ မျိုး၊ နေပြည်တော်ပါရင် ၃၀၊ မျိုးပေါင်း ၃၀။ အဲ့ဒီမျိုးပေါင်း ၃၀ ကို တကယ့်ကို အားလုံးလွှမ်းခြုံနိုင်အောင် ထုတ်ပေးနိုင်ဖို့ စီမံရမှာပေါ့။ သုတေသနပြုရုံနဲ့မရဘူး။ တွေ့ရှိချက်တစ်ခုနဲ့မရဘူး။ ဒါနောက်က ဘယ်လို အကောင်အထည်ဖော်မလဲ။ ဒီလို သွားရမှာပေါ့။**

စာမျက်နှာ ၄ သို့ ✪

✪ စာမျက်နှာ ၃ မှ

### ပို့ကုန်တိုးမြှင့်ရေးဆောင်ရွက်

**ပို့ကုန်နှင့်ပတ်သက်၍ ပြောကြားရာတွင်** စိုက်ပျိုးရေးထုတ်ကုန်များကို စနစ်တကျထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့နိုင်မည်ဆိုပါက နိုင်ငံတော်အတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ ထိုသို့တင်ပို့နိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တာဝန်ရှိသူများအားလုံး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ သွင်းကုန်များကိုလည်း ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ သွင်းကုန်နှင့်ပတ်သက်၍ ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ ပို့ကုန်တိုးမြှင့်အောင်ဆောင်ရွက်၍ အဓိကသွင်းကုန်များဖြစ်သည့် စားသုံးဆီနှင့် စက်သုံးဆီ တင်သွင်းမှုများကို တတ်နိုင်သမျှ လျှော့ချရန်လိုကြောင်း။

### ကိုဗစ်-၁၉ ကာကွယ်ဆေး ရာနှုန်းပြည့် ထိုးနှံပြီးစီးရမည်

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့်ပတ်သက်၍** မိမိတို့အနေဖြင့် ယခင်နှစ် ဒီဇင်ဘာ ၃၁ ရက်အထိ ၅၀ ရာခိုင်နှုန်းပြည့်မီအောင် ထိုးနှံပေးနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ ဖြစ်နိုင်ခြေကို အနီးစပ်ဆုံးဖြစ်အောင် သုတေသနပြု တွက်ချက်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၅၀ ရာခိုင်နှုန်း မျှော်မှန်းဆောင်ရွက်ခဲ့ခြင်းဖြစ်သော်လည်း အမှန်တကယ် လုပ်ဆောင်မည်ဆိုပါက ၆၀ ရာခိုင်နှုန်းကျော်သည်အထိ ပြီးစီးအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တစ်နေ့လျှင် ကာကွယ်ဆေးထိုးနှံမှု နှစ်သိန်းခွဲရှိပြီး သုံးသိန်းနီးပါး ထိုးနှံနိုင်ခဲ့သည့်နေ့များ ရှိခဲ့ကြောင်း၊ ထိုနှုန်းအတိုင်းသာ ဆက်လက်ထိုးနှံမည်ဆိုပါက ယခုနှစ် ဖေဖော်ဝါရီလနှင့် မတ်လအတွင်း၌ ကာကွယ်ဆေးထိုးနှံမှုကို ရာနှုန်းပြည့်ပြီးစီးသည်အထိ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး လူတိုင်းကာကွယ်ဆေးထိုးနှံပြီးစီးမည်ဖြစ်ကြောင်း၊ သို့သော်လည်း အချို့ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဆေးထိုးနှံမှု၌ လိုအပ်ချက်များ ရှိနေသေးသည်ကိုတွေ့ရှိရပြီး အကြွင်းဖက်သောင်းကျန်းသူများ ရှိနေသည့် နယ်မြေများမှလွဲ၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြီးစီးအောင် ဆောင်ရွက်နိုင်မည့် အခြေအနေများရှိကြောင်း၊ ကာကွယ်ဆေးထိုးနှံထားမှသာလျှင် ရောဂါဖြစ်ပွားမှုကို အတိုင်းအတာတစ်ခုအထိ ကာကွယ်ပေးနိုင်မည်ဖြစ်သောကြောင့် ဒေသအလိုက် လုံခြုံရေးအစီအမံများဆောင်ရွက်ပြီး ကာကွယ်ဆေးထိုးနှံမှုကို လုပ်ဆောင်သွားနိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း။

### စီမံခန့်ခွဲမှု၌ ဒေသနှင့် ကိုက်ညီသည့် အုပ်ချုပ်မှုပုံစံ

**စီမံခန့်ခွဲမှုနှင့်ပတ်သက်၍** အစိုးရအဖွဲ့များအနေဖြင့် နိုင်ငံတော်ကို စီမံခန့်ခွဲဆောင်ရွက်ရာတွင် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့၏ လုပ်ပိုင်ခွင့်ကိုအသုံးချ၍ ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကြပ်ကြပ်မတ်မတ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပြီး လုပ်ပိုင်ခွင့်ကို အသုံးချ၍ အမြတ်ထုတ် ဆောင်ရွက်ခြင်းများ မဖြစ်ရန်လိုကြောင်း၊ တိုင်းပြည်ကောင်းစားရေးအတွက်ကိုသာ ရှေးရှုဆောင်ရွက်ကြစေလိုပြီး နိုင်ငံရေးကင်းရှင်းရန်လိုအပ်မည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လုံခြုံရေး၊ နိုင်ငံရေးအမြင်များ ရှိရန်လိုကြောင်း၊ အမြင်လေးမျိုးဖြင့် အဘက်ဘက်မှသုံးသပ်၍ တွေးခေါ်မြော်မြင်စဉ်းစား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများသည် အစိုးရအဖွဲ့၏ မူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ရည်မှန်းချက်များကို အောင်မြင်အောင် အကောင်အထည်ဖော်ရန် ကွပ်ကဲဆောင်ရွက်ရန်ဖြစ်ပြီး ဝန်ကြီးချုပ်များအနေဖြင့်လည်း မိမိတို့ဒေသနှင့် ကိုက်ညီသည့် အစီအမံများ၊ ကွပ်ကဲအုပ်ချုပ်မှုပုံစံများဖြင့် ဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ကြောင်း၊ မိမိတို့အုပ်ချုပ်ဆောင်ရွက်နေရသည့် အချိန်ကာလအတွင်း နိုင်ငံတော်ကို ကောင်းအောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် မှတ်တမ်းကောင်းများ ကျန်ရှိရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

### အသုံးစရိတ်များ ချွေတာသုံးစွဲ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာနများအနေဖြင့် ဌာနပိုင်မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံ၊ လုပ်ငန်းများအား ပုဂ္ဂလိကသို့ ငှားရမ်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ မူလစာချုပ်ပါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိ၊ စည်းကမ်းဖောက်ဖျက်မှု ရှိ/မရှိ ပြန်လည်စိစစ် ကြပ်မတ်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ အသုံးစရိတ်များနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနများအလိုက် တတ်နိုင်သမျှ ချွေတာသုံးစွဲကြရန်အတွက် တာဝန်ရှိသူများကလည်း ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ယင်းသို့ ချွေတာသုံးစွဲခြင်းဖြင့် ကုန်ဈေးနှုန်း ကြီးမြင့်မှုကို တစ်ဖက်တစ်လမ်းမှ ထိန်းသိမ်းနိုင်မည်ဖြစ်ပြီး လုပ်ငန်းများ အမှန်တကယ် တိုးတက်မှုရှိအောင် လုပ်ဆောင်သွားကြရန် လိုအပ်ကြောင်း။

- **၂၀၂၂ ခုနှစ် မေလတွင် တက္ကသိုလ်များ၊ သင်တန်းများအားလုံး ပြန်လည်ဖွင့်လှစ်သွားမည်၊ ယင်းသို့ဖွင့်လှစ်ချိန်တွင် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအားလုံး တက်ရောက်ကြရမည်**
- **တက္ကသိုလ်တက်ရောက်မည့် ကျောင်းသား ကျောင်းသူများအား ကျောင်းမတက်ရန် ခြိမ်းခြောက်မှုမျိုးစုံရှိလာနိုင်သဖြင့် တာဝန်ရှိသူများအနေဖြင့် လုံခြုံရေးကိစ္စရပ်များ ဆောင်ရွက်ပေးနိုင်ရေး ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်ထား**

### တက္ကသိုလ်များ ပြန်ဖွင့်မည်

၂၀၂၂ ခုနှစ် မေလတွင် တက္ကသိုလ်များ၊ သင်တန်းများအားလုံး ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ယင်းသို့ဖွင့်လှစ်ချိန်တွင် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအားလုံး တက်ရောက်ကြရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်တက်ရောက်မည့် ကျောင်းသား ကျောင်းသူများအား ကျောင်းမတက်ရန် ခြိမ်းခြောက်မှုမျိုးစုံရှိလာနိုင်သဖြင့် တာဝန်ရှိသူများအနေဖြင့် လုံခြုံရေးကိစ္စရပ်များ ဆောင်ရွက်ပေးနိုင်ရေး ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်ထားရှိရန် လိုကြောင်း။

### သင်္ကြန်ပွဲတော်ကျင်းပနိုင်ရေး

ကိုဗစ်-၁၉ ရောဂါကို အတိုင်းအတာတစ်ခုအထိ ထိန်းသိမ်းနိုင်ပြီဖြစ်သဖြင့် ယခုနှစ်သင်္ကြန်ပွဲတော်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကျင်းပပြုလုပ်ရန် ခွင့်ပြုထားပြီးဖြစ်ကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့်လည်း သင်္ကြန်ပွဲတော်ကျင်းပရာတွင် လုံခြုံရေးအသိဖြင့် ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပဆောင်ရွက်သွားရန်လိုကြောင်း၊ အဖျက်အမှောင့်လုပ်ငန်းများသည် ကြိုတင်ခန့်မှန်း၍မရနိုင်သည့်အတွက် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် လုံခြုံရေးအဖွဲ့များ စနစ်တကျပူးပေါင်း ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်း လျော့ကျသွားပြီးဖြစ်သော်လည်း ပေါ့ဆ၍မရဘဲ သတိဝီရိယဖြင့် နေထိုင်သွားကြရန်လိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် သတ်မှတ်ရာခိုင်နှုန်းပြည့်မီအောင် ထိုးနှံပေးနိုင်ရေးအတွက် သက်ဆိုင်ရာဒေသ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများအနေဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

- **ကိုဗစ်-၁၉ ရောဂါကို အတိုင်းအတာတစ်ခုအထိ ထိန်းသိမ်းနိုင်ပြီဖြစ်သဖြင့် ယခုနှစ်သင်္ကြန်ပွဲတော်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကျင်းပပြုလုပ်ရန် ခွင့်ပြုထားပြီးဖြစ်**
- **ဝန်ကြီးဌာနများအနေဖြင့်လည်း သင်္ကြန်ပွဲတော်ကျင်းပရာတွင် လုံခြုံရေးအသိဖြင့် ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပဆောင်ရွက်သွားရန်လို**
- **အဖျက်အမှောင့်လုပ်ငန်းများသည် ကြိုတင်ခန့်မှန်း၍မရနိုင်သည့်အတွက် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် လုံခြုံရေးအဖွဲ့များ စနစ်တကျပူးပေါင်း ဆောင်ရွက်သွားကြရန်လို**
- **မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း လျော့ကျသွားပြီးဖြစ်သော်လည်း ပေါ့ဆ၍မရဘဲ သတိဝီရိယဖြင့် နေထိုင်သွားကြရန်လို**

**သတင်းစဉ်**

## မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ချောမွေ့သောကုန်သွယ်မှုမြှင့်တင်ရေး လုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ် အစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၃၀

မြန်မာနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရနှင့် တရုတ်နိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အာရှရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် Mr. Yang Weiqun တို့ ဦးဆောင်၍ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ချောမွေ့သော ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းအဖွဲ့၏ ဒုတိယ အစည်းအဝေးကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် Virtual စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေး၊ ကုန်စည်ရှင်းလင်းရေး၊ အကောက်ခွန်ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ့လယ်ယာထွက်ကုန်များ၊ သစ်သီးဝလံများ၊ ရေထွက်ကုန်များတိုးမြှင့်တင်ပို့နိုင်ရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ဆောင်ရွက်လျက်ရှိသည့် SPS ဆိုင်ရာ သဘောတူစာချုပ်များ လက်မှတ်ရေးထိုးနိုင်ရေးနှင့် မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ဘဏ်လုပ်ငန်းဆိုင်ရာဆောင်ရွက်မှုများ ပိုမိုလျင်မြန်ချောမွေ့စေရေးဆိုင်ရာကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် ကပ်ရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများ၊ နယ်စပ်ဒေသများတွင် ဘိန်းအစားထိုးသီးနှံနှင့်ပတ်သက်၍ နှစ်နိုင်ငံအကြား ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ကုန်သွယ်မှုတိုးမြှင့်နိုင်ရေးအတွက် ကုန်စည်ပြပွဲများတွင် ပါဝင်ကျင်းပနိုင်ရေးနှင့် Transit Trade ဆိုင်ရာကိစ္စရပ်များကို အသေးစိတ် ဆွေးနွေးခဲ့ကြသည်။



အစည်းအဝေးသို့မြန်မာနိုင်ငံဘက်မှ သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များ၊ ပေကျင်း၊ ကူမင်း၊ နန်နင်းမြို့တို့ရှိ မြန်မာစီးပွားရေးသံမှူးများပါဝင်သော ကိုယ်စားလှယ်များ၊ တရုတ်နိုင်ငံဘက်မှ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အာရှရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Yang Weiqun နှင့် တရုတ်နိုင်ငံ GACC ဌာန၊ ယူနန်ပြည်နယ်ကုန်သွယ်ရေးဌာနနှင့် ရန်ကုန်မြို့ရှိ တရုတ်နိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. Tan Shufu နှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းအပါအဝင် လုပ်ငန်းသစ် ခုနစ်ခု ခွင့်ပြု

နေပြည်တော် မတ် ၂၀

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၂/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ရုံးအမှတ် (၁၈)၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၌ ကျင်းပရာ အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့် ကော်မရှင် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။



အစည်းအဝေးမှ ဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၂ ခု၏ မတည်ငွေရင်း တိုးမြှင့်ခြင်းအပါအဝင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍတို့မှ လုပ်ငန်းသစ်ခုနစ်ခုကို ခွင့်ပြုခဲ့သည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ ၈၅ ဒသမ ၇၅၉ သန်းနှင့် ငွေကျပ် သန်း ၄၃၃၂၇ ဒသမ ၄၅၅ ရှိပြီး ပြည်တွင်းလုပ်သား များအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၃၅၅၃ နေရာကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

**လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းပါဝင်**

ယနေ့အစည်းအဝေးက ခွင့်ပြုခဲ့သောလုပ်ငန်းများတွင် တည် ဆောက်ရေးကာလ ခြောက်လအတွင်း မဂ္ဂါဝပ် ၂၀ နေရောင်ခြည် စွမ်းအင်သုံးဓာတ်အားပေးစက်ရုံတည်ဆောက်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းလည်း ပါဝင်သည်။

၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ မြန်မာ နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမှုအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၄၈ ခုက စုစုပေါင်း အမေရိကန်ဒေါ်လာ ၆၈၄ ဒသမ ၆၈၆ သန်းဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုအနေဖြင့် လုပ်ငန်း ၃၈ ခုက စုစုပေါင်း ငွေကျပ် ၄၆၈၃၉၃ ဒသမ ၅၂၈ သန်းဖြင့် လည်းကောင်း ခွင့်ပြုခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၄၂၈၈၀ ဖန်တီးပေးနိုင်ခဲ့သည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ပဉ္စမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်

## ဘင်းမ်စတက်ဖွဲ့စည်းပုံအသစ်အရ မြန်မာနိုင်ငံအနေဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေးကဏ္ဍ၌ ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူမည်

နေပြည်တော် မတ် ၂၀

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ယနေ့နံနက်ပိုင်းတွင် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၌ Hybrid စနစ်ဖြင့် ကျင်းပသည့် ပဉ္စမအကြိမ်မြောက် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်မှ ဗီဒီယို ကွန်ဖရင့်စနစ်ဖြင့် တက်ရောက်သည်။

အစည်းအဝေးသို့ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံ များဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ နီပေါ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံ့ ခေါင်းဆောင်များနှင့် ဘင်းမ်စတက် အတွင်းရေးမှူး ချုပ်တို့ တက်ရောက်သည်။





ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ပဉ္စမအကြိမ်မြောက် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးသို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်စဉ်။

အစည်းအဝေးတွင် ဘင်းမ်စတက်အလှည့်ကျ ဥက္ကဋ္ဌ သီရိလင်္ကာနိုင်ငံမှ သမ္မတဂိုတာဘာယာ ရာဂျာပက်ဆာ (H.E. Gotabaya Rajapaksa) က အဖွင့်မိန့်ခွန်းပြောကြားခဲ့ပြီး အခြားဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများမှ တက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက မိန့်ခွန်းများ ပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က မိန့်ခွန်းပြောကြားရာတွင် ယနေ့ထိပ်သီးအစည်း အဝေးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား ပါဝင်တက်ရောက်ရသည့်အတွက် ဂုဏ်ယူမိကြောင်း၊ ယခုပဉ္စမအကြိမ်မြောက် ဘင်းမ် စတက်ထိပ်သီးအစည်းအဝေးသည် ဘင်းမ်စတက် ပဋိညာဉ်စာတမ်းနှင့် အခြားအရေးကြီးသော သဘော တူညီချက်များ လက်မှတ်ရေးထိုးနိုင်ခြင်းဖြင့် သမိုင်း တွင်မည့် မှတ်တိုင်တစ်ရပ်ကို စိုက်ထူနိုင်သည်ဖြစ်ရာ အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်ပေးခဲ့သည့် အိမ်ရှင် သီရိလင်္ကာနိုင်ငံကို ချီးကျူးဂုဏ်ပြုကြောင်း၊ ယခုကဲ့သို့ ဘင်းမ်စတက်ပဋိညာဉ်စာတမ်းကို အတည် ပြုလက်မှတ် ရေးထိုးနိုင်ခြင်းသည် ဘင်းမ်စတက်အဖွဲ့ ကြီးအား စည်းမျဉ်းစည်းကမ်းကို အခြေပြုသည့် အဖွဲ့ အစည်းအဖြစ်သို့ ရောက်ရှိစေခဲ့ကြောင်း၊ ဘင်းမ် စတက်ပဋိညာဉ်စာတမ်းသည် အချုပ်အခြာအာဏာ တန်းတူရည်တူရှိမှု၊ ပြည်တွင်းရေး ဝင်ရောက်မစွက် ဖက်မှု၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်မှု၊ အပြန် အလှန်လေးစားမှုနှင့် တူညီဆန္ဒအပါအဝင် လက်ရှိ ကျင့်သုံးလျက်ရှိသည့် ဘင်းမ်စတက်၏ မူဝါဒများကို ထပ်လောင်းအတည်ပြုထားကြောင်း၊ အချုပ်အခြာ အာဏာတန်းတူရည်တူရှိမှုဆိုင်ရာ မူဝါဒသည် အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရာ၌ အပြန်အလှန် စိတ်ချယုံကြည်မှုနှင့် အပြန်အလှန် နားလည်ပေးနိုင်မှုကို တိုက်ရိုက်ချိတ်ဆက်ဖြစ်ပေါ် စေကြောင်း၊ ကမ္ဘာ့စီးပွားရေးကျဆင်းနေချိန်တွင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံခုနစ်နိုင်ငံ၏ စုစည်း ညီညွတ်မှုဖြင့် “ဒေသတွင်း ကြံ့ကြံ့ခံနိုင်စွမ်းရှိမှု” ကို အခိုင်အမာတည်ဆောက်နိုင်လိမ့်မည်ဟု ယုံကြည်မိ ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အကြမ်း ဖက်မှုဝါဒသည် လူသားမျိုးနွယ်စု အားလုံးအတွက် လက်မခံနိုင်သည့်ကိစ္စ ဖြစ်ကြောင်း၊ မည်သူကဖြစ်စေ၊ မည်သည့်နေရာတွင်ဖြစ်စေ၊ မည်သည့်အတွက် ကြောင့်ဖြစ်စေ လုပ်ဆောင်လာသည့် အကြမ်းဖက်မှု ဟူသမျှကို မလွဲမသွေရှုတ်ချရမည်ဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ ဘင်းမ်စတက်၏ “အပြည်ပြည်ဆိုင်ရာ အကြမ်းဖက်မှု၊ နိုင်ငံဖြတ်ကျော် အုပ်စုဖွဲ့မှုခင်းနှင့် မူးယစ်ဆေးဝါး တရားမဝင် ရောင်းဝယ်ဖောက်ကား မှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကွန်ဗင်းရှင်း” သက်ဝင်လာခြင်းနှင့် ယခုထိပ်သီး အစည်းအဝေးတွင် “ရာဇဝတ်မှုခင်းဆိုင်ရာ ကိစ္စရပ် များ၌ ဥပဒေပိုင်းဆိုင်ရာ အပြန်အလှန် အကူအညီပေး မှု ဘင်းမ်စတက် ကွန်ဗင်းရှင်း” ကို လက်မှတ်ရေးထိုး နိုင်မှုတို့ကို ကြိုဆိုကြောင်း၊ လာမည့်အလှည့်ကျ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့် ထိုင်းနိုင်ငံ ကိုလည်း ဂုဏ်ယူကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ် ကြောင်း ပြောကြားသည်။

ယင်းနောက် ပဉ္စမအကြိမ်မြောက် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးသို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်သည့် အဖွဲ့ဝင်နိုင်ငံအကြီးအကဲများက ဘင်းမ်စတက်ပဋိညာဉ်စာတမ်းကို လက်မှတ် ရေးထိုးကြပြီး လက်မှတ်ရေးထိုးထားသည့် စာမျက်နှာ ကို တီဗွီဖန်သားပြင်တွင် ပြသသည်။ နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လက်မှတ်ရေးထိုး ထားသည့် စာမျက်နှာကို အခြားအဖွဲ့ဝင်နိုင်ငံများမှ အကြီးအကဲများ ပြသချိန်တွင် တစ်ပြိုင်တည်း ပြသ ခဲ့သည်။

အဆိုပါ ထိပ်သီးအစည်းအဝေးတွင် ရာဇဝတ် မှုခင်းဆိုင်ရာကိစ္စရပ်များ၌ ဥပဒေပိုင်း အပြန်အလှန် အကူအညီပေးမှုဆိုင်ရာ ဘင်းမ်စတက်ကွန်ဗင်းရှင်း၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၏ သံတမန် သင်တန်းကျောင်းများအကြား ပူးပေါင်းဆောင်ရွက် ရေး နားလည်မှုစာချွန်လွှာနှင့် ဘင်းမ်စတက် နည်းပညာလွှဲပြောင်းရေး အဆောက်အအုံတည်ထောင် ရေး နားလည်မှုစာချွန်လွှာတို့ကိုလည်း အတည်ပြု လက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါသဘောတူညီ ချက်သုံးခုကို မြန်မာနိုင်ငံကိုယ်စား သီရိလင်္ကာနိုင်ငံ ဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဟန်သူက ကိုလံဘို မြို့၌ ကိုယ်တိုင်တက်ရောက်လက်မှတ်ရေးထိုးသည်။

အဆိုပါအစည်းအဝေးတွင် ဘင်းမ်စတက် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများနှင့် ကဏ္ဍခွဲများ ပြင်ဆင်သတ်မှတ်သည့် လုပ်ငန်းစဉ်နှင့် ဘင်းမ်စတက် ပို့ဆောင်ဆက်သွယ်မှုမြှင့်တင်ရေး စီမံချက်တို့ကို အတည်ပြုခဲ့သည်။ ဘင်းမ်စတက်ဖွဲ့စည်းပုံအသစ်အရ မြန်မာနိုင်ငံအနေဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေးကဏ္ဍ၌ ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူမည်ဖြစ်သည်။

အစည်းအဝေးတွင် သီရိလင်္ကာနိုင်ငံသမ္မတ ဂိုတာဘာယာ ရာဂျာပက်ဆာက ဘင်းမ်စတက် ဥက္ကဋ္ဌရာထူးကို အလှည့်ကျနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံမှ ဝန်ကြီးချုပ် ပရာယုဒ်ချန်အိုချာ (H.E. General Prayut Chan-o-cha (Retd) )ထံသို့ လွှဲပြောင်းပေးအပ်သည်။

အစည်းအဝေးအပြီးတွင် ပဉ္စမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး ကြေညာ စာတမ်းကို အဖွဲ့ဝင်နိုင်ငံအားလုံး၏ သဘောတူညီ ချက်ဖြင့် ထုတ်ပြန်နိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး(YMBA)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားကြေညာချက် ထုတ်ပြန်

**ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး(YMBA) ဗဟို**
**၁၃၈၃ ခုနှစ် တပေါင်းလပြည့်ကျော် (၁၄ ) ရက်**
**၂၀၂၂ ခုနှစ် မတ်လ(၃၀) ရက်**

ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (YMBA)သည် ၁၉၀၆ ခုနှစ်မှ စတင်တည်ထောင်ခဲ့သော မြန်မာ့လွတ်လပ်ရေးရှေ့ဆောင်အသင်းကြီးဖြစ်သည်။ မြန်မာပြည်တစ်ဝန်းလုံး (၃၈) ဖြာမင်္ဂလာတရားတော်များ ပြန့်ပွားအောင် ဆောင်ရွက်နေသောအသင်းကြီး ဖြစ်သည်။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသူ နိုင်ငံသူ၊ နိုင်ငံသားအပေါင်းတို့သည် ယခင်က မေတ္တာတရားကြီးမားပြီး အေးချမ်းတည်ငြိမ်မှုကို အလွန်လိုလားသူများဖြစ်သည်။

ယခုအခါ ပြည်တွင်း၊ ပြည်ပ မသမာသူအဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် ပြည်တွင်းတည်ငြိမ်အေးချမ်းမှုကို ဖျက်ဆီးနေသော အမည်ခံအမျိုးမျိုးဖြင့် (PDF )သောင်းကျန်းသူအဖွဲ့အစည်းများသည် ဘုရားစေတီကျောင်းကန်များနှင့် ရဟန်းရှင်လူအပြစ်မဲ့ပြည်သူများနှင့် အစိုးရဝန်ထမ်းများ၊ ဆရာ၊ ဆရာမများအား သတ်ဖြတ်နေခြင်း၊ ခရီးသွားပြည်သူများအား မိုင်းခွဲဖျက်ဆီးခြင်းများ၊ အနိုင်ကျင့်မှုများအား နေ့စဉ်နှင့်အမျှ တွေ့ရှိနေရပါသည်။

ထိုသို့ ပြည်တွင်းတည်ငြိမ်အေးချမ်းမှုကို ဖျက်ဆီးနေသော (PDF)နှင့် မည်သည့် အကြမ်းဖက်အဖွဲ့အစည်းမဆို ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (YMBA)က ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားကြေညာချက်ထုတ်ပြန်လိုက်သည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (YMBA) (ဗဟို)**

# မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)က အကြမ်းဖက်လုပ်ဆောင်မှုများကို ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်

**မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)**
**အကြမ်းဖက်လုပ်ဆောင်မှုများကို ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ချက်**
**၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်**
**၂၀၂၂ ခုနှစ်၊ မတ်လ ၃၀ ရက်**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ရေမြေတောတောင် သဘာဝအလှရှုခင်းများ၊ သမိုင်းဝင်အမွေအနှစ် အဆောက်အအုံများဖြင့် တင့်တယ်လှပလျက်ရှိသော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ထို့ကြောင့် ပြည်တွင်းခရီးသွားများသာမက ပြည်ပခရီးသွားများကပါ စဉ်ဆက်မပြတ် လာရောက်လေ့လာလျက်ရှိသော နိုင်ငံတစ်နိုင်ငံအဖြစ် တည်ရှိခဲ့ခြင်းဖြစ်ပါသည်။

၂။ ခရီးသွားလုပ်ငန်းသည် နိုင်ငံ့ဝင်ငွေတိုးတက်ရရှိစေရန် အထောက်အကူပြုသည့် လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်ဟု ပါရှိပါသည်။ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကိုဗစ်-၁၉ ကာလအတွင်း ထိခိုက်ခဲ့သည့် ပြည်တွင်းပြည်ပခရီးသွားလုပ်ငန်းများ ပြန်လည်တိုးတက်ကောင်းမွန်စေရန်နှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးကို ပိုမိုကျယ်ပြန့်စွာဆောင်ရွက်လျက်ရှိကြောင်းကို သိရှိရပါသည်။

၃။ ပြည်တွင်းပြည်ပခရီးသွားများအား သတင်းမီဒီယာများမှတစ်ဆင့် ဖိတ်ခေါ်နိုင်ရန်အတွက် ပြည်တွင်းပြည်ပခရီးသွားများ စိတ်ဝင်စားသည့် အထင်ကရနေရာများအနက်မှ တစ်ခုဖြစ်သော မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ သမိုင်းဝင်ဂုတ်ထိပ်တံတားသို့ နိုင်ငံကျော် အနုပညာရှင်များ ပါဝင်သည့် အဖွဲ့တစ်ဖွဲ့ကို ပို့ဆောင်၍ မှတ်တမ်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

၄။ ထိုသို့ မှတ်တမ်းဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးရေး အနုပညာရှင်အဖွဲ့များ လိုက်ပါစီးနင်းလာသော မီးရထားစက်ခေါင်းအမှတ် DF-2078၊ ရထားအမှတ် DDUEZ 12370 လူစီးအထက်တန်းတွဲ နှစ်တွဲ၊ ရိုးရိုးတန်းတွဲ တစ်တွဲ၊ ဘရိတ်တွဲတစ်တွဲ ပါဝင်သည့် မီးရထားသည် ၂၉.၃.၂၀၂၂ ရက်နေ့တွင် ဂုတ်ထိပ်တံတားမှ ပြင်ဦးလွင်ဘူတာသို့ ပြန်လည်ထွက်ခွာခဲ့ရာ ဂန့်ဂေါနှင့် ဆင်လမ်းစုကျေးရွာအကြားသို့ မွန်းလွဲ ၃ နာရီ ၄၅ မိနစ်အချိန်အရောက်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက ရီမုတ်မိုင်းတစ်လုံးဖြင့် အဝေးမှ နှောင့်ယှက်ဖောက်ခွဲ တိုက်ခိုက်ခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ပါသည်။

၅။ ရေမြေသယံဇာတ တောတောင်သဘာဝအလှအပများ၊ သမိုင်းဝင်အထိမ်းအမှတ်များကို အကြောင်းပြု၍ နိုင်ငံတော်၏ ခရီးသွားလုပ်ငန်း မြှင့်တင်ရေးကို ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးကို တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်နေသည့် ယခုလိုအချိန်အခါကာလမျိုးတွင် အကြမ်းဖက်သမားများအနေဖြင့် အဖျက်အမှောင့်လုပ်ငန်းများအား နည်းလမ်းမျိုးစုံဖြင့်ဆောင်ရွက်ခြင်း၊ ယခုကဲ့သို့သော ဖောက်ခွဲတိုက်ခိုက်ဖျက်ဆီးမှုများကို လုပ်ဆောင်နေခြင်းတို့အား နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ပြည်သူများနှင့်အတူ မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဗဟို)က ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)**

# ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအသင်း(ဗဟို)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားကြေညာချက် ထုတ်ပြန်

**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအသင်း (ဗဟို)**
**၁၃၈၃ ခုနှစ် တပေါင်းလပြည့်ကျော် (၁၄) ရက်**
**၂၀၂၂ ခုနှစ် မတ်လ (၃၀) ရက်**

ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအသင်း (ဗဟို) သည် မြန်မာပြည်တွင်း နေထိုင်ကြသော ကိုးကွယ်မှုမတူညီသော လူ့ဘောင်အဖွဲ့အစည်းအား စည်းလုံးညီညွတ်စွာဖြင့် တစ်ဦးနှင့်တစ်ဦး ညီနောင်သားချင်းပမာ ချစ်ကြည်ရင်းနှီးစွာဖြင့် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေလိုက်နာနိုင်အောင် ဆောင်ရွက်နေသော အသင်းကြီးဖြစ်သည်။

ယခုအခါ ပြည်တွင်း၊ ပြည်ပ မသမာသူအဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် ပြည်တွင်းတည်ငြိမ်အေးချမ်းမှုကို ဖျက်ဆီးနေသောအမည်ခံအမျိုးမျိုးဖြင့် (PDF) သောင်းကျန်းသူ အဖွဲ့အစည်းများသည် အပြစ်မဲ့ပြည်သူများ၊ အစိုးရဝန်ထမ်းများ၊ ဆရာ၊ ဆရာမများအား သတ်ဖြတ်နေခြင်း၊ ခရီးသွားပြည်သူများအား မိုင်းခွဲဖျက်ဆီးခြင်းများ၊ အနိုင်ကျင့်မှုများအား နေ့စဉ်နှင့်အမျှတွေ့ရှိနေရပါသည်။

ထိုသို့ ပြည်တွင်းတည်ငြိမ်အေးချမ်းမှုကို ဖျက်ဆီးနေသော (PDF)နှင့် မည်သည့်အကြမ်းဖက်အဖွဲ့အစည်းမဆို ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအသင်း(ဗဟို)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားကြေညာချက် ထုတ်ပြန်လိုက်သည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအသင်း (ဗဟို)**

# မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သဘောထားထုတ်ပြန်ချက်

၁။ နိုင်ငံတော်အတွင်းရှိ ပြည်သူများ၏ စိတ်ဓာတ်အင်အားမြင့်မားရွှင်လန်းလာစေရေးအတွက် ရုပ်သံအစီအစဉ်များရိုက်ကူးရန် ပြင်ဦးလွင်မြို့သို့ မြန်မာ့မီးရထားဖြင့်သွားရောက်ခဲ့ကြသော အနုပညာရှင်များပါဝင်သည့်အဖွဲ့သည် မီးရထားဖြင့် ပြန်လည်ထွက်ခွာလာစဉ် ၂၀၂၂ ခုနှစ် မတ်လ ၂၉ ရက်နေ့ ညနေပိုင်းတွင် အကြမ်းဖက်သမားများက ရီမုတ်မိုင်းတစ်လုံးဖြင့် အဝေးမှဖောက်ခွဲတိုက်ခိုက်ခြင်းခံခဲ့ရပါသည်။

၂။ အဆိုပါဖြစ်စဉ်တွင် အနုပညာရှင်များနှင့် မီးရထားဝန်ထမ်းများထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရပါသည်။

၃။ အဆိုပါအကြမ်းဖက်သမားများ၏ လုပ်ဆောင်ချက်နှင့် အကြမ်းဖက်လုပ်ဆောင်မှုမှန်သမျှကို လုံးဝ(လုံးဝ) လက်မခံကန့်ကွက်ပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

# အကြမ်းဖက်တိုက်ခိုက်ခြင်းကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ကန့်ကွက်ရှုတ်ချခြင်း

၂၀၂၂ ခုနှစ်၊ မတ်လ ၂၉ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့အနီးတွင် မြန်မာ ပြည်တွင်း/ပြည်ပခရီးသွားလုပ်ငန်း မြှင့်တင်ရေးအတွက် ရုပ်မြင်သံကြားဇာတ်လမ်းရိုက်ကူးပြီး ပြန်လာကြသော အနုပညာရှင်အဖွဲ့သားများ အကြမ်းဖက်တိုက်ခိုက်ခြင်းခံခဲ့ရသည့်အကြောင်း ကြားသိရပါသည်။

အများပြည်သူများကို အစဉ်အလေးထားချစ်ခင်ကြသည့် အနုပညာရှင်များအား ယခုကဲ့သို့ နှောင့်ယှက်ခဲ့သော လုပ်ရပ်များအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအနေနှင့် ကန့်ကွက်ရှုတ်ချပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

# အနုပညာရှင်များစီးနင်းလိုက်ပါလာသည့် မီးရထားကို PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းခွဲတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်နှင့်ပတ်သက်၍ အသင်းအဖွဲ့အသီးသီးက ကန့်ကွက်ရှုတ်ချကြောင်း ထုတ်ပြန်ချက်များ ထုတ်ပြန်

နေပြည်တော် မတ် ၃၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကိုဗစ်-၁၉ ကာလအတွင်း ထိခိုက်ခဲ့သည့် ပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်းများ ပြန်လည်တိုးတက်ကောင်းမွန်စေရေးအတွက်ရည်ရွယ်၍ နိုင်ငံကျော် အနုပညာရှင်များပါဝင်သည့် အဖွဲ့တစ်ဖွဲ့ကို ပြည်တွင်းရှိ အထင်ကရနေရာများသို့ လိုက်လံပို့ဆောင်ပေးလျက်ရှိရာ မတ် ၂၉ ရက်တွင် မှတ်တမ်းဓာတ်ပုံဗီဒီယိုများ ရိုက်ကူးပြီး ဂုတ်ထိပ်တံတားမှ ပြင်ဦးလွင်မြို့သို့ မြန်မာ့မီးရထား စက်ခေါင်းအမှတ် DF – 2078 ရထားအမှတ် DDUEZ 12370ဖြင့်ပြန်လည်ထွက်ခွာလာသည့် အနုပညာရှင်များပါဝင်သည့်အဖွဲ့ကို PDF အမည်ခံ အကြမ်းဖက်သမားများက အဝေးထိန်းတစ်လုံးဖြင့် အဝေးမှ နှောင့်ယှက်ဖောက်ခွဲတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း-YMBA (ဗဟို)၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး (ဗဟို)၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး (ဗဟို)၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းတို့က နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ထာဝရငြိမ်းချမ်းရေးရရှိရေးနှင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသောဒီမိုကရေစီစနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို အထောက်အကူမပြုသော အဖျက်အမှောင့်လုပ်ရပ်များဖြစ်သဖြင့် အဆိုပါလုပ်ဆောင်မှုအပါအဝင် အကြမ်းဖက်လုပ်ရပ်မှန်သမျှတို့အား နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများနှင့်အတူ လုံးဝ(လုံးဝ) လက်မခံဘဲ ရှုတ်ချကန့်ကွက်ကြောင်း သဘောထားထုတ်ပြန်ချက်များ၊ ကြေညာချက်များကို ထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**


# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် UNHCR ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Hai Kyung Jun အား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၃၀**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်သည် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Hai Kyung Jun အား ယနေ့ မွန်းလွဲ ၃ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံအတွင်းရှိ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသများတွင်နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှု၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် UNHCR တို့အကြား ပူးပေါင်းဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးဆိုင်ရာ လုပ်ငန်းစဉ်များ၊ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီက လုပ်ငန်းကော်မတီငါးရပ်အပြင် ပြည်နယ်အဆင့်ကော်မတီများဖွဲ့စည်း၍ လုပ်ငန်းများ ထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်မှုကြောင့် ဖြစ်ပေါ်တိုးတက်မှုနှင့် ရှေ့ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အစီအမံများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။



**သတင်းစဉ်**

# ရုပ်သေးပညာရပ်များကို ဖော်ထုတ်ထိန်းသိမ်းကာ ရုပ်သေးအနုပညာ အရည်အသွေးများ မြင့်မားလာစေရန်နှင့် ရိုးရာရုပ်သေးပညာများကို မြတ်နိုးလာစေရန်ဆောင်ရွက်

**နေပြည်တော် မတ် ၃၀**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းတစ်ခုဖြစ်သည့် လန်ချန်း-မဲခေါင် ရုပ်သေးပွဲတော်(Puppet Festival of Lancang-Mekong) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့ မြနန်းဘုံစံရတနာပုံခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပသည်။



**တက်ရောက်**

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးယဉ်ထွေး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်၊ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ လန်ချန်း-မဲခေါင် ရုပ်သေးပွဲတော်ကျင်းပရေး ဦးစီးကော်မတီအတွင်းရေးမှူး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ ပါမောက္ခချုပ်ဦးအောင်ဆန်းဦး၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ဆရာ ဆရာမများ၊ မြန်မာနိုင်ငံကိုယ်စားပြု ရုပ်သေးပညာရှင်ကြီးများနှင့် တာဝန်ရှိသူများ၊ လန်ချန်း-မဲခေါင် ဒေသတွင်းနိုင်ငံများဖြစ်သော ကမ္ဘောဒီးယားနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ရုပ်သေးပညာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားကို အမှတ်စဉ်ရေတွက်၍ ဖွင့်လှစ်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက Virtual စနစ်ဖြင့် အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် မဲခေါင် – လန်ချန်း မြစ်ဝှမ်းတစ်လျှောက် ရှေးယခင်ကတည်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် မဲခေါင်မြစ်ကို အမှီသဟဲပြု၍ အတူတကွတည်ရှိခဲ့ကြပြီး ဒေသတွင်းအဖွဲ့ဝင် နိုင်ငံများ၏ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ဖြစ်သည့် ရိုးရာရုပ်သေးပညာရပ်ကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးတွင် ယခုခေတ်လူငယ်များသည် ရိုးရာရုပ်သေးပညာရပ်ကို စိတ်ဝင်စားမှု လျော့နည်းလာပြီး အခက်အခဲအချို့ကို ရင်ဆိုင်နေကြရသည့်အတွက် ဒေသတွင်းနိုင်ငံများအနေဖြင့် ရိုးရာရုပ်သေးပညာရပ်ကို မျှဝေရန်နှင့် ရိုးရာဓလေ့များကို ဒေသတွင်းနိုင်ငံများနှင့် လူငယ်များအား အသိပညာ မြှင့်တင်ပေးရန် လိုအပ်လျက်ရှိပါကြောင်း။

ထို့ကြောင့် မဲခေါင် – လန်ချန်း ဒေသတွင်းရှိ အဖွဲ့ဝင် ခြောက်နိုင်ငံမှ ရုပ်သေးပညာရှင်များ ပါဝင်သည့် လန်ချန်း – မဲခေါင် ရုပ်သေးပွဲတော်ကို မတ် ၃၀ ရက်မှ ၃၁ ရက်အထိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)တွင် Virtual စနစ်ဖြင့် ယခုကဲ့သို့ လက်ခံကျင်းပရခြင်းဖြစ်ကြောင်း။

လန်ချန်း – မဲခေါင် ရုပ်သေးပွဲတော်သို့ မဲခေါင် – လန်ချန်း ဒေသတွင်း အဖွဲ့ဝင် ခြောက်နိုင်ငံမှ တစ်နိုင်ငံလျှင် ရုပ်သေးပညာရှင် ငါးဦးနှင့် ခေါင်းဆောင် တစ်ဦး စုစုပေါင်း ခြောက်ဦးစီ ဖိတ်ကြားဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အဖွဲ့ဝင် ခြောက်နိုင်ငံမှ ရုပ်သေးပညာရှင်များ၏ ရုပ်သေးအကများ တင်ဆက်ကပြခြင်း၊ မိမိတို့နိုင်ငံ၏ ရုပ်သေးပညာဆိုင်ရာ သရုပ်ပြမှုများ ပြုလုပ်ခြင်းနှင့် စာတမ်းဖတ်ကြားခြင်းများကို ဆောင်ရွက်ကြမည်ဖြစ်ပါကြောင်း။

**ပူးပေါင်းဆောင်ရွက်**

ရုပ်သေးပွဲတော်မှ တစ်ဆင့် မဲခေါင် – လန်ချန်း ဒေသတွင်းနိုင်ငံများရှိအနုပညာရှင်လူငယ်များအကြား အချင်းချင်းအပြန်အလှန် ချစ်ခင်ယုံကြည်မှု၊ တစ်ဦး၏ ယဉ်ကျေးမှုကို တစ်ဦးက အပြန်အလှန် လေးစားတန်ဖိုးထားမှု၊ အချင်းချင်း အတူတကွ ပူးပေါင်းဆောင်ရွက်တတ်မှု၊ အတွေးအမြင်သစ်များ အပြန်အလှန် ဖလှယ်နိုင်မှုများ တိုးတက်ရရှိပါစေကြောင်းနှင့် ရုပ်သေးပွဲတော်ကျင်းပသည့် ကဏ္ဍအားလုံး အောင်မြင်ပါစေရန် ဆုမွန်ကောင်းတောင်းလိုက်ပါကြောင်း ပြောကြားကြသည်။

ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးယဉ်ထွေး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်နှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးကော်မတီ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားသည်။

ထို့နောက် မြန်မာ့ရုပ်သေးအကအစီအစဉ်များဖြစ်သော နတ်ကတော်အက၊ ဇော်ဂျီအက၊ အရုပ်နှင့် လူကကြိုးတူအကနှင့် လန်ချန်း-မဲခေါင်ဂုဏ်ပြုသီချင်း (ရုပ်သေးအက) တို့ဖြင့် တင်ဆက်ပြသခဲ့ကြပြီး မွန်းလွဲပိုင်းတွင် သက်ဆိုင်ရာ နိုင်ငံအသီးသီးမှ ရုပ်သေးပညာရှင်များက မိမိတို့ရုပ်သေးပညာရပ်များကို ဖော်ထုတ်ထိန်းသိမ်းကာ ရုပ်သေးအနုပညာ အရည်အသွေးများ မြင့်မားလာစေရန်နှင့် ရိုးရာရုပ်သေးပညာများကို မြတ်နိုးလာစေရန် ဆောင်ရွက်နေခြင်းနှင့်ပတ်သက်၍ စာတမ်းများ ဖတ်ကြားဆွေးနွေးသည်။

လန်ချန်း-မဲခေါင် ရုပ်သေးပွဲတော် (Puppet Festival of Lancang-Mekong) ကို မတ် ၃၁ ရက်တွင် ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၃၀**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနရှိ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (မန္တလေး)၊ နည်းပညာတက္ကသိုလ် (ကျောက်ဆည်)၊ နည်းပညာတက္ကသိုလ် (တောင်ကြီး)၊ နည်းပညာတက္ကသိုလ် (စစ်တွေ)၊ ကွန်ပျူတာတက္ကသိုလ် (မန္တလေး)၊ ကွန်ပျူတာတက္ကသိုလ် (ဟသ်ာတ)၊ ကွန်ပျူတာတက္ကသိုလ် (ပင်လုံ)တို့၌ ဘွဲ့နှင်းသဘင် အခမ်းအနားများကို ယနေ့နံနက်ပိုင်းက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပကြသည်။



အဆိုပါအခမ်းအနားများသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် တက်ရောက်ပြီး ပညာသင်နှစ်အလိုက် တက္ကသိုလ်အသီးသီးမှ သင်ကြားသင်ယူအောင်မြင်ခဲ့ကြသော မဟာအင်ဂျင်နီယာဘွဲ့ရသူများ၊ မဟာသိပ္ပံ (ဇီဝနည်းပညာ) ဘွဲ့ရရှိသူများ၊ အင်ဂျင်နီယာဘွဲ့ရရှိသူများ၊ အင်ဂျင်နီယာ(ဂုဏ်ထူး)ဘွဲ့ရရှိသူများ၊ သိပ္ပံဘွဲ့ (ဇီဝနည်းပညာ)ဘွဲ့ရရှိသူများနှင့် ကွန်ပျူတာသိပ္ပံဘွဲ့ရရှိသူများကို ဂုဏ်ပြုအမှာစကား ပြောကြားသည်။

အဆိုပါ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်၏ ပထမအကြိမ်၊ နည်းပညာတက္ကသိုလ်(မန္တလေး)၏ (၁၈)ကြိမ်မြောက်၊ နည်းပညာတက္ကသိုလ်(ကျောက်ဆည်)၏ (၁၇)ကြိမ်မြောက်၊ နည်းပညာတက္ကသိုလ်(တောင်ကြီး)၏ (၁၈)ကြိမ်မြောက်၊ နည်းပညာတက္ကသိုလ်(စစ်တွေ)၏(၁၇)ကြိမ်မြောက်၊ ကွန်ပျူတာတက္ကသိုလ်(မန္တလေး)၏ (၁၂)ကြိမ်မြောက်၊ ကွန်ပျူတာတက္ကသိုလ် (ဟသ်ာတ)၏ (၁၂)ကြိမ်မြောက်နှင့် ကွန်ပျူတာတက္ကသိုလ် (ပင်လုံ)၏ (၁၀) ကြိမ်မြောက် ဘွဲ့အပ်နှင်းပွဲ အခမ်းအနားများတွင် တက္ကသိုလ်အသီးသီး၏ ပါမောက္ခချုပ်များက ဘွဲ့ရမောင်မယ်များကို သက်ဆိုင်ရာဘွဲ့အလိုက် ဘွဲ့လက်မှတ်အသီးသီးချီးမြှင့်ပြီး ဘွဲ့နှင်းသဘင် မိန့်ခွန်းပြောကြားသည်။

အဆိုပါအခမ်းအနားများသို့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ဘွဲ့ရမောင်မယ်များ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## မိဘပြည်သူများသို့ အသိပေးကြေညာခြင်း

အသက်(၁၆)နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုးထုတ်ပေးရေးအတွက် **“ပန်းခင်း”**စီမံချက်ဖြင့် ရုံးတွင်ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်းဆောင်ရွက်ပေးခြင်းများအား (၃-၅-၂၀၂၁) မှ(၃-၁၁-၂၀၂၂)နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင်လည်းကောင်း၊ တည်းခိုနေထိုင်ရာနေရာများတွင်လည်းကောင်း၊ နိုင်ငံသားကတ်(မှတ်ပုံတင်)ပြသဆောင်ရွက်ရသည့် လုပ်ငန်းများတွင်လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ်(မှတ်ပုံတင်)အား (၁-၄-၂၀၂၂) နေ့ (၀၆:၀၀)နာရီမှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ်(မှတ်ပုံတင်)အစား ထောက်ခံစာများအားပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတုကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိ ကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်းလည်း အသိပေးအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကြီးကြပ်မှုကော်မတီ (ဗဟိုကြီးကြပ်မှုကော်မတီ)အစည်းအဝေး ကျင်းပ

## ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၂၀**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရုံးအမှတ် (၁၆) ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးဦးလှမိုး၊ ဝန်ကြီးဌာန ၁၂ ခုမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဘာသာရပ်ဆိုင်ရာကျွမ်းကျင်ပညာရှင်များ တက်ရောက်ကြသည်။

**အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိ**

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတစ်ဝန်း မြို့ပြနှင့် ကျေးလက်ဒေသများ၏ ဖွံ့ဖြိုးမှုကွာဟချက်များ ကျဉ်းမြောင်းစေရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချစေရေးနှင့် ပြည်နယ်/တိုင်းဒေသကြီးများအကြား ဖွံ့ဖြိုးမှုကွာဟချက်များ ကျဉ်းမြောင်းစေရေးတို့အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံချက်(MSDP)နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးမဟာဗျူဟာ မူဘောင်ပါ လုပ်ငန်းစဉ်များနှင့်အညီ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းများကိုလည်း အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယင်းသို့ ဆောင်ရွက်ရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းထားရှိပြီး ကော်မတီအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒနှင့် လုပ်ငန်းစဉ်များချမှတ်ခြင်း၊ နှစ်စဉ် နှစ်တို/နှစ်ရှည် စီမံကိန်းများရေးဆွဲခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်မှုများကို ကြီးကြပ်ခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ ကြီးကြပ်မှုကော်မတီများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊ အလုပ်အကိုင်နှင့် ဝင်ငွေတိုးတက်ရရှိနိုင်ရန် အရင်းမပျောက် မတည်ရန်ပုံငွေ ထူထောင်ပေးခြင်း၊ လိုအပ်သည့် ကော်မတီများ ဖွဲ့စည်း၍ လုပ်ငန်းတာဝန်သတ်မှတ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းတို့ကို တာဝန်ယူ ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။



**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီအစည်းအဝေး(၁/၂၀၂၁) ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ၂၀၂၁-၂၀၂၂ ခြောက်လဘတ်ဂျက်အတွင်း ကော်မတီဝင်ဌာနများမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ကော်မတီဝင် ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းကဏ္ဍများအလိုက် ညှိနှိုင်းဆွေးနွေးရမည့်အချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ မိမိတို့လုပ်ငန်းကဏ္ဍများအလိုက် ကျေးလက်ဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်ရွက်မှုများကို တင်ပြဆွေးနွေးကြရာ ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများသည် ကဏ္ဍပေါင်းစုံ ချိတ်ဆက်ဆောင်ရွက်ရသည့်အတွက် အားလုံးပူးပေါင်းကြိုးပမ်း ဆောင်ရွက်ရမည့်အပိုင်းများ၊ ကော်မတီဝင် သက်ဆိုင်ရာဌာနများအနေဖြင့် မိမိတို့ကွပ်ကဲမှုအောက်ရှိ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ရုံးများသို့လည်း ပေါင်းစပ်ညှိနှိုင်းမှု အားကောင်းစေရန် ထပ်ဆင့်မှာကြားပေးရမည့်ကိစ္စရပ်များ၊ တိုင်းဒေသကြီး/ ပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုကော်မတီများ အစည်းအဝေးကျင်းပရန် ကိစ္စရပ်များ၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် လျာထားစီမံကိန်းများနှင့် ဘတ်ဂျက်များကို အတည်ပြုခြင်းကိစ္စရပ်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မိမိတို့ကော်မတီအနေဖြင့် ပြည်သူကိုဝန်ဆောင်မှုပေးသော၊ ဖွံ့ဖြိုးရေးဖော်ဆောင်ပေးရသောကော်မတီ၊ ဌာနဖြစ်သည်နှင့်အညီ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်မှု အားကောင်းစွာဖြင့် တစိုက်မတ်မတ်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။ **သတင်းစဉ်**

# စက်မှု၊ မြို့ပြနှင့် ကျေးလက်ဒေသပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းကော်မတီ၏ ပထမအကြိမ် အစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၂၀**

စက်မှု၊ မြို့ပြနှင့် ကျေးလက်ဒေသပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ Hybrid ပုံစံဖြင့် ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမင်းမင်းဦး၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ တိုင်းဒေသကြီး/ပြည်နယ် စည်ပင်သာယာရေးအဖွဲ့များ၊ စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းများမှ လုပ်ငန်းကော်မတီအဖွဲ့ဝင် ၄၂ ဦးက Inperson / Online ဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော ကိုဗစ်-၁၉ လမ်းညွှန်ချက်နှင့်အညီ တက်ရောက်ခဲ့ကြသည်။



အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက မိမိတို့အားလုံး ပူးပေါင်းတာဝန်ယူဆောင်ရွက်ရမည့် စက်မှု၊ မြို့ပြနှင့် ကျေးလက်ဒေသ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းကော်မတီ၌ လုပ်ငန်းတာဝန် ၁၃ ချက်ပါဝင်ပြီး အဆိုပါလုပ်ငန်းတာဝန်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စက်မှုကဏ္ဍ၊ မြို့ပြနှင့်ကျေးလက်ဒေသကဏ္ဍတွင် လက်ရှိဖြစ်ပေါ်နေသော ပတ်ဝန်းကျင် ညစ်ညမ်းမှု၊ ဖြေရှင်းဆောင်ရွက်ရမည့်အခြေအနေကို အခြေခံပြီး ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ သက်ဆိုင်ရာဝန်ကြီးဌာနများမှ လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် တာဝန်ယူဖြေရှင်း ဆောင်ရွက်ပေးနိုင်မှုနှင့်လည်း ချိန်ထိုးဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် ကျင်းပခဲ့သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးမှ အစည်းအဝေးဆုံးဖြတ်ချက် စုစုပေါင်း ၁၁ ချက်ကို ချမှတ်ခဲ့ပြီးဖြစ်ရာ ယင်းအစည်းအဝေးဆုံးဖြတ်ချက်များမှ စက်မှု၊ မြို့ပြနှင့် ကျေးလက်ဒေသပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းကော်မတီနှင့် သက်ဆိုင်သည့် ဆုံးဖြတ်ချက် လေးချက်ပါဝင်ပြီး အဆိုပါဆုံးဖြတ်ချက်များကိုလည်း အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ယနေ့အစည်းအဝေး၌ ညှိနှိုင်းဆွေးနွေးပေးစေလိုပါကြောင်း မှာကြားသည်။

**ဆွေးနွေး**

အစည်းအဝေးတွင် လုပ်ငန်းကော်မတီ အတွင်းရေးမှူး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆန်းဦးက လုပ်ငန်းကော်မတီနှင့် ပတ်သက်သော လုပ်ငန်းတာဝန်များ၊ ယခင် လုပ်ငန်းကော်မတီ အစည်းအဝေးများမှ အကောင်အထည်ဖော်ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းတာဝန် သုံးချက်နှင့် လုပ်ငန်းတာဝန် တစ်ရပ်ချင်းစီအလိုက် ဆောင်ရွက်လျက်ရှိသော ဌာန၏ လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြပြီး အစည်းအဝေးတက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်နေမှုကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဝိဇ္ဇာ / သိပ္ပံတက္ကသိုလ်များ၊ ပညာရေး ဒီဂရီကောလိပ်များ၏ အတန်းအားလုံး၊ ဘာသာရပ်အားလုံးကို မေ ၁၂ ရက်တွင် ဖွင့်လှစ်သွားမည်

နေပြည်တော် မတ် ၃၀

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်ပါမောက္ခချုပ်များ၊ ဆရာအတတ်ပညာ ဦးစီးဌာနရှိ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ၊ အခြေခံပညာဦးစီးဌာနရှိ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးများနှင့် တွေ့ဆုံပွဲကို ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အားလုံးညီညီညွတ်ညွတ် ပူးပေါင်း၍ ပညာရေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ ဝိဇ္ဇာ/ သိပ္ပံတက္ကသိုလ်များ၊ ဆရာအတတ်ပညာဦးစီးဌာနရှိ ပညာရေး ဒီဂရီကောလိပ်များ၏ အတန်းအားလုံး၊ ဘာသာရပ်အားလုံးကို မေ ၁၂ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများ၏ ပထမနှစ် သင်တန်းများကိုပါ မေ ၁၂ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ဝင်ခွင့်ရတက္ကသိုလ်များ စာရင်းကို သက်ဆိုင်ရာ တက္ကသိုလ်အသီးသီးတွင် ဧပြီ ၁ ရက်၌ ကြေညာသွားမည်ဖြစ်ကြောင်း၊ အဝေးသင်တက္ကသိုလ် သင်တန်းများသည် စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် အနီးကပ်သင်တန်းတက်ရောက် ဖြေဆိုကြမည်ဖြစ်ကြောင်း၊ နိုဝင်ဘာလတွင် စာသင်နှစ်ဝက် အသစ်အတွက် တက္ကသိုလ်အတန်းများကို ပြန်လည်ဖွင့်လှစ်မည်ဖြစ်ပြီး ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများလည်း တက်ရောက်ကာ ပုံမှန်စာသင်နှစ်ဖြင့် ဖွင့်လှစ်သင်ကြားပေးနိုင်ရန် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း။

လက်ရှိ တက္ကသိုလ်ဝင်တန်း စာမေးပွဲနှင့် စာစစ်လုပ်ငန်းများအတွက် လိုအပ်သည်များကို တက္ကသိုလ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပညာရေးမှူးများ၊ အခြေခံ ဆရာ ဆရာမများအားလုံး ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မေ ၁၂ ရက်တွင် တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များအားလုံး အတန်းစုံ ကျောင်းပြန်ဖွင့်မည်ဖြစ်၍ မိမိတို့ကျောင်းအလိုက် သန့်ရှင်းသာယာရေး၊ ဥပဓိရုပ်ကောင်းမွန်ရေးနှင့် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး လုပ်ငန်းများ အသင့်ပြင်ဆင်ဆောင်ရွက် ထားကြစေလိုကြောင်း၊ ကိုဗစ်စင်တာဖွင့်လှစ်ခဲ့သော အဆောင်များကို ပိုးသတ်သန့်စင် ထားရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်များတွင် BA(Law)နှင့် BA(Eco) သင်တန်းများ ဖွင့်လှစ်နိုင်ရေးအတွက် သင်ရိုးညွှန်းတမ်းများကို အသင့် ပြင်ဆင်ထားကြစေလိုကြောင်း။

၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ကျောင်းသားကျောင်းသူများ စိတ်အေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် လိုအပ်ချက်များရှိပါက ချက်ချင်းဖြည့်ဆည်း ဆောင်ရွက်ပေးကြစေလိုကြောင်း၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုစဉ် ကာလအတွင်း အမှားအယွင်း မရှိစေရေးနှင့် အောင်မြင်စွာ ပြီးမြောက်နိုင်ရေးအတွက် ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးဇော်ဝင်းတို့က ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ စနစ်တကျ ဆောင်ရွက်ရေးကိစ္စရပ်များကိုလည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်းနှင့် အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်းတို့က လတ်တလောနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ယဉ်ကျေးမှုဆိုင်ရာ ကာကွယ်တားဆီးရေးကြေညာချက်ဆိုင်ရာ လုပ်ငန်းအဖွဲ့၏ (၅) ကြိမ်မြောက်အစည်းအဝေးနှင့် (၃၂) ကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး

နေပြည်တော် မတ် ၃၀

၂၀၂၂ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန် ယူထားသည့် ကမ္ဘောဒီးယားနိုင်ငံမှ ကြီးမှူး၍ ငြိမ်းချမ်းသော၊ ပူးပေါင်းပါဝင်မှုရှိသော၊ အစွန့်ရှည်တည်တံ့မှုရှိသော၊ ကျန်းမာကြံ့ခိုင်ပြီး သဟဇာတရှိသော၊ လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်ပေါ်လာရေးအတွက် ယဉ်ကျေးမှုဆိုင်ရာ ကာကွယ်တားဆီးရေး ကြေညာချက်ဆိုင်ရာ လုပ်ငန်းအဖွဲ့၏ (၅) ကြိမ်မြောက် အစည်းအဝေး (5th CoP) နှင့် (၃၂) ကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (32nd SOCA) များကို မတ် ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အဆိုပါ အစည်းအဝေးများသို့ မြန်မာနိုင်ငံ အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း မဏ္ဍိုင် အဆင့်မြင့်အရာရှိကြီး (SOCA Leader) သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်နှင့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြသည်။

ယဉ်ကျေးမှုဆိုင်ရာ ကာကွယ်တားဆီးရေး ကြေညာချက်ဆိုင်ရာ လုပ်ငန်းအဖွဲ့၏ (၅) ကြိမ်မြောက် အစည်းအဝေး၌ CoP ၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နောက်ခံသမိုင်းကြောင်းကို အများပြည်သူများ၊ သုတေသီများနှင့် အာဆီယံဆိုင်ရာလုပ်ငန်းဆောင်ရွက်နေသူများကို အသိပညာပေးရေးအတွက် အတည်ပြု၍ အာဆီယံဝက်ဘ်ဆိုက်တွင် လွှင့်တင်မည့်ကိစ္စ Culture of Prevention–CoP ၏ လုပ်ငန်းအစီအစဉ် (Plan of Action) ဆောင်ရွက်မှုများ၏ ဖြစ်ပေါ်တိုးတက်မှု ၊ CoP နှင့်စပ်လျဉ်း၍ ဦးဆောင်သည့်လုပ်ငန်းအစုအဖွဲ့များနှင့် တွဲဖက်ဦးဆောင်သည့် လုပ်ငန်းအစုအဖွဲ့များ၏ ဆောင်ရွက်မည့် လုပ်ငန်းများကို ပြန်လည်စစ်ဆေးခြင်း၊ CoP ကြေညာစာတမ်းကို အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ရန်အတွက် CoP ၏ တန်ဖိုးကို အကဲဖြတ်ဆောင်ရွက်ရန် Evidence of a Culture of Prevention in Action– “သက်သေအထောက်အထား အခြေခံအကဲဖြတ်မှုတစ်ရပ်” အဆိုပြုသည့်ကိစ္စ၊ Evidence Building in the ASEAN Culture of Prevention တည်ထောင်မည့် အခြေအနေ၊ အာဆီယံပြည်သူများအကြား ဒေသဆိုင်ရာလုပ်ငန်းစဉ်များ၌ ပိုမိုနားလည်၍ သင့်မြတ်မှုရှိပြီး လိုက်လျောညီထွေမှုရှိသည့် အာဆီယံအသိုက်အဝန်း မြှင့်တင်ခြင်းဆိုင်ရာ မဟာဗျူဟာစာအုပ် Development of Strategy Playbook– CoP ထုတ်ဝေနိုင်ရေး ဆွေးနွေးခဲ့ကြသည်။



(၃၂) ကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတွင် အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း အခြေပြမြေပုံ ၂၀၂၅ နှစ်လယ်အကဲဖြတ်မှုအစီရင်ခံစာမှ ထွက်ပေါ်လာသော အကြံပြုချက်များအပေါ် ဆက်လက်ဆောင်ရွက်နေသည့် အခြေအနေများ၊ ကဏ္ဍစုံမဏ္ဍိုင်စုံ ပူးပေါင်းဆောင်ရွက်မှု ၊ အာဆီယံ 4IR Task Force Group (A4IR–TFG) ကဲ့သို့ မဏ္ဍိုင်အချင်းချင်း ပူးပေါင်းသည့် အဖွဲ့အစည်းဆိုင်ရာ ယန္တရားတစ်ခု ဖွဲ့စည်းတည်ထောင်မည့်ကိစ္စ၊ အာဆီယံဘက်စုံလွှမ်းခြုံသော ပြန်လည်ထူထောင်ရေးမူဘောင် ASEAN Comprehensive Recovery Framework (ACRF) အား အကောင်အထည်ဖော်မှု ၊ တီမောလက်စတေနိုင်ငံမှ အာဆီယံအဖွဲ့ဝင်အဖြစ် ဝင်ရောက်နိုင်ရေး လျှောက်ထားလာမှုနှင့်စပ်လျဉ်း၍ အဆင့်မြင့်အရာရှိကြီးများ ပါဝင်သည့် Facts Finding Mission အဖွဲ့အား ၂၀၂၂ ခုနှစ် ဖွန်လ၌ တီမောလက်စတေနိုင်ငံသို့စေလွှတ်ရေး၊ ASEAN Enabling Masterplan 2025 အား လတ်တလော အကောင်အထည်ဖော်နေမှုအခြေအနေ၊ ASEAN Research and Development Platforms ဆောင်ရွက်နိုင်မည့် ကိစ္စများ၊ ASEAN AID တစ်ရပ် ထူထောင်နိုင်ရေး၊ Development of Feasibility Study on the Proposed ASEAN Institute for Policy Studies နှင့်စပ်လျဉ်း၍ ပါဝင်ဆောင်ရွက်ကြမည့်ပညာရှင်များ ရွေးချယ်သတ်မှတ်ထားသော အခြေအနေများ၊ ASEAN SHIELD နှင့်ပတ်သက်သော အကောင်အထည်ဖော်ဆောင်မှု၊ High Level task Force–HLTF နှင့်စပ်လျဉ်း၍ မဏ္ဍိုင် သုံးခုမှ ဆောင်ရွက်မည့်လုပ်ငန်းများ၊ အကြိမ် ၄၀ နှင့် ၄၁ ကြိမ် မြောက် အာဆီယံထိပ်သီး အစည်းအဝေးတွင် ထုတ်ပြန်ရန် လျာထားသော မှတ်တမ်းမှတ်ရာများနှင့် ၂၀၂၂ ခုနှစ်အတွက် အာဆီယံ လူမှုရေးနှင့် ယဉ်ကျေးမှု အသိုက်အဝန်း မဏ္ဍိုင်အတွက် ဆက်စပ်အစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဝါးခယ်မမြို့၌ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်ငွေများထုတ်ပေး

ဝါးခယ်မ မတ် ၃၀

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် လူမှုဖူလုံရေးရုံး၌ အကျိုးဝင်မှတ်ပုံတင်ထားသော မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှ အာမခံအလုပ်သမားတစ်ဦး၏ ကျန်ရစ်သူအကျိုးခံစားခွင့်နှင့် ဆေးဖိုးကုန်ကျငွေများပြန်လည်ထုတ်ပေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ဝါးခယ်မမြို့နယ် စည်ပင်သာယာရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလူမှုဖူလုံရေးအဖွဲ့ တိုင်းတာဝန်ခံအရာရှိဒေါ်မြတ်မြတ်ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးသည်။ ယင်းနောက် တိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့တာဝန်ခံအရာရှိဒေါ်မြတ်မြတ်ဦးက မြို့နယ်လူမှုဖူလုံရေးရုံးတွင် မှတ်ပုံတင်ထားသော မြို့နယ်စည်ပင်သာယာရေးဌာနမှ အာမခံအလုပ်သမား ဦးအောင်သူ၏ လုပ်ငန်းခွင်အတွင်း ထိခိုက်သေဆုံးမှုအတွက် နာရေးစရိတ်ငွေကျပ် ၃၅၁၃၆၀ နှင့် ကျန်ရစ်သူအကျိုးခံစားခွင့်ငွေကျပ် ၄၃၂၀၀၀၀ စုစုပေါင်းငွေကျပ် ၄၆၇၁၃၆၀ ကိုလည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အာမခံအလုပ်သမား ဒေါ်ယမင်းထိုက်၏ ဆေးဖိုးကုန်ကျစရိတ် ငွေကျပ် ၂၆၈၆၅၀ ၊ မြို့နယ်စည်ပင်သာယာရေးဌာနမှ အာမခံအလုပ်သမား ဦးသက်လွင်၏ ဆေးဖိုးကုန်ကျစရိတ်ငွေကျပ် ၆၂၃၀၀ နှင့် အောင်သိန်းသန်းဆန်စက်မှ အာမခံအလုပ်သမား ဦးဖိုးရင်၏ဆေးဖိုးကုန်ကျစရိတ်ငွေကျပ် ၃၃၈၀၀ တို့ကို ၎င်းတို့ထံခွင့်ပြုထုတ်ပေးခဲ့သည်။

၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်ငွေများ ခွင့်ပြုထုတ်ပေးမှုတွင် ကျန်ရစ်သူငွေကြေးအကျိုးခံစားခွင့်တစ်ဦးနှင့် ဆေးဖိုးကုန်ကျစရိတ်ပြန်အမ်းငွေထုတ်ပေးသူသုံးဦးတို့အား စုစုပေါင်း ထုတ်ပေးငွေကျပ် ၅၀၃၆၁၁၀ ခွင့်ပြုထုတ်ပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်လင်း(ပြန်/ဆက်)**

# နေပြည်တော်ရှိ တပ်မတော်ပန်းခြံနှင့် သူရဲကောင်းဗိမာန်(နေပြည်တော်)နှင့် ရန်ကုန်မြို့ရှိ တော်လှန်ရေးပန်းခြံတို့၌ လာရောက်လေ့လာအပန်းဖြေသူများဖြင့် စည်ကားလျက်ရှိ

**နေပြည်တော် မတ် ၂၀**

(၇၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်စစ်ရေးပြကွင်းကြီးရှေ့ရှိ တပ်မတော်ပန်းခြံအား ဖွင့်လှစ်ထားရှိရာ ယနေ့တွင်လည်း လာရောက်အပန်းဖြေသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

**စည်ကားလျက်ရှိ**

ထို့အပြင် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အသက်ကို စွန့်လွှတ်ခဲ့ရသည့် သူရဲကောင်းများအား ဂုဏ်ပြုရန်နှင့် မျိုးဆက်သစ်လူငယ်များ၏ စိတ်တွင် နိုင်ငံကိုချစ်သည့်စိတ်နှင့် နိုင်ငံတော်အတွက် စွန့်လွှတ်စွန့်စားလိုသည့် စိတ်ဓာတ်များ ရှင်သန်ကိန်းအောင်းလာစေရန် ရည်ရွယ်ချက်ဖြင့် တည်ဆောက်ထားသည့် သူရဲကောင်းဗိမာန်(နေပြည်တော်)တွင်လည်း ကျဆုံးလေပြီးသော တပ်မတော်သား သူရဲကောင်း စစ်သည်များကို လာရောက်အလေးပြုကြသူများ၊ အောင်ဆန်းသူရိယဘွဲ့ ရရှိခဲ့သူ ခြောက်ဦး၏ ရုပ်တုများကို လာရောက်လေ့လာကြသူများဖြင့် စည်ကားလျက်ရှိသည်။




နေပြည်တော်ရှိ တပ်မတော်ပန်းခြံအတွင်း ရောင်စုံရေပန်းများ၊ မီးအလှများ စုံလင်စွာတပ်ဆင်ထားရှိပြီး တပ်မတော်နေ့အထိမ်းအမှတ် မီးရှူးတိုင်၊ ပထမ၊ ဒုတိယ၊ တတိယ မြန်မာနိုင်ငံတော်တို့ကို ထူထောင်ခဲ့သော အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား မင်းမြတ်သုံးပါး ရုပ်တုကြီးများ ခန့်ညားထည်ဝါစွာရှိသည့်အပြင် အနီးပတ်ဝန်းကျင် တွင်လည်း ဇေယျာသီရိကုန်တိုက်၊ ကလေးကစားကွင်း၊ ရေကူးကန်၊ စားသောက်ဆိုင်များလည်း ရှိကာ လာရောက် အပန်းဖြေကြသည့် မိဘပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများဖြင့် စည်ကားလျက်ရှိသည်။

**ကြည့်ရှုအပန်းဖြေလေ့လာ**

အဆိုပါ တပ်မတော်ပန်းခြံကို မတ် ၂၈ ရက်မှစတင်၍ ဧပြီ ၁ ရက်အထိ နေ့စဉ် ညနေ ၅ နာရီခွဲမှ ည ၉ နာရီခွဲအထိ ဖွင့်လှစ်ထားရှိမည်ဖြစ်ကာ တပ်မတော်ပန်းခြံနှင့် သူရဲကောင်းဗိမာန်(နေပြည်တော်)တို့ကို မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှုအပန်းဖြေလေ့လာနိုင်ကြောင်း သိရသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ တော်လှန်ရေးပန်းခြံတွင်လည်း မုခ်ဦးများ၊ ပန်းအလှပင်များ၊ (ကြည်း၊ ရေ၊ လေ) တံဆိပ်၊ သမိုင်းဝင်စစ်ထွက်သပြေပင်နှင့် မြင်းချည်တိုင် သပြေပင်တို့၌ မီးအလှများ ဆင်ယင်ထားရှိပြီး (၇၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသည့်အနေဖြင့် တင့်ကားပုံ၊ စစ်ရေယာဉ်ပုံ၊ ရဟတ်ယာဉ်ပုံ၊ တပ်မတော်သုံးအမြောက်ပုံများကို မီးအလှဆင်ထားပြီး မီးအလှများ၊ မီးရှူးတိုင်အလှမီးများဖြင့် လှပစွာထွန်းညှိထားရှိရာ လာရောက်လည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# မိုးရာသီနေကြာမျိုးစေ့ စိုက်ပျိုးထုတ်လုပ်မည့် တောင်သူများအား မျိုးစေ့ထောက်ပံ့ပေးအပ်

**ပုသိမ် မတ် ၂၀**

ဧရာဝတီ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ယနေ့နံနက်ပိုင်းက အင်္ဂပူမြို့နယ် ကညင်ရေလှောင်တမံ ရှင်းလင်းဆောင်သို့ရောက်ရှိပြီး ရေလှောင်တမံမှ ရေအားလျှပ်စစ်နှင့် ဆိုလာစွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်နိုင်ပါက နိုင်ငံတော်၏ လျှပ်စစ်လိုအပ်ချက်ကို အထိုက်အလျောက် ဖြည့်ဆည်းပေးနိုင်မည် ဖြစ်၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ် ဆောင်ရွက်ပေးခဲ့ပြီး နွေစပါးလျာထားဧကများ ပြည့်မီအောင် စိုက်ပျိုးရေပေးဝေရေး၊ ရေလှောင်တမံပြုပြင်ခြင်းလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရေး မှာကြားသည်။



ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မြန်အောင်မြို့အမှတ်(၅)ရပ်ကွက် တာဝတိံသာ ဓမ္မာရုံ၌ ကျင်းပသည့် မိုးရာသီ နေကြာမျိုးစေ့ စိုက်ပျိုးထုတ်လုပ်မည့် မြန်အောင်၊ ကြံခင်း၊ အင်္ဂပူ မြို့နယ်တို့မှ တောင်သူများအား ဆင်းရွှေကြာ(၂) နေကြာမျိုးစေ့ ထောက်ပံ့ပေးအပ်ပွဲနှင့် နေကြာစိုက်ပျိုးမည့် တောင်သူများတွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မိုးရာသီတွင် နေကြာမျိုးစေ့ စိုက်ပျိုးထုတ်လုပ်မည့် တောင်သူများအား ဆင်းရွှေကြာ(၂) နေကြာမျိုးစေ့များ ထောက်ပံ့ပေးအပ်သည်။ ဆက်လက်၍ မြန်အောင်မြို့နယ် ကန်စွန်းခုံကျေးရွာအုပ်စုရှိ နေကြာစိုက်ပျိုးမည့် ယာမြေများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပုလောမြို့နယ် မြစိမ်းရောင်စီမံကိန်း(ငါးကဏ္ဍ)ကျေးရွာများသို့ လည်ပတ်ရန်ပုံငွေများ ထောက်ပံ့ပေးအပ်

**ပုလော မတ် ၂၀**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနသည် ကျေးလက်ဒေသဆင်းရဲမှုနှုန်းလျှော့ချနိုင်ရန်နှင့် တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာအတွက် အမှန်တကယ်လိုအပ်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ငါးကဏ္ဍ)ကို ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ကျေးရွာနှစ်ရွာဖြင့် စတင်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် နှစ်ရွာ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တစ်ရွာဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မြစိမ်းရောင်စီမံကိန်း(ငါးကဏ္ဍ)ဆောင်ရွက်နေသော ကျေးရွာများအတွက် မတ် ၂၁ ရက်က ကျောက္ကာမြစိမ်းရောင်ကျေးရွာကော်မတီဝင်များသို့ ငွေကျပ် ၄၁၂ သိန်းအားလည်းကောင်း၊ မတ် ၂၂ ရက်က ပလမြစိမ်းရောင်ကျေးရွာကော်မတီဝင်များသို့ ငွေကျပ်သိန်း ၄၂၀ နှင့် ပဝတ်ဖျားမြစိမ်းရောင်ကျေးရွာကော်မတီဝင်များသို့ ငွေကျပ် ၄၃၇ သိန်းအားလည်းကောင်း၊ မတ် ၂၈ ရက်က ကျောက်ကမ်းဖဲမြစိမ်းရောင်ကျေးရွာကော်မတီဝင်များသို့ငွေကျပ် ၄၀၇ သိန်းအားလည်းကောင်း အရင်း၊ အတိုးရရှိငွေများကို မြစိမ်းရောင်ကော်မတီအဖွဲ့အသီးသီးသို့ပြန်လည်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော်ရှိ တပ်မတော်ပန်းခြံသို့ အများပြည်သူမည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှု အပန်းဖြေလေ့လာနိုင်ရန် ဖွင့်လှစ်ထားရှိမည်

(၇၇)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ရှိ တပ်မတော်ပန်းခြံ၌ ရေပန်းများ၊ မီးအလှများ တပ်ဆင်ထားရှိပြီး တပ်မတော်နေ့အထိမ်းအမှတ်မီးရှူးတိုင်၊ ပထမ၊ ဒုတိယ၊ တတိယမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့သော အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား မင်းမြတ်သုံးပါးရုပ်တုတို့အား အများပြည်သူမည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုအပန်းဖြေလေ့လာနိုင်ရန် တပ်မတော်ပန်းခြံအား မတ်လ ၂၈ ရက်မှ ဧပြီလ ၁ ရက်အထိ နေ့စဉ် ညနေ ၅ နာရီခွဲမှ ည ၉ နာရီခွဲအထိ ဖွင့်လှစ်ထားရှိမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

# တိုက်ကြီးမြို့နယ်၌ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

**တိုက်ကြီး မတ် ၂၀**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုက်ကြီးမြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီး (မြို့မ) အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများကို ပန်းခင်းစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၁ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၂) ဦးမောင်မောင်လတ်က နိုင်ငံသားစိစစ်ရေးကတ်ပြားကိုင်ဆောင်ခြင်း အကျိုးကျေးဇူးများနှင့် အသုံးဝင်ပုံကို ရှင်းလင်းပြောကြားသည်။ မြို့နယ်ဦးစီးမှူး ဦးအောင်မင်းထွေးက ပန်းခင်းစီမံချက်အကြောင်းသိကောင်းစရာများကို ကျောင်းသား ကျောင်းသူများအား ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူ ၃၃၄ ဦးအား တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဉာဏ်ဟိန်း**



# မိုင်းတုံမြို့နယ် နမ့်ဟူးခွန်-ပါချီးလမ်းပေါ်ရှိ ၄၅ ပေ တံတား တည်ဆောက်ပြီးစီး

**မိုင်းတုံ မတ် ၂၀**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ခွင့်ပြုရန်ပုံငွေကျပ် ၁၃၀ ဒသမ ၄၅၃ သန်းဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် နမ့်ဟူးခွန်ကျေးရွာအုပ်စု နမ့်ဟူးခွန်-ပါချီး ၈/၀ မိုင် လမ်းပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ၄၅ ပေအရှည်ရှိ သံကူကွန်ကရစ်တံတားတစ်စင်းသည် လက်ရှိတွင် တည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ငွေကြယ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၂)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

(ယမန်နေ့မှအဆက်)

**97 Media မှ သတင်းထောက်ချုပ် နန္ဒလင်း (ထားဝယ်)**က ယခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ရိုးရာယဉ်ကျေးမှုထုံးတမ်းစဉ်လာမပျက် ကျင်းပသွားမည်ဟု သတင်းထုတ်ပြန်ချက်များတွင် တွေ့ရကြောင်း၊ နိုင်ငံတစ်ဝန်း၌ သင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများကို သိလိုပါကြောင်း မေးမြန်းသည်။

**ပြည်သူလူထုအားလုံး ပါဝင်ဆင်နွှဲခွင့်ရအောင်ဆောင်ရွက်**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ယခုလတ်တလောတွင် နေပြည်တော် ရှစ်မြို့နယ်၊ မန္တလေး ၁၀ မြို့နယ်၊ ရန်ကုန် ၄၄ မြို့နယ်၊ မကွေး ၁၇ မြို့နယ်တို့၌ ညမထွက်ရ အမိန့်နှင့်ပတ်သက်ပြီး ယခင်က ည ၁၀ နာရီမှ မနက် ၄ နာရီအထိ သတ်မှတ်ထားသော်လည်း ယခုအခါ ည ၁၂ နာရီမှ မနက် ၄ နာရီအထိ ဖြေလျှော့ပေးထားပြီဖြစ်ကြောင်း၊ ဆက်လက်ဖြေလျှော့ဆောင်ရွက်သွားရန် အစီအစဉ်ရှိကြောင်း၊ ကိုဗစ်ကာလ တတိယလှိုင်းအထိ ပြီးသွားပြီဖြစ်သဖြင့် ပြည်သူလူထုအနေဖြင့် ကိုဗစ်ကာလအတွင်း မွန်းကျပ်ခဲ့ခြင်းများ၊ နိုင်ငံရေးအခြေအနေများကြောင့် မွန်းကျပ်ခဲ့ခြင်းရှိခဲ့သည့်အတွက် သင်္ကြန်ပွဲတော်နှင့်ပတ်သက်ပြီး ဖြေလျှော့ပေးရန်အစီအစဉ်ရှိကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ဖျော်ဖြေရေးလုပ်ငန်း၊ ရုပ်ရှင်လုပ်ငန်းများကို နှစ်ဆန်း ၁ ရက်နေ့မှ စတင်ရန် အစီအစဉ်ရှိကြောင်း၊ အပြည်ပြည်ဆိုင်ရာလေကြောင်းသွားလာရေးကိုလည်း ဧပြီလသင်္ကြန်အပြီးတွင် ဖြေလျှော့မှုပြုလုပ်ပေးရန် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ထို့အတူ သင်္ကြန်ပွဲတော်ကာလကို တတ်နိုင်သမျှ ပြည်သူလူထုအားလုံး ပါဝင်ဆင်နွှဲခွင့်ရအောင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**မြန်မာသံတော်ဆင့် သတင်းဂျာနယ်မှ တာဝန်ခံအယ်ဒီတာ ဦးကိုကိုကြီး**က မတ်လ ၂၃ ရက်နေ့တွင် မန္တလေး – မုံရွာလမ်းပေါ်ရှိ မအူဂိတ်ကို PDF အဖွဲ့များက နံနက် ၂ နာရီခန့်တွင် တိုက်ခိုက်သွားပြီး တာဝန်ကျသည့်ဝန်ထမ်းများကိုလည်း သတ်ဖြတ်သွားခဲ့ကြောင်း၊ အလားတူ ကန့်ဘလူမြို့နယ်နတ်အင်းကျေးရွာ သုံးမိုင်အကွာရှိ ကြံ့ခိုင်ရေးပါတီဝင်တွဲဖက်အတွင်းရေးမှူးကို မျက်နှာဖုံးစွပ်များက ဖမ်းသွားသဖြင့် တပ်မတော်က ရှာဖွေနေကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးရှိ ကန့်ဘလူမြို့နယ် ယင်းမာပင်၊ ပုလဲ၊ ချောင်းဦး၊ ကလေးဒေသများတွင် ဒလန်ဟုစွပ်စွဲခံရသည့် အပြစ်မဲ့ပြည်သူများ သေကျေသည်မှာ အများအပြားရှိကြောင်း၊ မိုင်းထိသည့် ပြည်သူများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့ခြင်းရှိကြောင်း၊ ၎င်းတို့ကို နိုင်ငံတော်က ထောက်ပံ့ငွေများပေးရန် အစီအစဉ် ရှိ/မရှိ နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကလည်း အခြားထောက်ပံ့မည့်အစီစဉ်များရှိလျှင် မည်သို့ထောက်ပံ့ပေးမည်ကို သိလိုပါကြောင်းမေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ယခုလတ်တလောတွင် မိမိတို့အနေဖြင့် ထောက်ပံ့ရန် အစီအစဉ်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများတွင် PDF များ၏ မီးရှို့ဖျက်ဆီးမှုများကြောင့် အလုပ်အကိုင်ဆုံးရှုံးသွားရသည့် ပြည်သူများ၊ အသက်ဆုံးရှုံးသွားရသည့် ပြည်သူများကို ဝန်ကြီးချုပ်များကိုယ်တိုင်ကျေးရွာများအလိုက် သွားရောက်ထောက်ပံ့ပေးနေခြင်းများရှိကြောင်း၊ လိုအပ်သည့် ဆေးကုသရေးအဖွဲ့များကို စေလွှတ်ပြီး ဆေးကုသပေးခြင်းများကို ဆောင်ရွက်နေပါကြောင်း၊ ထို့အပြင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့ရေးအစီအစဉ်များကို ဆက်လက်လုပ်ဆောင်သွားရန် အစီအစဉ်များရှိကြောင်း ပြန်လည်ဖြေကြားသည်။

**ဆက်လက်၍ မြန်မာသံတော်ဆင့် သတင်းဂျာနယ်မှ တာဝန်ခံအယ်ဒီတာ ဦးကိုကိုကြီး**က မြဝတီခရိုင်၌ ယခင်ကတည်ငြိမ်နေသော်လည်း မကြာခင်က KNU တပ်မဟာ(၆)နှင့် တပ်မတော်အကြား တိုက်ပွဲဖြစ်ခဲ့ပါကြောင်း၊ ၎င်းနေရာတွင် စစ်ဘေးရှောင်သည့် လူတစ်သောင်းကျော်ခန့် တစ်ဖက်နိုင်ငံသို့ သွားရောက်နေရသည်ဟု သိရပါကြောင်း၊ ယင်းအခြေအနေကို သိလိုပါကြောင်း မေးမြန်းသည်။

**တည်ငြိမ်အေးချမ်းမှုရရှိအောင် ဦးစွာလုပ်ဆောင်**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ယခင် လေးကေ့ကော်တိုက်ပွဲတွင် စစ်ဘေးရှောင်များရှိနိုင်ကြောင်း၊ တိုက်ပွဲပြီးဆုံးသည့်အခါ မိမိတို့ပြန်လည်ဆက်သွယ်ပြီး ပြန်လည်နေရာချထားပေးခြင်းများ ပြုလုပ်ပေးကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် IDP နေရပ်စွန့်ခွာသူများနှင့် စစ်ဘေးရှောင်များကို ၎င်းတို့၏ မူလနေရပ်ဒေသတွင် ပြန်လည်နေရာချထားနိုင်ရေး ဦးစားပေးဆောင်ရွက်ပါကြောင်း၊ တည်ငြိမ်အေးချမ်းမှုရရှိအောင် ဦးစွာလုပ်ဆောင်ရကြောင်း၊ သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရများ၊ တိုင်းစစ်ဌာနချုပ်များက ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦး**က မိမိအနေဖြင့် မေးခွန်းမမေးမီ တောင်းဆိုစရာတစ်ခုရှိပါကြောင်း၊ ပန်းခင်းစီမံချက်နှင့်ပတ်သက်ကြောင်း၊ မြေပြင်တွင် ပုံစံ(၁၀)အခက်အခဲများ ဖြစ်ပေါ်နေကြောင်း၊ ပန်းခင်းစီမံချက်အရ အသက် (၁၆) နှစ်နှင့်အထက်ပြည့်ပြီးသူများကို နိုင်ငံသားအသိအမှတ်ပြုကတ်တစ်မျိုးမျိုး(သို့မဟုတ်) နိုင်ငံသားစိစစ်ရေးကတ်ပြား(မှတ်ပုံတင်) ရရှိနိုင်ရန်ရည်ရွယ်၍ လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ သို့သော် မြေပြင်တွင် ပုံစံ(၁၀)နှင့်ပတ်သက်သည့် အခက်အခဲများ များစွာဖြစ်ပေါ်နေကြောင်း၊ ထိုကိစ္စကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများအနေဖြင့် မြေပြင်ကွင်းဆင်း၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ပါရန် တောင်းဆိုလိုကြောင်း၊ အာဆီယံအထူးကိုယ်စားလှယ် လာရောက်ခဲ့သည့်ကိစ္စနှင့် (၇၇)နှစ်မြောက်တပ်မတော်နေ့နှင့် ဆက်စပ်သည့်မေးခွန်းတစ်ခု မေးမြန်းလိုကြောင်း၊ အာဆီယံအထူးကိုယ်စားလှယ် မြန်မာနိုင်ငံခရီးစဉ် လာရောက်ခဲ့သည့် ပထမခြေလှမ်းအနေဖြင့် လတ်တလောပြည်တွင်း၌ ဖြစ်ပေါ်နေသည့် အကြမ်းဖက်မှုဖြစ်စဉ်များနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လုပ်ငန်းစဉ်(၅)ရပ်အပါအဝင် လုပ်ငန်းဆောင်ရွက်ချက်များအပေါ် မည်မျှအထိ သက်ရောက်မှုရှိနိုင်မည်ကို သိလိုကြောင်းနှင့် ပြီးခဲ့သည့်ရက်သတ္တပတ်တွင် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံ တပ်မတော် စစ်ဆင်ရေးမှူးချုပ်များနှင့် ထောက်လှမ်းရေးမှူးချုပ်များအစည်းအဝေးအပြီးတွင် မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့များက အာဆီယံနိုင်ငံများမှ တပ်မတော်ကိုယ်စားလှယ်အဖွဲ့များနှင့် သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ ထိုသို့တွေ့ဆုံရာတွင် လာမည့် (၇၇)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်ရန် ဖိတ်ကြားခဲ့ခြင်း ရှိ/မရှိသိလိုကြောင်း၊ ယခင်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ထမ်းဆောင်ခဲ့သည့် ပုဂ္ဂိုလ်ကြီးများကိုဖိတ်ကြားရန် အစီအစဉ်ရှိ/မရှိ သိလိုကြောင်းနှင့် တပ်မတော်နေ့အခမ်းအနား တက်ရောက်ရန်အတွက် အခြားမည်သည့်နိုင်ငံများမှ ဧည့်သည်တော်များကို ဖိတ်ကြားထားသည်ကိုလည်း သိလိုကြောင်း မေးမြန်းသည်။

> **တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများတွင် PDF များ၏ မီးရှို့ဖျက်ဆီးမှုများကြောင့် အလုပ်အကိုင် ဆုံးရှုံးသွားရသည့် ပြည်သူများ၊ အသက်ဆုံးရှုံးသွားရသည့် ပြည်သူများကို ဝန်ကြီးချုပ်များကိုယ်တိုင် ကျေးရွာများအလိုက် သွားရောက်ထောက်ပံ့ပေးနေခြင်းများရှိကြောင်း၊ လိုအပ်သည့်ဆေးကုသရေးအဖွဲ့များကို စေလွှတ်ပြီး ဆေးကုသပေးခြင်းများကို ဆောင်ရွက်နေ**

**မူဝါဒအရ သဘောတူညီပြီးဖြစ်**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က အာဆီယံအထူးကိုယ်စားလှယ်နှင့် တွေ့ဆုံရာတွင် ယခုခရီးစဉ်သည် ပထမဆုံးခရီးစဉ်ဖြစ်ကြောင်း၊ ယခင် ဘရူနိုင်းနိုင်ငံမှ ခန့်အပ်ထားသည့် အထူးကိုယ်စားလှယ်မှာ အကြောင်းအမျိုးမျိုးကြောင့် လာရောက်ခြင်းမရှိခဲ့ကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ခန့်အပ်ထားသည့် အထူးကိုယ်စားလှယ် မလာရောက်မီကပင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၏ အပြုသဘောဆောင်သည့်ခရီးစဉ် မြန်မာနိုင်ငံသို့ စတင်၍လာရောက်ခဲ့ကြောင်း၊ အဆိုပါခရီးစဉ်၏ရလဒ်ကြောင့်သာ အာဆီယံအထူးကိုယ်စားလှယ် ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ ခရီးစဉ်အတွင်း ဆွေးနွေးချက်များကို Sky Net မှသတင်းထောက်ကြီး၏မေးမြန်းချက်ကို ပြန်လည်ဖြေကြားရာ၌ ပြောကြားပြီးဖြစ်ကြောင်း၊ နံပါတ်(တစ်) အကျိုးသက်ရောက်မှုအနေဖြင့် ဆက်လက်ဆွေးနွေးသွားမည်ဆိုသည့် အကျိုးသက်ရောက်မှုရှိခဲ့ကြောင်း၊ အာဆီယံအထူးကိုယ်စားလှယ်အား မြန်မာနိုင်ငံသို့ ထပ်မံလာရောက်နိုင်သည်ဟုလည်း ဖိတ်ခေါ်ခဲ့ကြောင်း၊ အာဆီယံအထူးကိုယ်စားလှယ်ကလည်း မူဝါဒအရ သဘောတူညီပြီးဖြစ်ကြောင်း၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌလာရောက်စဉ် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင်ပါဝင်မည်ဟု တောင်းဆိုခဲ့ကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ညှိနှိုင်းရေးအဖွဲ့များနှင့် တွေ့ဆုံသွားခဲ့ပြီးဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် မြန်မာ့နိုင်ငံရေးလောကတွင် စစ်ဘောင်ကျယ်သည်ဟု ဝေဖန်နေကြသည့်ကိစ္စများကို စတင်ဖြေရှင်းနိုင်ရန်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ဆောင်ရွက်နိုင်ရန် နိုင်ငံတကာမှပါဝင်လာခဲ့သဖြင့် အကျိုးဖြစ်ထွန်းခဲ့ကြောင်း၊ အကြမ်းဖက်လုပ်ရပ်များရပ်တန့်ရန်နှင့် တပ်မတော်အနေဖြင့် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် တာဝန်ရှိကြောင်း၊ မိမိတို့အနေဖြင့် မည်သည့် EAO စခန်းကိုမျှ သွားရောက်တိုက်ခိုက်ခြင်းမရှိကြောင်း၊ EAO စခန်းများ မည်သည့်နေရာတွင်ရှိသည်ကို မိမိတို့သိရှိကြောင်း၊ ယခင်သတင်းစာရှင်းလင်းပွဲများတွင် မိမိပြောခဲ့သလိုပင် သွားရောက်တိုက်ခိုက်ရန်မလိုကြောင်း၊ အဝေးမှပစ်ခတ်၍ပင်ရကြောင်း၊ သို့သော်ထိုသို့မလုပ်ခဲ့ကြောင်း၊ ထိုအခြေအနေများမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်သည့် မိမိတို့၏သဘောထားများဖြစ်ကြောင်း၊ တပ်မတော်နေ့အခမ်းအနားသို့ မိမိတို့မြန်မာနိုင်ငံတွင်အခြေစိုက်သည့် စစ်သံမှူးများကို ဖိတ်ကြားထားပြီးဖြစ်ကြောင်း၊ တက်ရောက်မည့်စစ်သံမှူးများလည်း ရှိပြီးဖြစ်ကြောင်း၊ မိတ်ဖက်နိုင်ငံများမှ စစ်ဘက်၊ အရပ်ဘက်ကိုယ်စားလှယ်များကိုလည်း ဖိတ်ကြားထားကြောင်း၊ အခမ်းအနား တက်ရောက်မည့် ကိုယ်စားလှယ်အချို့လည်း ရောက်ရှိနေပြီဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**အခွန်အဖြစ်ပေးသွင်းထားခြင်း ရှိ/မရှိ သိလို**

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦး**က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် လတ်တလောတွင် အကြမ်းဖက်မှုများကိုနှိမ်နင်းခြင်းထက် မူဝါဒပိုင်းအား ပိုမို၍လက်တွေ့အကောင်အထည်ဖော်လာသည်ကိုတွေ့ရကြောင်း၊ အဂတိမှုများနှင့်ပတ်သက်၍လည်း လုပ်ဆောင်လာသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ပြီးခဲ့သည့် NLD အစိုးရလက်ထက်တွင် ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့တွင် ဖြစ်ပွားခဲ့သည့် မြေယာကိစ္စနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်အား တရားစွဲဆိုထားသည့် အမှုတစ်မှုရှိခဲ့ကြောင်း၊ တရားစွဲဆိုသူမှာ အဆိုပါမြေယာကို ပိုင်ဆိုင်သည့် ဒေါ်နန်းခမ်းတစ်ဖြစ်ကြောင်း၊ NLD အစိုးရလက်ထက်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့က မြေဧက ၉၃ ဧကကျော်ကို မြေကြီးများ ရောင်းချခြင်း၊ မြေကွက်များဖော်၍ရောင်းချခြင်းများမှာ ယနေ့အထိဆိုပါက ကျပ်ငွေ ဘီလီယံပေါင်း မြောက်မြားစွာရရှိထားသည်ဟု သိရကြောင်း၊ အဆိုပါကိစ္စနှင့် ပတ်သက်၍ ဒေါက်တာလင်းထွဋ်အပေါ် တရားစွဲဆိုထားသည့် အမှု၏အခြေအနေကို သိလိုကြောင်းနှင့် မြေကြီးများတူး၍ ရောင်းချခြင်းနှင့် မြေကွက်ဖော်၍ရောင်းချခြင်းများမှရရှိခဲ့သည့် ငွေကျပ်ဘီလီယံပေါင်းများစွာထဲမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူနေသည့် ကာလအတွင်းနှင့် ယခင် NLD အစိုးရကာလအတွင်းတို့တွင် နိုင်ငံတော်သို့ အခွန်အဖြစ်ပေးသွင်းထားခြင်း ရှိ/မရှိနှင့် ပေးသွင်းထားပါက မည်မျှပေးသွင်းထားသည်ကို သိလိုကြောင်း၊ နစ်နာခဲ့သူများအတွက် မည်ကဲ့သို့ ကူညီဆောင်ရွက်ပေးသွားမည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က အဆိုပါကိစ္စကို သက်ဆိုင်ရာတိုင်းဒေသကြီး (သို့မဟုတ်) သက်ဆိုင်ရာဝန်ကြီးဌာနကို မိမိအနေဖြင့် မေးမြန်းပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**People Media မှ သတင်းထောက် ဦးကျော်စိုးဦး**က အကြောင်းအမျိုးမျိုးကြောင့် PDF အကြမ်းဖက်အဖွဲ့များထဲသို့ ရောက်ရှိသွားသည့်သူများသည် ပညာရေးဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဆရာတော်၊ သံဃာတော်များ၊ သီလရှင်များကို လုပ်ကြံသတ်ဖြတ်မှုများရှိသည့်အတွက် ထိုအမြင်များအပေါ်တွင် သဘောထားမတိုက်ဆိုင်သည့် PDF များက ယခုအစိုးရထံသို့ ခိုလှုံလိုနေကြကြောင်း၊ ယင်းသို့သောအခြေအနေမျိုးများအတွက် နိုင်ငံတော်အစိုးရက လမ်းဖွင့်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် ခိုလှုံခွင့်ပေးမည်ဆိုလျှင် မည်သို့ဆောင်ရွက်ရမည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**အချိန်မရွေး ပြန်လည်ဖိတ်ခေါ်**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က နှစ်ပေါင်းများစွာတိုက်ခိုက်နေရသည့် ရန်သူများကိုပင် ငြိမ်းချမ်းရေးနှင့်ပတ်သက်လာလျှင် မိမိတို့က စားပွဲဝိုင်းတွင်ထိုင်ပြီးဆွေးနွေးနေရကြောင်း၊ ယခင်ကတည်းက ၎င်းတို့နှင့်ပတ်သက်၍ ထုတ်ပြန်ပြီးဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ပြည်တွင်း/ပြည်ပများတွင် ထွက်ပြေးတိမ်းရှောင်နေသူများနှင့် ပတ်သက်ပြီး မေလတွင် စတင်ထုတ်ပြန်ခဲ့ကြောင်း၊ ထိုထုတ်ပြန်ချက်များကို နေ့စဉ်သတင်းစာများနှင့် ရုပ်သံလိုင်းများတွင် ပြည်သူများသိရှိအောင် အမြဲကြေညာနေကြောင်း၊ လူငယ်လူရွယ်များသည် တိုင်းပြည်နှင့်ပတ်သက်လာလျှင် စိတ်ဓာတ်ပိုမိုတက်ကြွကြကြောင်း၊ ထိုစိတ်ဓာတ်များကိုအသုံးချပြီး နိုင်ငံရေးမကျေနပ်ချက်များကို သွင်းပေးကာ တောခိုသွားအောင်လုပ်သည့် ၁၉၈၈ ခုနှစ် အရေးအခင်းဖြစ်စဉ်များရှိကြောင်း၊ အကြောင်းမျိုးမျိုးကြောင့် လက်နက်ကိုင်အဖွဲ့အစည်းများသို့ ရောက်ရှိနေသည့် လူငယ်လူရွယ်များအနေဖြင့် ခြိမ်းခြောက်ခံရမှုများကြောင့် ယခုအချိန်အထိ

စာမျက်နှာ ၁၂ သို့ ★

★ **စာမျက်နှာ ၁၁ မှ**

ဆက်လက်နေထိုင်နေကြရသည်များ၊ လူမှုစီးပွားရေး အခက်အခဲဖြစ်ပေါ်နေသည်များကို အစိုးရအနေဖြင့် သိရှိကြောင်း၊ ထိုသို့သိရှိရခြင်းကြောင့် အစိုးရအနေဖြင့် လက်နက်ကိုင်အဖွဲ့အစည်းထဲသို့ ရောက်ရှိနေသည့်လူငယ်လူရွယ်များ၊ လက်နက်ကိုင်အဖွဲ့အစည်းများထံ ရောက်ရှိနေသည့် လူငယ်များနှင့် ပြည်ပသို့ ရောက်ရှိနေသည့် လူငယ်လူရွယ်များကို အချိန်မရွေး ပြန်လည်ဖိတ်ခေါ်ပါကြောင်း၊ ရာဇဝတ်မှု ကျူးလွန်ထားသူများမှအပ ကျန်သူများအားလုံး ကင်းလွတ်ခွင့်ရစေမည်ဖြစ်ကြောင်း၊ တောခိုပြီး ပြန်ဝင်လာသူများအနက် လူသတ်မှုကျူးလွန်ထားသူများကိုမူ ဥပဒေအရ မည်သို့မျှဆောင်ရွက်ပေးနိုင်မည် မဟုတ်ကြောင်း၊ တောခိုသွားသူအများစုမှာ အများအားဖြင့် ရာဇဝတ်မှုကျူးလွန်ထားသူများ မဟုတ်ကြောင်း၊ တလွဲအသုံးချခံရပြီး ထွက်သွားသည့်လူများဖြစ်ကြောင်း၊ ယင်းကိစ္စများနှင့်ပတ်သက်ပြီး အရေးယူမှုတစ်စုံတစ်ရာမရှိဘဲ လက်ခံမည်ဟု ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ ယင်းထုတ်ပြန်ချက်သည် အတည်ဖြစ်ကြောင်း၊ ဆက်သွယ်ဆောင်ရွက်ရမည့် အဆင့်များပါရှိကြောင်း၊ နိုင်ငံခြားတွင် သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများမှတစ်ဆင့် ဆက်သွယ်၍ရကြောင်း၊ ပြည်တွင်းတွင် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စု၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးရုံးများတွင် ဆက်သွယ်၍ရကြောင်း၊ တချို့လက်ရှိအစိုးရဝန်ထမ်းများ၊ ရပ်/ ကျေးအုပ်ချုပ်ရေးအဖွဲ့များထဲတွင် သတင်းထောက်ကြီးတို့ ပြောသကဲ့သို့ ဖရဲသီးများရှိသောကြောင့် အစိုးရထံပြန်လည်ခိုလှုံလိုသူများက ၎င်းတို့ကို မဆက်သွယ်လိုဘဲ တိုက်ရိုက်ဆက်သွယ်ပြီး ဝင်ရောက်လာသူများရှိကြောင်း၊ နည်းလမ်းအဆင့်ဆင့်ဖြင့်သော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း ဆက်သွယ်၍ရသည့် နည်းလမ်းများရှိကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၊ တိုင်းစစ်ဌာနချုပ်တို့ကို တိုက်ရိုက်ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များ၊ စိတ်ချရသည့်နေရာများရှိကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဖြစ်ပျက်နေသည့်အခြေအနေများသည် ဆိုးရွားနေသည့် အခြေအနေများရှိကြောင်း၊ လက်ယက်တွင်းရေနံထွက်သည့်ဒေသနှင့် ရွှေကျင်နေသည့်ဒေသများတွင် ပို၍ဆိုးကြောင်း၊ တစ်ဖွဲ့ချင်းလုပ်နေသည်များလည်းရှိကြောင်း၊ ထိုအထဲတွင် ဓားစာခံအဖြစ် သေဆုံးနေသူများလည်းရှိကြောင်း၊ ထို့ကြောင့် လူငယ်လူရွယ်များအနေဖြင့် လမ်းမှန်ကို ရွေးချယ်ကြရန်နှင့် စိတ်ချလက်ချပြန်လည်ဝင်ရောက်နိုင်သည်ဟု အာမခံကြောင်းကို ယခုနေရာမှပြောလိုကြောင်း၊ မိဘပြည်သူများအနေဖြင့် မိမိတို့၏ သားသမီးများဖြစ်စေ၊ ဆွေမျိုးသားချင်းများဖြစ်စေ ထိုသို့သောကိစ္စရပ်များရှိလာလျှင် ဝိုင်းဝန်းကူညီပေးကြရန် ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**မည်ကဲ့သို့ကူညီလုပ်ဆောင်ပေးမည်ကို သိလို**

**Myanmar National Post သတင်းဌာနမှ သတင်းထောက် နော်တော်လေး**က အကြမ်းဖက်များ၏အန္တရာယ်နှင့်ပတ်သက်သည့် မေးခွန်းကို မေးမြန်းလိုကြောင်း၊ NLD အစွန်းရောက် PDF များ၏ လုပ်ကြံသတ်ဖြတ်မှုမှကာကွယ်ရန်အတွက် ပြည်သူများပူးပေါင်းဆောင်ရွက်ရန်အတွက် ဝန်ကြီးကိုယ်တိုင်လည်း သတင်းစာရှင်းလင်းပွဲများမှတစ်ဆင့် အကြိမ်ကြိမ် အသိပေးခဲ့ကြောင်း၊ အကြမ်းဖက်ဘေးအန္တရာယ်သင့် ပြည်သူအချို့နှင့်လည်း အဆက်အသွယ်ရှိကြောင်း၊ ထိုသူများကလည်း ပြည်သူ့စစ်အဖွဲ့များတွင် ပူးပေါင်းပါဝင်၍ အကြမ်းဖက်အန္တရာယ်ကို ကာကွယ်နေကြသူများလည်းရှိကြောင်း၊ သို့သော်လည်း PDF များက အင်အားကောင်းနေပြီး ကျေးရွာများတွင် ဖွဲ့စည်းထားသည့် ပြည်သူ့စစ်အဖွဲ့များ၏ အင်အားမှာ နည်းပါးနေသည်ကိုတွေ့ရကြောင်း၊ ဝန်ကြီးအနေဖြင့် သတင်းစကားများပါးနေသော်လည်း မြေပြင်တွင် ပူးပေါင်းဆောင်ရွက်နေသည့် ပြည်သူများတွင် ဆက်ဆံရေးအရ အဆင်မပြေမှုများနှင့် အခက်အခဲအချို့ရှိနေကြောင်း၊ ထိုကိစ္စများ အဆင်ပြေစေရန်အတွက် ဝန်ကြီးအနေဖြင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ရမည့် အကြမ်းဖက်အန္တရာယ်ကာကွယ်ရေးလုပ်ငန်းများတွင် မည်ကဲ့သို့ကူညီလုပ်ဆောင်ပေးမည်ကို သိလိုကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် သဘာဝဘေးအန္တရာယ်သင့်ပြည်သူများအတွက် လိုက်လံကူညီဆောင်ရွက်ပေးမှုများကို တွေ့ရကြောင်း၊ သို့သော် အကြမ်းဖက်ဘေးအန္တရာယ်သင့်ပြည်သူများကိုမူ ကူညီဆောင်ရွက်ပေးခြင်းမရှိသည်ကို တွေ့ရသောကြောင့် ထိုသူများကို ဘေးသင့်ပြည်သူများအဖြစ် သတ်မှတ်ခြင်း ရှိ၊ မရှိကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများပါရှိပါက ဖြေကြားပေးစေလိုကြောင်း မေးမြန်းသည်။

**ပိုမိုထိရောက်စေရန် ဆောင်ရွက်သွားမည်**

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ယခုကဲ့သို့ သတင်းပေးသည့်အတွက် သတင်းထောက်ကြီးကို ကျေးဇူးတင်ကြောင်း၊ အချို့ကျေးရွာများတွင် ပြည်သူလူထု၏ တောင်းဆိုချက်အရ ပြည်သူလူထုပါဝင်သည့် ကာကွယ်ရေးစနစ်ဖြစ်သည့် ပြည်သူ့စစ်အဖွဲ့များ ဖွဲ့စည်းပေးခဲ့ကြောင်း၊ ထိုသို့ဖွဲ့စည်းပေးလိုက်သောကြောင့် PDF အဖွဲ့များက အဆိုပါကျေးရွာများကို ပိုမိုပစ်မှတ်ထား၍ တိုက်ခိုက်ခဲ့ကြောင်း၊ အချို့နေရာများတွင် အင်အား ၁၀၀ ကျော်ခန့်အထိအသုံးပြု၍ ရွာကိုဝိုင်းပတ်ပိတ်ဆို့၍ မီးရှို့ခဲ့ကြသည်ကိုလည်း တွေ့ရကြောင်း၊ ကျေးရွာတွင်ရှိသည့် ပြည်သူ့စစ်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများက ပြန်လည်ခုခံခဲ့သော်လည်း အင်အားမျှတမှုမရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်၍ ဘုန်းတော်ကြီးကျောင်းများကဲ့သို့သောနေရာများသို့ သွားရောက်ခိုလှုံကြသည့် အချိန်တွင် အိမ်များကိုမီးရှို့ခဲ့သည့်ဖြစ်စဉ်များလည်း ရှိခဲ့ကြောင်း၊ ထိုကဲ့သို့သောဖြစ်စဉ်များကို ပို၍ထိထိရောက်ရောက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အင်အား၊ စွမ်းရည်နှင့် လုပ်ဆောင်နိုင်စွမ်းများ ပိုမိုထိရောက်စေရန် ဆောင်ရွက်သွားမည်ဟုပြောလိုကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့်လည်း သဘာဝဘေးအန္တရာယ်ကို ဦးစားပေး ကူညီဆောင်ရွက်နေသည်မှာမှန်သော်လည်း သတင်းထောက်ကြီးမေးမြန်းခဲ့သည့်ကိစ္စများကို ကူညီဆောင်ရွက်ပေးနိုင်သည့် အနေအထားရှိလိမ့်မည်ဖြစ်ကြောင်းနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**Myanmar National Post သတင်းဌာနမှ သတင်းထောက် နော်တော်လေး**က မိမိယခုမေးမြန်းမည့်မေးခွန်းမှာ အမေရိကန်နိုင်ငံနှင့် ဆက်စပ်ကြောင်း၊ အဆိုပါနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးက ပြီးခဲ့သည့်ရက်ပိုင်းအတွင်းကပင် မြန်မာ့တပ်မတော်အနေဖြင့် လူမျိုးတုံးသတ်ဖြတ်မှုများကို လုပ်ဆောင်နေသည်ဟူသည့် စွပ်စွဲပြောဆိုမှုတစ်ခုကို ထုတ်ပြန်ခဲ့ကြောင်း၊ ထိုသို့ထုတ်ပြန်ရာတွင် မိမိတို့တိုင်းပြည်က အသိအမှတ်ပြုထားခြင်းမရှိသည့် လူမျိုးစုတစ်စု၏နာမည်ကိုသုံးစွဲ၍ ပြောဆိုခဲ့ကြောင်း၊ အဆိုပါ ပြောကြားချက်တွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် တပ်မတော်အကြားသွေးခွဲသည့်စကားများပါဝင်ကြောင်း၊ တိုင်းရင်းသားပြည်သူများအပေါ် တပ်မတော်က အနိုင်ကျင့်မှုများ ကျူးလွန်နေသည်ဆိုသည့် ပြောကြားချက်များ ပါဝင်သည်ကိုလည်း တွေ့ရကြောင်း၊ နိုင်ငံတကာသတင်းများကို လေ့လာရာတွင်လည်း အမေရိကန်နိုင်ငံသည် ၎င်းတို့ကိုယ်တိုင် အီရတ်၊ ဆီးရီးယားနှင့် အာဖဂန်နစ္စတန်နိုင်ငံတို့တွင် လူမျိုးတုံးသတ်ဖြတ်မှု ကျူးလွန်ရာရောက်သည့် လုပ်ရပ်များ ကျူးလွန်ခဲ့သည်ကို တွေ့ရကြောင်း၊ သို့သော် မိမိတို့မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်စွပ်စွဲပြောဆို၍ ကမ္ဘာသို့ဝါဒဖြန့်နေသည့်အတွက် ယခုကဲ့သို့ထုတ်ပြန်ချက်များထုတ်ပြန်၍ တုံ့ပြန်ပြောဆိုခြင်းထက် ပို၍ထိရောက်ပြတ်သားသည့် မည်ကဲ့သို့သော ဆောင်ရွက်ချက်မျိုး ဆောင်ရွက်သွားမည်ကို သိလိုကြောင်း မေးမြန်းသည်။

**လုပ်ရိုးလုပ်စဉ်အတိုင်းသာ ဆောင်ရွက်သွားမည်**

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က အမေရိကန်နိုင်ငံအနေဖြင့် ၎င်းတို့၏နိုင်ငံခြားရေးမူဝါဒများ ရှိလိမ့်မည်ဖြစ်ကြောင်း၊ သတင်းထောက်ကြီးပြောကြားခဲ့သည့် ဝေဖန်ပြောဆိုမှုများကို မိမိတို့လည်း သိရပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း မိမိတို့၏ ရပ်တည်ချက်ကို ယခင်ကတည်းကပင် ပြောပြီးဖြစ်ကြောင်း၊ ၂၀၁၇/၂၀၁၈ ခုနှစ်များတွင် ရခိုင်ပြည်နယ်၌ ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့်ပတ်သက်၍လည်း သတင်းစာရှင်းလင်းပွဲများ ပြုလုပ်ခဲ့ကြောင်း၊ တပ်မတော်တစ်ရပ်လုံးအနေဖြင့် Genocide ကျူးလွန်ခဲ့ခြင်းမရှိကြောင်း၊ ကျူးလွန်ရန်လည်း မရှိကြောင်း၊ သို့သော် တာဝန်ထမ်းဆောင်ရာတွင် စစ်သည်တစ်ဦးချင်းအနေဖြင့်လည်းကောင်း၊ အစုအဖွဲ့ငယ်များအနေဖြင့်လည်းကောင်း မှားယွင်းမှုများ ရှိကောင်းရှိနိုင်ကြောင်း၊ ထိုကိစ္စများကိုလည်း စုံစမ်းစစ်ဆေး၍ တရားဥပဒေအရ အရေးယူဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင် အမေရိကန်နိုင်ငံ၏ စွပ်စွဲပြောဆိုမှုနှင့် မည်သည့်နိုင်ငံမျှ မလွတ်ကင်းကြောင်း၊ အခြားနိုင်ငံများအပေါ် လူ့အခွင့်အရေးချိုးဖောက်သည်ဟု စွပ်စွဲပြောဆိုသော်လည်း ၎င်းတို့နိုင်ငံ၏ သမ္မတတစ်ဦးလက်ထက်တွင် အီရတ်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့၌ ဖြစ်ခဲ့သည့်ကိစ္စရပ်များကို သတင်းထောက်ကြီးတို့လည်း သိပြီးဖြစ်ကြောင်း၊ ထိုကိစ္စများကို ICC တင်မည်၊ ICJ တင်မည်ဟု ပြောဆိုသည့်အချိန်တွင် အဆိုပါတရားရုံးများနှင့် သက်ဆိုင်သည့် တရားသူကြီးများကို အမေရိကန်နိုင်ငံအတွင်းမှ နှင်ထုတ်မည်ဟု ပြောဆိုသည်အထိရှိခဲ့ကြောင်း၊ ၎င်းတို့၏ ရပ်တည်ချက်မှာ ထိုအတိုင်းသာဖြစ်ကြောင်း၊ မိမိတို့အနေဖြင့်လည်း လုပ်ရိုးလုပ်စဉ်အတိုင်းသာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့ကန့်ကွက်ရန်ရှိသည်များကို ကန့်ကွက်သွားမည်ဖြစ်ကြောင်း၊ ၎င်းတို့ကို ဂရုစိုက်နေမည်ဆိုပါက မိမိတို့လုပ်ရန်ရှိသည့် အလုပ်များကိုပင် လုပ်ဖြစ်မည်မဟုတ်ကြောင်း၊ ပြည်တွင်းအင်အားကို ခိုင်မာအောင် တည်ဆောက်ရမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်သွားမည်ဟုပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**ခေတ်ပုံရိုပ်သတင်းဂျာနယ်မှ သတင်းထောက် ဒေါ်သန်းသန်းဌေး**က ယခုကဲ့သို့ နိုင်ငံတော်၌ အကျပ်အတည်းဖြစ်ပေါ်နေသည့် ကာလတွင် ကုန်ဈေးနှုန်းကလည်း တစ်နေ့တခြားတက်နေသကဲ့သို့ စက်သုံးဆီဈေးမှာလည်း အဆမတန်မြင့်မားနေကြောင်း၊ အခြေခံလူတန်းစားတော်တော်များများမှာ စားဝတ်နေရေးကျပ်တည်းနေသည်ကိုလည်း တွေ့ရကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ပြည်သူများအဆင်ပြေစေရန် ကုန်ဈေးနှုန်း ထိန်းချုပ်လျှော့ချပေးရန် အစီအစဉ် ရှိ/မရှိနှင့် ယာဉ်စီးခနှုန်းထားများ အဆမတန်ကြီးမားနေသည်ကို သင့်တော်သည့်ဈေးနှုန်းများ သတ်မှတ်ထိန်းချုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ယခုဖြစ်ပေါ်နေသည့် ကုန်ဈေးနှုန်းများနှင့် ယာဉ်စီးခနှုန်းထားများ ကြီးမြင့်နေမှုကို ယခင်ဆိုရှယ်လစ်ခေတ်ဆိုပါက ကန့်သတ်ချက်များ လုပ်၍ရကြောင်း၊ သို့သော် ယခုအချိန်တွင် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးနေခြင်းဖြစ်သည့်အတွက် ထိုကဲ့သို့လုပ်၍မရကြောင်း၊ သို့သော် မိမိတို့အနေဖြင့် ပြည်သူလူထု၏ စားဝတ်နေရေး ချောင်လည်လာစေရန်အတွက်၊ စိုက်ပျိုး/ မွေးမြူရေးလုပ်ငန်းများ အဆင်ပြေစေရန်အတွက် ပံ့ပိုးမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယာဉ်စီးခနှုန်းကြီးမြင့်မှုမှာ စက်သုံးဆီဈေးနှုန်းကြီးမြင့်နေသည့်အတွက်ကြောင့်ဖြစ်ကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ပြောရမည်ဆိုပါက မိမိတို့နိုင်ငံသည် စက်သုံးဆီထွက်ရှိသည့်နိုင်ငံ မဟုတ်ကြောင်း၊ ရေနံထွက်ရှိသည်ဆိုသော်လည်း လုံလောက်မှုမရှိသည့်အတွက် ပြည်ပမှမှာယူတင်သွင်းနေရကြောင်း၊ ထိုသို့ ပြည်ပမှတင်သွင်းရသည့်အတွက် ပထမဆုံး မိမိတို့လုပ်ဆောင်သည်မှာ မိမိကိုယ်တိုင်ချွေတာခြင်းဖြစ်ကြောင်း၊ ပြည်သူလူထုကို ချွေတာခိုင်းနေခြင်း မဟုတ်ကြောင်း၊ အစိုးရအနေဖြင့် စက်သုံးဆီသုံးစွဲမှုများကို ချွေတာရန်အတွက် အစိုးရဝန်ကြီးဌာနများတွင် စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း၊ ပြည်သူလူထုကို အတင်းအကျပ်လုပ်ခိုင်း၍မရကြောင်း၊ ပညာပေးအစီအစဉ်အနေဖြင့် မည်ကဲ့သို့ လျှော့သုံးသင့်ကြောင်း အသိပညာပေးမှုများကိုလည်း လုပ်ဆောင်နေကြောင်း၊ ရေနံကိုသက်သာသည့်ဈေးနှုန်းဖြင့် တင်သွင်းခွင့်များရရှိမှသာလျှင် ထိုကိစ္စကို ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း၊ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

**ခေတ်ပုံရိုပ်သတင်းဂျာနယ်မှ သတင်းထောက် ဒေါ်သန်းသန်းဌေး**က အကြောင်းအမျိုးမျိုးကြောင့် ပုဒ်မ ၅၀၅ ဖြင့် တရားစွဲခံနေရသည့် မီဒီယာနှင့် အရပ်သားပြည်သူများကို သက်ညှာစဉ်းစားပေးပြီး ဖြေလျှော့ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိသိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ယင်းကိစ္စများကို မိမိတို့လုပ်ဆောင်လျက်ရှိကြောင်း၊ သို့သော် ကာယကံရှင်များ၏ ကိုယ်တိုင်ဝန်ခံချက်လိုအပ်ကြောင်း၊ ၎င်းတို့၏ဝန်ခံချက်ဖြင့် သက်ဆိုင်ရာပြည်ထဲရေးဝန်ကြီးဌာနသို့ တင်ရမည်ဖြစ်ကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနကလည်း လုပ်ဆောင်ပေးလျက်ရှိကြောင်း၊ ကာယကံရှင်များ၏ ဝန်ခံချက်ရသည်နှင့် ခံဝန်ဖြင့်လွှတ်ပေးရေးဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ကျူးလွန်ခဲ့သူများအနက် အဓိကအားဖြင့် ရာဇဝတ်မှုကျူးလွန်ထားခြင်း မရှိသူများနှင့် ဦးဆောင်လှုံ့ဆော်သူများ မဟုတ်ပါက သက်ညှာစွာစဉ်းစားပေးပြီး ခံဝန်ဖြင့် ပြန်လည်လွှတ်ပေးနိုင်ရေးကို ရာဇဝတ်ကျင့်ထုံး ဥပဒေအရဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းမှာလည်း တိုင်းရင်းသားပြည်သူအားလုံး နိုင်ငံတော်တည်ဆောက်ရေးတာဝန်များတွင် ပါဝင်နိုင်ရန် ရည်ရွယ်ပြီး ဆောင်ရွက်ပေးခြင်းဖြစ်သည်ဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

■

> **"အကြောင်းမျိုးမျိုးကြောင့် လက်နက်ကိုင်အဖွဲ့အစည်းများသို့ ရောက်ရှိနေသည့် လူငယ်လူရွယ်များအနေဖြင့် ခြိမ်းခြောက်ခံရမှုများကြောင့် ယခုအချိန်အထိ ဆက်လက်နေထိုင်နေကြရသည်များ၊ လူမှုစီးပွားရေး အခက်အခဲဖြစ်ပေါ်နေသည်များကို အစိုးရအနေဖြင့် သိရှိကြောင်း၊ ထိုသို့သိရှိရခြင်းကြောင့် အစိုးရအနေဖြင့် လက်နက်ကိုင်အဖွဲ့အစည်းထဲသို့ ရောက်ရှိနေသည့် လူငယ်လူရွယ်များ၊ လက်နက်ကိုင်အဖွဲ့အစည်းများထံ ရောက်ရှိနေသည့် လူငယ်များနှင့် ပြည်ပသို့ရောက်ရှိနေသည့် လူငယ်လူရွယ်များကို အချိန်မရွေး ပြန်လည်ဖိတ်ခေါ်ပါကြောင်း၊ ရာဇဝတ်မှု ကျူးလွန်ထားသူများမှအပ ကျန်သူများအားလုံး ကင်းလွတ်ခွင့်ရစေမည်"**

## ပြင်သစ်နိုင်ငံ၌ မတ် ၁၄ ရက်နောက်ပိုင်း နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်မှု စံချိန်တင်တွေ့ရှိ




ပါရီ မတ် ၃၀

ပြင်သစ်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၁၇၄၈၀ ထပ်မံတွေ့ရှိခြင်းကြောင့် ယင်းအရေအတွက်သည် မတ် ၁၄ ရက်နောက်ပိုင်း နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စံချိန်တင်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ပြင်သစ်ပြည်သူ့ကျန်းမာရေးအေဂျင်စီက သတင်းထုတ်ပြန်ခဲ့သည်။

ပြင်သစ်ပြည်သူ့ ကျန်းမာရေးအေဂျင်စီ၏ ပြောကြားချက်အရ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၁၃၀၀ သည် ဆေးရုံများ၌ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်းနှင့် ၁၅၃၈ ဦးသည် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ပြင်သစ်နိုင်ငံ၌ နိုင်ငံလူဦးရေစုစုပေါင်း၏ ၈၀ ဒသမ ၈ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် ၇၉ ဒသမ ၅ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ပြင်သစ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၅၇၆၅၀၈ ဦး၊ အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၁၄၁၉၈၅ ဦးနှင့် ပြန်လည်ကျန်းမာလာသူပေါင်း ၂၃၀၉၂၀၇၇ ဦးရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

## တရုတ်နိုင်ငံ ရှန်ဟိုင်း၌ ကိုဗစ်-၁၉ ရောဂါ စစ်ဆေးခြင်းလုပ်ငန်း အရှိန်မြှင့်ဆောင်ရွက်

ရှန်ဟိုင်း မတ် ၃၀

တရုတ်နိုင်ငံ၏ စီးပွားရေးမြို့တော် ရှန်ဟိုင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ ပြန်လည်တွေ့ရှိလာရသဖြင့် ဒေသခံများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးခြင်းလုပ်ငန်းကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း ရှန်ဟိုင်းမြို့မှ ကျန်းမာရေးဆိုင်ရာတာဝန်ရှိသူများက သတင်းစာရှင်းလင်းပွဲတွင် ယနေ့ ပြောကြားသည်။

လက်ရှိအချိန်တွင် ရှန်ဟိုင်းမြို့တွင်းရှိ ဒေသအများအပြား၌ အသွားအလာကန့်သတ်မှုများချမှတ်ပြီး သက်ရှိကလပ်စည်းများ၌ ပါရှိသော DNA သို့မဟုတ် RNA အက်စစ်အား စမ်းသပ်သည့် နည်းစနစ်ဖြင့် ဒေသခံ ၉ ဒသမ ၁ သန်းအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးဆောင်ရွက်ပေးခဲ့ကြောင်း ရှန်ဟိုင်းမြူနီစပယ် ကျန်းမာရေးကော်မရှင်မှ တာဝန်ရှိသူ ဝူကွန်ယုက ပြောကြားသည်။ ထို့ပြင် ရှန်ဟိုင်းမြို့ရှိ ဒေသခံ ၁၀ ဒသမ ၈၇ သန်းကိုလည်း ပဋိပစ္စည်းစမ်းသပ်ခြင်းနည်းစနစ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်းလည်း သိရသည်။

ရှန်ဟိုင်းမြို့ရှိ ရုံးများ၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်များ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် အများပြည်သူနေထိုင်ရာနေရာများတွင် အချိန်တစ်လကြာမြင့်မည့် ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးအစီအစဉ်ကို ယနေ့မှစတင်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

## တရုတ်နိုင်ငံက ဂြိုဟ်တုသုံးစင်းအား အောင်မြင်စွာ လွှတ်တင်


ပေကျင်း မတ် ၃၀

တရုတ်နိုင်ငံက ယနေ့ ဂြိုဟ်တုသုံးလုံးအား အာကာသထဲသို့ အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကြောင်း သိရသည်။

ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၂၉ မိနစ်တွင် အဆိုပါဂြိုဟ်တုသုံးစင်းကို Long March-11 သယ်ဆောင်ဒုံးပျံဖြင့် နိုင်ငံ၏အနောက်မြောက်ပိုင်းရှိ ကျီကွမ်းဂြိုဟ်တုပစ်လွှတ်စင်တာမှ ပစ်လွှတ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဂြိုဟ်တုသုံးစင်းဖြစ်သည့် Tianping-2A၊ Tianping-2Bနှင့် Tianping-2C ဂြိုဟ်တုများသည် အာကာသပတ်ဝန်းကျင်စစ်တမ်းနှင့် ပတ်လမ်းခန့်မှန်းချက်မော်ဒယ်အမှားပြင်ဆင်ခြင်းစသည့် အာကာသဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ပေးမည်ဖြစ်သည်။

ယခုဂြိုဟ်တုလွှတ်တင်မှုသည် Long March ဒုံးပျံအမျိုးအစား၏ ၄၁၃ ကြိမ်မြောက် လွှတ်တင်ခြင်းဖြစ်သည်။ **ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**



## တူရကီနိုင်ငံ၌ ရုရှား-ယူကရိန်း ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကျင်းပ နှစ်နိုင်ငံအကြား တင်းမာမှုများ လျှော့ချနိုင်ရန် နည်းလမ်းများ ရှာဖွေနိုင်ခဲ့

အစ္စတန်ဘူလ် မတ် ၃၀

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့၌ မတ် ၂၉ ရက်က ရုရှား-ယူကရိန်း နှစ်နိုင်ငံအကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကျင်းပခဲ့သည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် နှစ်နိုင်ငံအကြား တင်းမာမှုလျှော့ချနိုင်ရန် နည်းလမ်းများကို ရှာဖွေနိုင်ခဲ့ပြီး တိုးတက်မှုများရှိခဲ့ကြောင်းလည်း သိရသည်။

ရုရှား-ယူကရိန်းနှစ်နိုင်ငံအကြား စစ်ရေးတိုက်ခိုက်မှုများကို အရှိန်လျှော့ချကာ ပြီးပြည့်စုံသော သဘောတူညီချက်များ ရရှိရေး ဆက်လက်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ကြောင်း လေ့လာသူများက ပြောကြားသည်။

ဆွေးနွေးမှုများအတွင်း အပြုသဘောဆောင်သည့် သဘောထားများကို မြင်တွေ့ခဲ့ရကြောင်း ယူကရိန်း သမ္မတဇီလန်စကီးက ပြောကြားသည်။

အဆိုပါ ငြိမ်းချမ်းရေးဆွေးနွေးပွဲသည် ရုရှားနိုင်ငံက ယူကရိန်းနိုင်ငံအား အထူးစစ်ဆင်ရေးဆင်နွှဲခဲ့သည့် ဖေဖော်ဝါရီ ၂၄ ရက်နောက်ပိုင်း ကျင်းပသော (၅)ကြိမ်မြောက် ငြိမ်းချမ်းရေးဆွေးနွေးပွဲဖြစ်ကြောင်း သိရသည်။

အဆိုပါငြိမ်းချမ်းရေးဆွေးနွေးပွဲကျင်းပပြီးနောက် ယူကရိန်းနိုင်ငံအနေဖြင့် နိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခအဆုံးသတ်ရေးကြိုးပမ်းရာတွင် လုံခြုံရေးအာမခံသူများဆိုင်ရာ နိုင်ငံတကာစာချုပ်သစ်တစ်ရပ်ချုပ်ဆိုရန် အဆိုပြုခဲ့ကြောင်း ယူကရိန်းကိုယ်စားလှယ်အဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဒေးဗစ်အာရာခါမီယာက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

## မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၅၂၁၅ ဦး ထပ်မံတွေ့ရှိ

ကွာလာလမ်ပူ မတ် ၃၀

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၅၂၁၅ ဦး ထပ်မံတွေ့ရှိခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄၁၆၇၄၁၈ ဦး ရှိလာပြီဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

အဆိုပါရောဂါထပ်မံကူးစက်ခံရသူများအနက် ၂၅၀ သည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ၁၄၉၆၅ ဦးသည် ပြည်တွင်းကူးစက်ခံရသူများဖြစ်သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်လူနာ ၆၄ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၃၄၉၀၆ ဦးရှိလာပြီဖြစ်သည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း လူနာ ၂၄၁၅၄ ဦး ရောဂါမှ ပြန်လည်သက်သာလာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသူပေါင်း ၃၉၂၀၆၄၃ ဦးရှိလာကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၂၁၁၈၆၉ ဦးရှိပြီး ယင်းတို့အနက် ၂၈၂ ဦးသည် ရောဂါပြင်းထန်စွာ ခံစားနေရသည်။ ၎င်းတို့အနက် ၁၇၆ ဦးသည် အသက်ရှူအထောက်အကူပြုကိရိယာများ တပ်ဆင်ထားရကြောင်း သိရသည်။

နိုင်ငံလူဦးရေ၏ ၈၄ ဒသမ ၂ ရာခိုင်နှုန်းသည် ကာကွယ်ဆေးအနည်းဆုံးတစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ပြီး ၇၉ ရာခိုင်နှုန်းသည် ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်သည်။ ပြည်သူ ၄၈ ဒသမ ၁ ရာခိုင်နှုန်းသည် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုခံယူပြီးဖြစ်သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

## အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၃ သန်းကျော်ရှိလာ

နယူးဒေလီ မတ် ၃၀

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၂၃၃ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄၃၀၂၃၂၁၅ ဦးရှိလာပြီဖြစ်ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ယနေ့ သတင်းထုတ်ပြန်သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် လူနာ ၃၁ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၅၂၁၁၀၁ ဦးရှိလာကြောင်း သိရသည်။

ထို့ပြင် လွန်ခဲ့သော တစ်ရက်တာအတွင်း ပိုးတွေ့ဆဲလူနာ ၆၇၄ ဦး လျော့ကျသွားသည့်အတွက် လက်ရှိအချိန်၌ ပိုးတွေ့ဆဲလူနာ ၁၄၇၀၄ ဦးသာရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

နိုင်ငံအတွင်း၌ ပိုးတွေ့ဆဲလူနာအရေအတွက် လျော့ကျလာသည်မှာ ၆၄ ရက်ဆက်တိုက်ရှိပြီဖြစ်သည်။ လွန်ခဲ့သော ၂၄ နာရီအတွင်း လူနာ ၁၈၇၆ ဦး ရောဂါမှပြန်လည်သက်သာလာသည့်အတွက် ဆေးရုံများမှ ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသူပေါင်း ၄၂၄၈၇၄၁၀ ဦးရှိပြီဖြစ်သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

## တောင်ကိုရီးယားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ လေးသိန်းကျော်ရှိ

ဆိုးလ် မတ် ၃၀

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၂၄၆၄၁ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါကူးစက်ခံရသူပေါင်း ၁၂၇၇၄၉၅၆ ဦးရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေးအာဏာပိုင်များက မတ် ၃၀ ရက်တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၃၂ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၁၅၈၅၅ ဦး ရှိလာကြောင်း တောင်ကိုရီးယားရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။ အဆိုပါတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်သည် နိုင်ငံအတွင်း သေဆုံးသူစုစုပေါင်း၏ သုည ဒသမ ၁၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၈၆ ဒသမ ၇ ရာခိုင်နှုန်း သို့မဟုတ် ၄၄၄၈၂၈၇၆ ဦးအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပေးပြီးဖြစ်ကြောင်းနှင့် လူဦးရေ ၃၂၆၆၇၀၁၈ ဦး သို့မဟုတ် နိုင်ငံလူဦးရေ၏ ၆၃ ဒသမ ၇ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တတိယအကြိမ် အပိုဆောင်းထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



ကော့ကရိတ်-မြဝတီသွားလမ်းမှ ယာဉ်များ မီးရှို့ခံရမှု မှတ်တမ်းဓာတ်ပုံ။

❂ ကျောဖုံးမှ

အာရှလမ်းမကြီးပေါ်ရှိ ကော့နွဲ့တံတားနှင့် တတန်ကူးတံတားအကြားသို့ ရောက်ရှိစဉ် KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**မီးရှို့ဖျက်ဆီးခဲ့**

ဖြစ်စဉ်အား စိစစ်ခဲ့ရာ ရင်ဆိုင်ကြုံတွေ့ခဲ့ရသူများ၏ ပြောကြားချက်အရ အိမ်စီးယာဉ်နှစ်စီးသည် ဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ အရောက်၌ KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လမ်း၏ယာဘက်ခြမ်းမှ လက်နက်ငယ်များဖြင့် အဆက်မပြတ်ပစ်ခတ်ခဲ့ကြောင်း၊ ပစ်ခတ်ခံရမှုကြောင့် ကားဘီးနှင့် ယာဉ်ကိုယ်ထည်တွင် ကျည်များထိမှန်ခဲ့သဖြင့် ယာဉ်အား လမ်းမကြီးပေါ်တွင် ရပ်တန့်ထားသည့် ကြက်သွန်များတင်ဆောင်ထားသည့် ၁၂ ဘီးယာဉ်အနီး ထိုးရပ်ကာ ယာဉ်ပေါ်မှ ဆင်းပြေးခဲ့ရပြီး အနီးတစ်ဝိုက်တွင် ပုန်းခိုခဲ့ရကြောင်း၊ KNU/ KNLA တပ်မဟာ(၆)၊ KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ယာဉ်များပေါ်တွင် ပါရှိသည့် ငွေသားများ၊ လက်ဝတ်ရတနာနှင့် အသုံးအဆောင်ပစ္စည်းများကို ယူဆောင်ကာ ယာဉ်များအား မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ စစ်ရေးပစ်မှတ်မဟုတ်သည့် အစိုးရရုံး အဆောက်အအုံများနှင့် အများပြည်သူနေအိမ်များအပြင် အများပြည်သူသွားလာနေသည့်လမ်းမကြီးများနှင့် ခရီးသွားပြည်သူများကို ပစ်မှတ်ထား ပစ်ခတ်တိုက်ခိုက်ခြင်းနှင့် လူမှုစီးပွားကို ထိခိုက်ပျက်စီးစေပြီး ကုန်စည်စီးဆင်းမှုကို အဟန့်အတားဖြစ်စေသည့် အကြမ်းဖက်လုပ်ရပ်များကို တစ်ဖက်သတ်အစွန်းရောက်ဝါဒစွဲအပေါ် အခြေခံကာ အသိဉာဏ်နည်းပါးစွာ မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်အရေးယူနိုင်ရေးနှင့် နယ်မြေလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည်များ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။




ကော့ကရိတ်-မြဝတီသွား အာရှလမ်းမကြီးပေါ်၌ အကြမ်းဖက်သမားများက ယာဉ်များအား မီးရှို့ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်နှင့် အိမ်သုံးလျှပ်စစ်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၃၀**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မတ် ၂၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ဥက္ကံကြိုးဝိုင်းအတွင်း တရားမဝင်သစ်မျိုးစုံ ၁၀ ဒသမ ၂၆၅၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၁၀၃၀) သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မတ် ၂၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာ့စက်မှုဆိပ်ကမ်း အကောက်ခွန်စစ်ဆေးရေးစခန်း၌ တာဝန်ကျ အကောက်ခွန်စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ FDA Certificate မရရှိသော အလှကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၈၂၁၉၂)ကိုလည်းကောင်း၊ သွင်းကုန်ကြေညာလွှာ ID နှင့် ကိုက်ညီမှုမရှိသော လူသုံးကုန်နှင့် အိမ်သုံးလျှပ်စစ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၃၆၀၀၀၀) ကိုလည်းကောင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၉၄၂၁၉၂) ကိုလည်းကောင်း** သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မတ် ၃၀ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးမြို့နယ်၊ ရေတာရှည်မြို့နယ်နှင့် မင်းလှမြို့နယ်တို့အတွင်း တရားမဝင်သစ်မျိုးစုံ ၃၃ ဒသမ ၉၁၃၈ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၈၆၄၄၁၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မတ် ၂၈ ရက်၊ ၂၉ ရက်နှင့် ၃၀ ရက်များတွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၂၀၇၆၃၂) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် မတ် ၃၀**

တနင်္သာရီ တိုင်းဒေသကြီး ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

ဂျာနယ်
ထွက်ရှိ



၁-၄-၂၀၂၂ ရက်နေ့ထုတ် အတွဲ(၁၉)၊ အမှတ်(၇)တွင်
- ဈေးကောင်းကောင်းရစေသော အထွက်ကောင်း နှမ်းမျိုးများ
- ဇာတော်ပဲစိုက်ပျိုးခြင်းနှင့် ကျရောက်တတ်သောရောဂါများ
- တစ်နှစ်ပတ်လုံး ငွေရလွယ်သော ပြောင်းဖူးစိုက်နည်း
- နှစ်ရှည်ပင် ထောပတ်သီးစိုက်ပျိုးနည်း
- ဆိတ်မွေးမြူ သားပေါက်ကောင်ရေများစေရန် သိထားသင့်သည့်အချက်များ
- မိသားစုစားဝတ်နေရေး အဆင်ပြေသော ဘဲမွေးမြူရေး
- ကျန်းမာရေးအတွက် ဒိန်ချဉ်တစ်ခွက်
- စီတာမင်အေ ချို့တဲ့ခြင်း အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး သုတရသစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။

တစ်စောင် (၂၀၀) ကျပ်
DKY Journal

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

MRTV

| | |
|---|---|
| [illegible] | [illegible] |
| ၁၃:၃၀ | MRTV National News |

Soccer View

mitv

- 07:01 Lat Yay Ta Pyin Htal (Yin Wai Yan Tun)
- 07:10 Let's Taste Delicious Insects: Cricket Samosas, Pounded Crickets and Potato
- 07:29 Ecotourism: Shwebo & Hanlin (Ancient Pyu City)
- 07:44 Lancang-Mekong, a River of Friendship
- 07:48 6th Anniversary of the Mekong Lancang Cooperation
- 08:01 Styles of Miro & Thet
- 08:08 MRTV-3 Myanmar International to MITV
- 08:51 New Destination for Sea Lovers
- 09:01 News
- 09:27 Star Bean Production
- 09:46 Sarus Crane in Myanmar

MRTV NRC

MRTV

MRTV Sports

Sports News

Soccer View/ Weekly Sports Info

# လူမှုကွန်ရက်စာမျက်နှာပေါ်၌ ငွေစက္ကူအတုများ ဝယ်ယူရရှိနိုင်ကြောင်း ယုံကြည်အောင်ပြောဆို၍ ငွေစက္ကူအတုဝယ်ယူလိုသူများထံမှ ငွေကြေးလိမ်လည်ရယူခဲ့သူများကို ဖော်ထုတ်ဖမ်းဆီး

**လူမှုကွန်ရက်စာမျက်နှာ Facebook Page တွင် "ငွေတုစက္ကူဖြန့်ဖြူးရောင်းဝယ်ရေး" ဖော်ပြပါရှိလာမှုနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးရရှိမှု**

Shine Money ငွေတု ရောင်းဝယ်ရေး Facebook Page ပိုင်ရှင်



ဖွဲဝေဖြိုး (ဖမ်းမိ)



အေးပပမျိုး (ဖမ်းမိ)

၃-၃-၂၀၂၂ ရက် ၂၁:၃၀ နာရီတွင် မြန်အောင်မြို့နယ် ကနောင်မြို့ ညောင်ဝင်းကျေးရွာရှိ ဖွဲဝေဖြိုးနှင့် ၎င်း၏ဇနီး မအေးပပမျိုးတို့ နှစ်ဦးအား ၎င်းတို့၏နေအိမ်၌ ငွေကြေးလိမ်လည်ရာတွင် အသုံးပြုသော လက်ကိုင်ဖုန်းများနှင့်အတူဖမ်းဆီးရမိပြီး ကနောင်နယ်မြေရဲစခန်း (ပ)၄/၂၀၂၂၊ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိကြောင်းနှင့် ငွေစက္ကူအတုပြုလုပ်၍ ရောင်း/ဝယ်ပြုလုပ်ခြင်း မဟုတ်ဘဲ ငွေတုဝယ်လိုသူများအား ယုံကြည်အောင်ပြောဆိုပြီး ကြိုတင်ငွေလွှဲပို့ပေးရန် Page အသုံးပြု၍ လိမ်လည်ခြင်းဖြစ်ကြောင်း။

"ပိုင်ကြီး ပိုင်ကြီး" Page၊ "ကွီးကောင်းမြတ်" Page၊ "ခြူးခြူး" Page၊ "ထိုင်းသာသာဖြင့် ရေးသားထားသော" Page ငွေတုရောင်းဝယ်ရေး Facebook Page ပိုင်ရှင်



သက်ပိုင်ဖြိုး (ဖမ်းမိ)

၃-၃-၂၀၂၂ ရက် ၂၁:၄၅ နာရီတွင် မြန်အောင်မြို့နယ် ကနောင်မြို့ ညောင်ဝင်းကျေးရွာရှိ သက်ပိုင်ဖြိုးအား ၎င်း၏နေအိမ်၌ ငွေကြေးလိမ်လည်ရာတွင် အသုံးပြုသော လက်ကိုင်ဖုန်းများနှင့်အတူ ဖမ်းဆီးရမိပြီး ကနောင်နယ်မြေရဲစခန်း (ပ)၅/၂၀၂၂၊ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိကြောင်းနှင့် ငွေစက္ကူအတုပြုလုပ်၍ ရောင်း/ဝယ်ပြုလုပ်ခြင်း မဟုတ်ဘဲ ငွေတုဝယ်လိုသူများအား ယုံကြည်အောင်ပြောဆိုပြီး ကြိုတင်ငွေလွှဲပို့ပေးရန် Page အသုံးပြု၍ လိမ်လည်ခြင်းဖြစ်ကြောင်း။

"အောင်ကောင်းမာန် ငွေတုစက္ကူဖြန့်ဖြူးရောင်းဝယ်ရေး" Facebook Page ပိုင်ရှင်



ဟိန်းထက်ဖြိုး (ဖမ်းမိ)

၃-၃-၂၀၂၂ရက်၂၃:၃၀ နာရီတွင် မြန်အောင်မြို့နယ် ကနောင်မြို့ ညောင်ဝင်းကျေးရွာရှိ ဟိန်းထက်ဖြိုးအား ၎င်း၏နေအိမ်၌ ငွေကြေးလိမ်လည်ရာတွင် အသုံးပြုသော လက်ကိုင်ဖုန်းများနှင့်အတူ ဖမ်းဆီးရမိပြီး ကနောင်နယ်မြေရဲစခန်း (ပ)၆/၂၀၂၂၊ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိကြောင်းနှင့် ငွေစက္ကူအတုပြုလုပ်၍ ရောင်း /ဝယ်ပြုလုပ်ခြင်းမဟုတ်ဘဲ ငွေတုဝယ်လိုသူများအား ယုံကြည်အောင်ပြောဆိုပြီး ကြိုတင်ငွေလွှဲပို့ပေးရန် Page အသုံးပြု၍ လိမ်လည်ခြင်းဖြစ်ကြောင်း။


"ငွေတုရောင်းဝယ်ရေး" Facebook Page ပိုင်ရှင်

အဖွဲ့ခေါင်းဆောင်



သက်ဝေခိုင် (ဖမ်းမိ)

အဖွဲ့ဝင်



အေးပြည့်စုံ (ဖမ်းမိ)

အဖွဲ့ဝင်



အောင်ခန့်ပိုင် (ဖမ်းမိ)

၃-၃-၂၀၂၂ ရက် ၂၀:၃၀ နာရီတွင် မြန်အောင်မြို့နယ် ကနောင်မြို့ ညောင်ဝင်းကျေးရွာရှိ သက်ဝေခိုင်၊ အေးပြည့်စုံ၊ အောင်ခန့်ပိုင်တို့ သုံးဦးအား ၎င်းတို့၏နေအိမ်များ၌ ငွေကြေးလိမ်လည်ရာတွင် အသုံးပြုသော လက်ကိုင်ဖုန်းများနှင့်အတူ ဖမ်းဆီးရမိပြီး ကနောင်နယ်မြေရဲစခန်း (ပ)၇/၂၀၂၂၊ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိကြောင်းနှင့် ငွေစက္ကူအတုပြုလုပ်၍ ရောင်း/ ဝယ်ပြုလုပ်ခြင်းမဟုတ်ဘဲ ငွေတုဝယ်လိုသူများအား ယုံကြည်အောင်ပြောဆိုပြီး ကြိုတင်ငွေလွှဲပို့ပေးရန် Page အသုံးပြု၍ လိမ်လည်ခြင်းဖြစ်ကြောင်း။

**နေပြည်တော် မတ် ၃၀**

မသမာသူများအနေဖြင့် လူမှုကွန်ရက်ဖြစ်သည့် Facebook တွင် အမည်အမျိုးမျိုးဖြင့် ကိုယ်ပိုင် Page များ ဖွင့်လှစ်အသုံးပြုကာ ငွေစက္ကူအတုများ ဝယ်ယူရရှိနိုင်ကြောင်း ယုံကြည်အောင်ပြောဆို၍ ၎င်းတို့နှင့် ဆက်သွယ်လာသူ ငွေစက္ကူအတုဝယ်ယူလိုသူများထံမှ ငွေကြေးလိမ်လည်ရယူမှုများ ဖြစ်ပွားလျက်ရှိသဖြင့် အဆိုပါ Facebook အကောင့်ပိုင်ရှင်များကို ဖမ်းဆီးရမိရေးအတွက် အထူးအမှုစစ်အဖွဲ့များ ဖွဲ့စည်း၍ နည်းပညာအကူအညီရယူကာ စုံစမ်းရှာဖွေဖော်ထုတ်ခဲ့ရာ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ငွေစက္ကူအတုအရောင်းအဝယ်ပြုလုပ်ရန် ဖွင့်လှစ်ထားသော Facebook Page များဖြစ်သည့် **"Shine Money"** ငွေတုရောင်းဝယ်ရေး၊ **"ပိုင်ကြီးပိုင်ကြီး"**၊ **"ကွီးကောင်းမြတ်"**၊ **"ခြူးခြူး"**၊ **"ထိုင်းဘာသာဖြင့်ရေးသားထားသည့် Facebook Page"**၊ **"အောင်ကောင်းမာန်"** ငွေတုစက္ကူဖြန့်ဖြူးရောင်းဝယ်ရေး၊ **"ငွေတုရောင်းဝယ်ရေး"** Facebook Page တို့အား စိစစ်တွေ့ရှိခဲ့ရပါသည်။

ထိုသို့ စိစစ်တွေ့ရှိရသည့် Facebook Page ပိုင်ရှင်များကို နည်းပညာအကူအညီများဖြင့် ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ **"Shine Money"** ငွေတုရောင်းဝယ်ရေး Facebook Page အသုံးပြုသည့် အကောင့်ပိုင်ရှင်ကို စုံစမ်းဖော်ထုတ်ခဲ့ရာ ရေဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ကျွဲတဲကုန်းကျေးရွာအုပ်စု ညောင်ဝင်းကျေးရွာနေ ဖွဲဝေဖြိုး(၂၂)နှစ် (ဘ)ဦးကျော်သူရမိုးနှင့် အေးပပမျိုး(၁၈)နှစ် (ဘ)ဦးမျိုးညီညီတို့ဖြစ်ကြောင်း ဖော်ထုတ်တွေ့ရှိရသည့်အတွက် မတ် ၃ ရက် ည ၉ နာရီခွဲတွင် ၎င်းတို့၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ငွေစက္ကူအတုနှင့်ပတ်သက်၍ ဆက်စပ်ပစ္စည်းများ ရှာဖွေတွေ့ရှိခြင်း မရှိသော်လည်း ငွေစက္ကူအတုများရရှိမည်ဖြစ်ကြောင်း အခြားသူများ ယုံကြည်အောင်ပြောဆိုကာ ငွေကြေးလိမ်လည်ရယူခဲ့ရာ၌ အသုံးပြုခဲ့သော Facebook Page များဖွင့်လှစ်ထားသည့် လက်ကိုင်ဖုန်း သုံးလုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ **"ပိုင်ကြီးပိုင်ကြီး"** Page၊ **"ကွီးကောင်းမြတ်"** Page၊ **"ခြူးခြူး"** Page၊ ထိုင်းဘာသာဖြင့် ရေးသားထားသည့် Page တို့ကို အသုံးပြုသည့် အကောင့်ပိုင်ရှင်ကို စုံစမ်းဖော်ထုတ်ခဲ့ရာ မြန်အောင်မြို့နယ် ကနောင်မြို့ ကျွဲတဲကုန်းကျေးရွာအုပ်စု ညောင်ဝင်းကျေးရွာနေ သက်ပိုင်ဖြိုး (၃၀)နှစ် (ဘ)ဦးမျိုးမြင့်ဖြစ်ကြောင်း ဖော်ထုတ်တွေ့ရှိရသည့်အတွက် မတ် ၃ ရက် ည ၉ နာရီ ၄၅ မိနစ်တွင် ၎င်း၏နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ ငွေစက္ကူအတုနှင့်ပတ်သက်၍ ဆက်စပ်ပစ္စည်းများ ရှာဖွေတွေ့ရှိခြင်းမရှိသော်လည်း ၎င်း၏လက်ကိုင်ဖုန်းမှ အထက်ပါ အကောင့်များဖြင့် ဆက်သွယ်ရေးကွန်ရက်အား အသုံးပြုပြီး ယုံကြည်အောင်ပြောဆိုကာ ငွေကြေးလိမ်လည်ရယူခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည်။

အလားတူ **"အောင်ကောင်းမာန်"** ငွေတုစက္ကူဖြန့်ဖြူးရောင်းဝယ်ရေး Facebook Page ကိုအသုံးပြုသည့် အကောင့်ပိုင်ရှင်ကို စုံစမ်းဖော်ထုတ်ခဲ့ရာ မြန်အောင်မြို့နယ် ကနောင်မြို့ ကျွဲတဲကုန်းကျေးရွာအုပ်စု ညောင်ဝင်းကျေးရွာနေ ဟိန်းထက်ဖြိုး(၁၈)နှစ် (ဘ)ဦးကျော်စိုးနိုင်က အသုံးပြုလျက်ရှိကြောင်း သိရှိရသည့်အတွက် မတ် ၃ ရက် ည ၁၁ နာရီခွဲတွင် ၎င်း၏နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ ငွေစက္ကူအတုနှင့်ပတ်သက်၍ ဆက်စပ်ပစ္စည်းများ ရှာဖွေတွေ့ရှိခြင်း မရှိသော်လည်း ၎င်း၏လက်ကိုင်ဖုန်းမှ ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ငွေအတုများရရှိမည်ဖြစ်ကြောင်းပြောဆိုပြီး အခြားသူများ ထံမှ ငွေကြေးလိမ်လည်ရယူခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည်။

အလားတူ **"ငွေတုရောင်းဝယ်ရေး"** Facebook Page ကို အသုံးပြုသည့် အကောင့်ပိုင်ရှင်အား စုံစမ်းဖော်ထုတ်ခဲ့ရာ မြန်အောင်မြို့နယ် ကနောင်မြို့ ကျွဲတဲကုန်းကျေးရွာအုပ်စု ညောင်ဝင်းကျေးရွာနေ သက်ဝေခိုင် (၁၈) နှစ် (ဘ)ဦးရဲမြင့်၊ အေးပြည့်စုံ(၁၇)နှစ် (ဘ)ဦးမြင့်ဌေး၊ အောင်ခန့်ပိုင်(၁၇)နှစ် (ဘ)ဦးစိန်သောင်းတို့ သုံးဦးက အသုံးပြုလျက်ရှိကြောင်း သိရှိရသည့်အတွက် မတ် ၃ ရက် ည ၁၀ နာရီခွဲတွင် ၎င်းတို့၏နေအိမ်များသို့ဝင်ရောက်ရှာဖွေခဲ့ရာ ငွေစက္ကူအတုနှင့်ပတ်သက်၍ ဆက်စပ်ပစ္စည်းများ ရှာဖွေတွေ့ရှိခြင်းမရှိသော်လည်း ငွေစက္ကူအတုများ ရရှိမည်ဖြစ်ကြောင်း အခြားသူများယုံကြည်အောင်ပြောဆိုကာ ငွေကြေး လိမ်လည်ရယူခဲ့ရာ၌ အသုံးပြုခဲ့သော Facebook Page များ ဖွင့်လှစ်ထားသည့် လက်ကိုင်ဖုန်း ခုနစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်အရ ၎င်းတို့သည် ငွေစက္ကူအတုများရောင်းဝယ်ရေးဟု ဖော်ပြထားရှိသော်လည်း အမှန်တကယ် ငွေစက္ကူအတုများပြုလုပ်၍ အရောင်းအဝယ်ပြုလုပ်ခြင်း မဟုတ်ဘဲ လူမှုကွန်ရက်စာမျက်နှာကိုအသုံးပြု၍ ငွေစက္ကူအတုဝယ်ယူလိုသူများကို ယုံကြည်အောင်ပြောဆိုပြီး ငွေစက္ကူအတုမှာယူရန် ကြိုတင်ငွေလွှဲပေးပို့သည့်ငွေများကို လိမ်လည်ရယူခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးဖော်ထုတ်သိရှိရသည့်အတွက် ဖမ်းဆီးရမိခဲ့သူ ဖွဲဝေဖြိုးပါ ခုနစ်ဦးတို့ကို ကနောင်နယ်မြေရဲစခန်းတွင် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဂ)ဖြင့် အသီးသီး အမှုဖွင့်အရေးယူထားရှိကြောင်းနှင့် အလားတူ ငွေစက္ကူအတုများ အရောင်းအဝယ်ပြုလုပ်သူများကို ဆက်လက်စုံစမ်းဖော်ထုတ်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ထိုကဲ့သို့ အရောင်းအဝယ်ပြုလုပ်သူများကို သိရှိပါက နီးစပ်ရာရဲစခန်းများသို့ သတင်းပေးပို့ တိုင်ကြားနိုင်ပါကြောင်း အသိပေးသတင်းထုတ်ပြန်ထားကြောင်း သိရသည်။ **သတင်းစဉ်**

## မောင်တောမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၄၆ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၃၀**

မောင်တောမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၄၆ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၈ ရက်နံနက်၁၁ နာရီတွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကျီးကန်းပြင်ကျေးရွာအနီးတွင် သုံးမိုင်ဘက်မှ ကြိမ်ချောင်းဘက်သို့ လှထွန်းစိန် မောင်းနှင်ပြီး ဦးသန်းနု၊ ထွန်းအောင်သိန်းတို့ လိုက်ပါလာသော ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅ ပြား သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်များအရ မွန်းလွဲ ၁ နာရီတွင် မောင်တောမြို့နယ် သရေကုန်းဘောင်ကျေးရွာနေ မတင်ကြည်၏နေအိမ်ကို ဆက်လက်ရှာဖွေရာ ၎င်းနှင့်အတူ ခင်မောင်ဦး၊ ခိုင်မိုးလင်း၊ မောင်ထွေးတင်၊ လေးမြင့်ဦး၊ မာမတ်ရှော်ဟီးတို့ ခြောက်ဦးကိုတွေ့ရပြီး သုံးဘီးဆိုင်ကယ် တစ်စီး၊ ဆိုင်ကယ် နှစ်စီးနှင့်အတူ စိတ်ကြွရူးသွပ်ဆေးပြား ၉ ဒသမ ၇၅ သိန်း၊ ငွေကျပ် ကိုးသိန်း ထပ်မံသိမ်းဆည်းရမိခဲ့၍ ဒေသကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၄၆ ဘီလီယံကျော်တန်ဖိုးရှိ စုစုပေါင်းစိတ်ကြွရူးသွပ်ဆေးပြား ၉ ဒသမ ၇၅ သိန်းကျော် သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကိုဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ပဝယ်လိုအားနှင့် တိုးချဲ့စိုက်ပျိုးသင့်သော ဆေးဖက်ဝင် ဝဥ

ပေါက်ပေါက်



### ဝဥအကြောင်း သိကောင်းစရာ

ဝဥပင်များသည် Araceae (ခေါ်) ပိန်းမျိုးရင်းဖြစ်ပြီး ရုက္ခဗေဒအမည်မှာ Amorphophallus Campanulatus Blume ဖြစ်သည်။ ဝဥ၏မူရင်းဒေသမှာ အင်ဒိုနီးရှားကျွန်းဆွယ်ဖြစ်ပြီး အပူပိုင်းဒေသနှင့် အာဖရိကဒေသများတွင် သဘာဝအလျောက် ပေါက်ရောက်သည်။ အချို့ဒေသများတွင် ဖျံ့ဥဟုခေါ်ကြသည်။ မြန်မာနိုင်ငံတွင် ဝဥပင်များကို ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ရှိ သစ်ရိပ်၊ ဝါးရိပ်၊ အစိုဓာတ်ကောင်းသည့် နေရာများတွင် သဘာဝအလျောက် အမြောက်အမြားပေါက်ရောက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ဒေသအလိုက် ဝဥမျိုးများပေါက်ရောက်ဖြစ်ထွန်းနေမှုကို လေ့လာကြည့်ရာ-

- ပဲခူး၊ သာယာဝတီ၊ မော်လမြိုင် ဒေသများတွင် Amorphophallus Purpuraceans ဝဥမျိုး၊
- မြစ်ကြီးနား၊ ကသာဒေသတွင် A.Bulbifer ဝဥမျိုးနှင့် A.Karamsis မျိုး၊
- သာယာဝတီမြို့နယ်နှင့် စစ်တောင်းမြစ်ဝှမ်းဒေသများတွင် A.Cholonospathus ဝဥမျိုး၊
- ကရင်ပြည်နယ်၊ ချင်းပြည်နယ်တောင်တန်းဒေသများတွင် A.Oneophyllum မျိုးနှင့် A.Burmaicus ဝဥမျိုး၊
- ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်းနှင့် ပြင်ဦးလွင်၊ မြန်မာပြည်အောက်ပိုင်းဒေသများတွင် A.Campanulatus မျိုးနှင့် A.Conjak ဝဥမျိုးများ ပေါက်ရောက်ဖြစ်ထွန်းကြသည်။

ဝဥကို တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတွင် စားသောက်ကုန်ထုတ်လုပ်ခြင်း၊ စက်မှုကုန်ကြမ်းပြုလုပ်ခြင်း၊ အလှကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ဆေးဝါးထုတ်လုပ်ခြင်း၊ ဘေးထွက်ပစ္စည်းများကိုလည်း တိရစ္ဆာန်အစားအစာအဖြစ် တွင်ကျယ်စွာအသုံးပြုကြသည်။

### ဝဥပင်၏ ပုံသဏ္ဌာန်

**အပင် ။** ။ မျိုးစိတ်ပေါင်း နှစ်ဆယ်ရှိသည့်အနက် A.Conjak မျိုးနှင့် A.Campanulatus မျိုးစိတ်နှစ်မျိုးသည် အာနိသင်အကောင်းဆုံးဖြစ်သည်။ အထူးသဖြင့် တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယနိုင်ငံများမှ အစားအသောက်ပြုလုပ်ရန်နှင့် စက်မှုလုပ်ငန်းသုံးပစ္စည်းများ ပြုလုပ်ရန်အတွက် ဝယ်ယူလိုသောမျိုး ဖြစ်သည်။ ဥရှိသော အပင်မျိုးဖြစ်ပြီး အမြင့်နှစ်ပေမှ လေးပေခန့်ရှိသည်။ နှစ်ရှည်ခံ အပင်ပျော့မျိုးဖြစ်ပြီး မိုးရွာသည်နှင့်တစ်ပြိုင်နက် အစို့များထွက်လာသည်။ ဆောင်းရာသီရောက်သောအခါ အပင်ကျသွားသည်။

**အရွက် ။** ။ ရွက်လွှဲထွက်သည်။ ရွက်ပြားကျယ်ပြန့်ပြီး အလျားတစ်ပေမှ သုံးပေအထိရှိတတ်သည်။ လက်ဝါးရွက်ပေါင်းဖြစ်ပြီး ရွက်ထိပ်ချွန်သည်။ ရွက်မြွှာ သုံးမြွှာမှ ငါးမြွှာအထိ ရှိတတ်သည်။ ပျမ်းမျှ လေးနှစ်၊ ငါးနှစ်သားကျော်လျှင် ပွင့်တံထွက်လာသည်။

**အပွင့်။** ။ မြေပေါ်သို့ ဥမှနေပြီး တစ်ပေမှ နှစ်ပေခန့်အထိရှိသော ရိုးတံထွက်လာသည်။ ၎င်းရိုးတံပေါ်တွင် အစက်အပြောက်များ ရှိကြသည်။ ပွင့်ကာရွက်အုပ်သည် အလွန်ကြီးမားပြီး ကန်တော့ပုံ (သို့မဟုတ်) ခေါင်းလောင်းပုံသဏ္ဌာန်ရှိသည်။ ၎င်းပွင့်ကာရွက်အုပ်၏ အကျယ်မှာ တစ်ပေခွဲမှ နှစ်ပေနီးပါးအထိရှိတတ်ပြီး အလျား ၁၅ လက်မခန့်ရှည်၍ အနားများမှာ ပိန်းပန်းကဲ့သို့ ညီညာခြင်းမရှိဘဲ လှိုင်းထကာတွန့်နေသည်။ ပွင့်ကာရွက်အုပ်တစ်ခုလုံး၏ အနားတစ်ဝိုက်တွင် နီညိုရောင်ဖြစ်ပြီး အောက်ဘက်တွင် အဖြူစက်များနှောသော မီးခိုးရောင်ဖြစ်လာကာ ကန်တော့ပုံသဏ္ဌာန် အတွင်းထဲတွင် ခရမ်းရောင်ဖြစ်သွားသည်။ အလွန်ပြင်းထန်သော အနံ့ရှိသည်။ အပွင့်ကလေးများသည် အလွန်သေးငယ်ပြီး ၁၀ လက်မ မှ ၁၂ လက်မ အရှည်ရှိသော ပွင့်ခိုင်ရိုးတံပေါ်တွင် စီတန်းလျက်ပွင့်ကြသည်။ အဖို၊ အမ သီးခြားပွင့်တတ်သည်။

**အသီး။** ။ အသီးသည်ပြောင်းဖူးနှင့်သဏ္ဌာန်တူပြီး ပွင့်ခိုင်ရိုးတံပေါ်တွင် စီတန်းပြွတ်သိပ်၍ အသီးသီးလေ့ရှိသည်။ နုစဉ်မှာ အစိမ်းရောင်ဖြစ်ပြီး အသီးများရင့်မှည့်လာသောအခါ လိမ္မော်ရောင်သို့ ပြောင်းသွားသည်။

**ပေါက်ရာဒေသ။** ။ Conjak မျိုးသည် အေးမြသောရာသီဥတုရှိတောင်ပေါ်ဒေသများတွင်သာ ပေါက်ရောက်သည်။ Campanulatus မျိုးသည် မျှတသောရာသီဥတုရှိသည့် တောင်ပေါ်ဒေသများတွင်သာ ပေါက်ရောက်သည်။ ဥ၏အရောင်မှာ အဝါနုရောင်ဖြစ်သည်။ အစေ့အိမ်များ ပိုမိုများပြားစွာပါဝင်သည်။ အရွက်တွင် Conjak ကဲ့သို့ မျိုးပွားရန် ဥငယ်လေးများမပါရှိပေ။ သို့သော် ကြီးရင့်လာသောဝဥများမှ သားတက်များ ထွက်ပေါ်လေ့ရှိသည်။

ဝဥပင်များသည် သဘာဝအလျောက်ပေါက်ရောက်ပြီး အစေ့မှလည်းကောင်း၊ အရွက်ရိုးတံအရင်းတွင်ရှိသော မျိုးပြန့်ပွားသည့် "ဖု" ကလေးများမှလည်းကောင်း ဥမှဖြာထွက်သည်။ ထို့ပြင် အမြစ်ဥကလေးများမှ မျိုးပြန့်ပွားသည်။

### ဝဥပြုလုပ်ပုံအဆင့်ဆင့်

ဈေးထဲတွင် ဝဥကိုတွေ့သော်လည်း မစားဖူးပါက ဝဥမှန်း မသိကြပေ။ အဘယ်ကြောင့်ဆိုသော် ဝဥဟုခေါ်သော်လည်း ဥပုံသဏ္ဌာန်မျိုးမဟုတ်ဘဲ ကျောက်ကျောတုံးကဲ့သို့ အတုံးအခဲအဖြစ် လည်းကောင်း၊ ခေါက်ဆွဲအစိုကဲ့သို့ အမျှင်များအဖြစ်လည်းကောင်း ရောင်းချကြသည်။ ဝဥကို ပါးပါးလှီး၍ နေရောင်ခြည်တွင်ထောင်ကြည့်ပါက ပုလဲလုံးလေးများ စီထားသကဲ့သို့ တွေ့မြင်နိုင်သည်။ ကျောက်ကျောပုံစံ ဝဥအဆင့်သို့မရောက်မီ အပင်ဥဘဝမှစ၍ အတုံးအခဲ၊ အမျှင်ဖြစ်သည်အထိ အဆင့်ဆင့်ပြုပြင်စီမံရသဖြင့် လွန်စွာလက်ဝင်သည်။ ဝဥကို မူလအပင် သဘာဝအတိုင်းစားသည့်အခါ ယားတတ်သည်။ ထို့ကြောင့် ၎င်းဥကိုမှုန့်ညက်အောင်ခြေပြီး ရေနှင့်နှဲ၍ ကြိုချက် အအေးခံပုံသွင်းပြီး အလိုရှိသလို စားသုံးကြသည်။ တချို့က ဝဥလုပ်ရန်အတွက် အပင်ဥအစိမ်းကိုရေနှင့်နှယ်၍ ထုံးထည့်ပြီးနောက် ရလာသောအနှစ်များကို အအေးခံပုံသွင်းပြီးမှ ပြုတ်သောနည်းကိုသုံးကြသည်။ ဝဥပင်ပေါများသော ကချင်ပြည်နယ်တွင် ခပ်ကြီးကြီးဥများကို ပျော့အိနေအောင်ပြုတ်၊ အခွံခွာ၊ အသားကိုနယ်ပြီး ညက်အောင်ထောင်း၍ ငရုတ်သီး၊ နံနံပင်၊ ထုံးရေကြည် အနည်းငယ်နှင့် ဆားထည့်ပြီး ပြန်ပေါင်းထားကာ ဝပေါင်းအဖြစ် စားကြသည်။ ဝဥကိုပြုတ်ပြီး အတုံးလိုက်ဖြစ်စေ၊ အမျှင်အဖြစ် လှီးပြီးသားဖြစ်စေ ကြာကြာထားလိုပါက ရေစိမ်ထားရမည်။ ပြုတ်ပြီးပါက သူ့ရေပူနှင့်ပင် စိမ်ထားနိုင်သည်။ အေးသွားသောအခါ ရေစစ်ပြီး ဝဥကို ရေခဲသေတ္တာထဲတွင် ရက်ကြာကြာ သိမ်းထားနိုင်ပါသည်။

### ဝဥ စားဖွယ်စုံ

ဝဥကို ခေါက်ဆွဲ၊ ကြာဆံ ပုံစံမျိုးထုတ်လုပ်ထားသည့်အတွက် ဆန်အစားထိုး သီးနှံအဖြစ် စားသုံးနိုင်ပါသည်။ အာရှတိုက်တွင် ဝဥကို အစားအများဆုံးနိုင်ငံမှာ ဂျပန်နိုင်ငံဖြစ်ပြီး ၎င်းလူမျိုးတို့က ဝဥကို ခေါက်ဆွဲပုံစံလှီးဖြတ်၍ အမဲသား၊ ပဲငံပြာရည်၊ ပဲပြား၊ ကြက်သွန်မြိတ်ကြီးတို့ဖြင့် အချိုချက်ထားသော "စုကီယာကီ" ဟင်းလျာမှာ လူကြိုက်များသည်။ ထို့ပြင် ဝဥကို နှစ်သက်ရာအသားတစ်မျိုးနှင့် ကြော်စားနိုင်သလို အတုံးလေးများတုံးပြီး ဝက်ရိုး၊ ကြက်ရိုးတို့နှင့် ဟင်းချိုချက်သောက်ကြသည်။ များသောအားဖြင့် ဝဥကိုသုပ်စားလေ့ရှိသည်။ ဝဥကို ခပ်ပါးပါး ရှည်ရှည်လှီး၊ ကြက်သွန်နီ၊ ပုစွန်ခြောက်၊ ဆား၊ အရသာမှုန့်၊ ငရုတ်သီး၊ နံနံပင်၊ သံပရာသီးညှစ်ကာ ချဉ်စပ်ဝဥသုပ်က အလွန်ခံတွင်းမြိန်လှပါသည်။

### ဆေးဖက်ဝင်ဝဥ

ရှေးခေတ် တရုတ်နှင့် ဂျပန်ဆေးကျမ်းများတွင် ဝဥကိုစားသုံးခြင်းဖြင့် ဆီးကောင်းခြင်း၊ ဝမ်းဗိုက်(အူ၊ ဆီးအိမ်)အတွင်းက အစိုင်အခဲ၊ ကျောက် စသည်တို့ကို ကျေသက်စေကြောင်း ရေးသားဖော်ပြထားသည်။ ဝဥတွင် Mannam Grain ဓာတ်ပါဝင်မှုကြောင့် ကိုယ်လက်ကြံ့ခိုင်ခြင်း၊ ဝဖြိုးစေခြင်း၊ ယားယံခြင်း၊ ဆာလောင်မွတ်သိပ်မှုကို ပျောက်စေခြင်း၊ သလိပ်ထ၊ အဖျဉ်း၊ အလုံး၊ လေပွန်ရောင်၊ လည်ချောင်းပူ၊ လေနာ၊ ဝမ်းဗိုက်နာ၊ ဆင်ခြေထောက်ရောဂါများ ပျောက်ခြင်း၊ နှလုံးတုန် ရင်ခုန်ရောဂါများမှ ကာကွယ်ပေးခြင်း၊ ခန္ဓာကိုယ်တွင်း အဆီပိုများဖြစ်ပေါ်မှုကို ဟန့်တားပေးခြင်း၊ ဆီးအိမ်ရောင်ခြင်းမှ ကာကွယ်ပေးခြင်း၊ ဝဥရိုင်းကို လျှာပွတ်ဆေးအဖြစ် အသုံးပြုခြင်း စသည့်ပရဆေးများအဖြစ် အသုံးပြုကြသည်။

ဝဥကို ဂျပန်လူမျိုးများသာမက အခြားနိုင်ငံများမှ လူမျိုးများလည်း ဆေးဖက်ဝင်ဓာတ်စာအဖြစ် အသုံးပြုကြသည်။ အဓိကအကြောင်းရင်းမှာ ဝဥတွင် လူကို အဝလွန်၊ အဆီပိတ် ဘေးဖြစ်စေတတ်သော HDL ကိုလက်စထရော (ခေါ်) ဓာတုပစ္စည်းတစ်မျိုး မပါသလောက် လွန်စွာနည်းပါးသည်။ ဝဥကြော်၊ ဝဥဟင်း၊ ဝဥသုပ်စားပြီးသောအခါ ဆာလောင်မွတ်သိပ်မှုမှ အာသာပြေပျောက်သွားသည်။ ဝဥထဲတွင် HDL ကိုလက်စထရော မပါသလောက်နည်းသဖြင့် သွေးတိုး၊ နှလုံးသွေးကြောကျဉ်း၊ ဆီးချိုစသည့်ရောဂါဆိုးများ ဖြစ်မလာအောင် ထိန်းသိမ်းကာကွယ်ပေးနိုင်သည်။ လယ်ယာစိုက်ပျိုးရေးကော်ပိုရေးရှင်း (မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)က ၁၉၈၀ ပြည့်နှစ်တွင်ထုတ်ဝေခဲ့သော မြန်မာ့ဆေးဝါးပင်များစာအုပ်တွင် ဝဥနှင့်ပတ်သက်ပြီး " ဝဥအားအမျိုးသမီးများ ဗိုက်ပူခြင်း၊ ဆီးအိမ်ကြီးခြင်းမှ ကာကွယ်ရန်လည်းကောင်း၊ ကိုယ်ရေစစ်၍ အသားအရေလှပစေရန်လည်းကောင်း၊ သက်ကြီးရွယ်အိုများအတွက် နှလုံးတုန်၊ ရင်ခုန်ရောဂါကို ကာကွယ်ရန်လည်းကောင်း၊ လူ့ခန္ဓာကိုယ်တွင် လိုအပ်သည်ထက်ပို၍ အဆီများ အစိုင်အခဲဖြစ်ခြင်းမှ ဟန့်တားရန်လည်းကောင်း သုံးနိုင်သည် " ဟု ရေးသားဖော်ပြထားပါသည်။

### ချင်းပြည်နယ်နှင့် ဝဥဈေးကွက်

ချင်းပြည်နယ်တွင် ဝဥ အဖြူ၊ အဝါ၊ အနီ သုံးမျိုးစလုံး စိုက်ပျိုးပြီး အဝါနှင့် အနီက ထွက်အားကောင်းသဖြင့် စိုက်ပျိုးမှု ပိုများသည်။ ယခင်က သဘာဝတောတောင်များအတွင်းမှ လိုက်လံရှာဖွေတူးဖော်ကြပြီး ယခုအခါ တောတွင်းမှမျိုးပွား၍ ကိုယ်ပိုင်စိုက်ပျိုးခြင်းများဖြင့် စနစ်တကျစိုက်ပျိုးလာကြသည်။ ၂၀၁၉ ခုနှစ်က ချင်းပြည်နယ်အတွင်း ဝဥဈေးကွက်သည် ရောင်းလိုအားထက် ဝယ်လိုအားများခဲ့သည့်အတွက် ဝဥဈေးကောင်းခဲ့ကြောင်း၊ MFVP အသင်းနှင့် UK Aid တို့မှ ကျွမ်းကျင်ပညာရှင်များကလည်း ဝဥခြောက်နှင့် ဝဥခေါက်ဆွဲထုတ်လုပ်နည်းများကို သင်ကြားပို့ချကာ ဖြန့်ဝေခဲ့ကြောင်း လေ့လာသိရှိရသည်။

> **"မြန်မာပြည်ထွက် ဝဥများကို ပြည်ပကဝယ်လိုအားများနေပါသည်။ ၎င်းနိုင်ငံများတွင် မြန်မာပြည်ထွက် ဝဥကုန်ကြမ်းများဖြင့် စားသုံးကုန်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းအတွက်သာမက ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း၊ အလှကုန်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း၊ စက္ကူလုပ်ငန်း၊ ကော်အမျိုးမျိုးထုတ်လုပ်ရေးလုပ်ငန်း၊ ချည်ထည်လုပ်ငန်း၊ ဆေးဆိုးပန်းရိုက်လုပ်ငန်း၊ ကမ်းလွန်ရေနံရှာဖွေရေးလုပ်ငန်း စသည်တို့တွင် စက်မှုကုန်ကြမ်းပစ္စည်းအတွက် အထူးလိုအပ်လျက်ရှိနေကြသည်။ ထို့ကြောင့် ချင်းပြည်နယ်သာမက ဝဥစိုက်ပျိုးရန် ရေမြေဒေသသင့်သော မြန်မာနိုင်ငံ၏ အခြားသော တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင်လည်း ဝဥပင်များကို ပိုမိုတိုးချဲ့စိုက်ပျိုးသင့်"**

စာမျက်နှာ ၁၇ သို့ ❖




## “ပြည်ထောင်စုဖလား ညီနောင်များအငြိမ့်” ဖျော်ဖြေပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ပြသမည်

နေပြည်တော် မတ် ၃၀

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ **“ပြည်ထောင်စုဖလား ညီနောင်များအငြိမ့်”** ဖျော်ဖြေပွဲကို ၂၀၂၂ ခုနှစ် ဧပြီ ၂ရက် (စနေနေ့) ည ၈ နာရီသတင်းအပြီးတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းဖျော်ဖြေမှုကို လူရွှင်တော် ဒိန်းဒေါင်က စီစဉ်ပြီး ဟာသမဂ်လာရွှေဆိုင်းတော်အဖွဲ့၏ တီးခတ်မှုနှင့်အတူ ခေါင်းဆောင်မင်းသမီး နေခြည်ငြိမ်းချမ်း၊ ရှေ့ထွက်မင်းသမီး ဖူးဧကရီဆောင်း၊ လူရွှင်တော်များဖြစ်ကြသည့် ဖြိုးကျော်၊ ပေါက်ကျော်၊ ရွှေကျား၊ ရွှေကောင်း၊ ဖြိုးကြွယ် နှင့် ကော်ဖီ တို့က ဖျော်ဖြေတင်ဆက်ကြမည် ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို ဧပြီ ၃ ရက် (တနင်္ဂနွေနေ့) မွန်းလွဲပိုင်း National News အင်္ဂလိပ်ဘာသာ သတင်းအစီအစဉ်အပြီးတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## “ ပိတောက်လက်ဆောင် ” တေးဂီတ ဖျော်ဖြေပွဲကို မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

နေပြည်တော် မတ် ၃၀

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ **“ပိတောက်လက်ဆောင်” တေးဂီတ** ဖျော်ဖြေပွဲကို ဧပြီ ၁ ရက် (သောကြာနေ့) ည ၈နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို **မြန်မာ့အသံ တေးဂီတအဖွဲ့၏** တီးခတ်မှုနှင့်အတူ တေးသံရှင်များ ဖြစ်ကြသည့် ဂျင်းနီ၊ ထူးပြည့်အောင်၊ ချိုမီမီဇော်၊ ပိုင်ဆု၊ ပန်တလျှို၊ စိုးသန်းထွဋ်၊ ဈာန်ထူး၊ သွယ်သွယ်သိမ့်နှင့် မင်းသားလေးတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို ဧပြီ ၃ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## ညောင်လေးပင်မြို့နယ်၌ မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေး

ညောင်လေးပင် မတ် ၃၀

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ညနေပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်က မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ယဉ်ကျေးမှုဓလေ့ ထုံးစံများနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပလိုကြောင်းနှင့် တက်ရောက်လာသော ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်မိ ရပ်ဖများက ပေါင်းစပ်ပါဝင်ဆောင်ရွက်နိုင်ရေး ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများက ပြည်သူများအေးချမ်းစွာ ပါဝင်ဆင်နွှဲနိုင်ရေး၊ ဗဟိုမဏ္ဍပ်တည်ဆောက်မည့်အစီအစဉ်၊ သင်္ကြန်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများဖွဲ့စည်းထားရှိမှု၊ လုံခြုံရေး၊ ယိမ်းအဖွဲ့များ ရရှိရေးနှင့် အခမ်းအနားပြင်ဆင်ဆောင်ရွက်နိုင်ရေးတို့ကို သက်ဆိုင်ရာ ကော်မတီများအလိုက် ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**နီနီဝင်း(ပြန်/ဆက်)**

## သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ်၊ လူရွှင်တော်အသင်းနှင့် ကိုလူချောအဖွဲ့တို့မှ မိသားစုများ ပါဝင်ယှဉ်ပြိုင်မည်

နေပြည်တော် မတ် ၃၀

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ်(၆၀)ကို ဧပြီ ၁ ရက်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ဆက်လက်ထုတ်လွှင့်မည် ဖြစ်သည်။

အဆိုပါ ကိုဗစ်–၁၉ ဆိုင်ရာ အသိပညာပေးအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ စိုးသီဟနှင့် J နောတို့က တင်ဆက်ကြမည်ဖြစ်ပြီး လူရွှင်တော်အသင်းနှင့် ကိုလူချောတို့အဖွဲ့မှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဧပြီ ၁၊ ၂၊ ၃ ရက်နေ့များတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV HD မှ ညနေ ၆ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မွေးမြူရေးတိရစ္ဆာန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူချိန်ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်–

(၁) တိရစ္ဆာန်ကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ ထားရှိရန်နှင့် အပူချိန်ပြင်းထန်မှုနည်းပါးသော နံနက်နှင့် ညနေမှသာ လွှတ်ကျောင်းခြင်းပြုရန်၊

(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွှင့်ဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်ထားရန်၊

(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသော အစားအစာများကို ဖြည့်စွက်ကျွေးမွေးရန်၊

(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှ ကာကွယ်နိုင်သောနေရာများ စီစဉ်ထားရှိရန်၊

(၅) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စို၊ မြက်နုများ စနစ်တကျ ကြိုတင်စုဆောင်းထားရန်၊

(၆) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားကျရောက်စေခြင်းမရှိစေရန်အတွက် ကာကွယ်ဆေးများ ပုံမှန်ထိုးနှံထားရန်၊

(၇) တိရစ္ဆာန်မွေးမြူထားရှိသောခြံနှင့် အစာသိုလှောင်ထားသောနေရာများတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများထားရှိရန်၊

(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန နှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

❖ စာမျက်နှာ ၁၆ မှ

ထို့ပြင် ဝဥခြောက်အမှုန့်များ ထုတ်လုပ်နိုင်စေရန် ဝဥပါးလွှာစက်၊ အခြောက်ခံစက်နှင့် အမှုန့်ကြိတ်စက်များ ဝယ်ယူရရှိနိုင်မည့် ကုမ္ပဏီများနှင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များကို ချိတ်ဆက်ပေးခြင်း၊ ထိုစက်ပစ္စည်းများအတွက်လိုအပ်သော လျှပ်စစ်ဓာတ်အားရရှိစေရန် စီစဉ်ပေးခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့သည်။

စိုက်ပျိုးရေးဌာန၏ တရားဝင်ထုတ်ပြန်ကြေညာချက်များအရ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်တွင် ဝဥစိုက်ပျိုးဧကပေါင်း ၉၀၀၀ ကျော်ရှိပြီး ယင်းစိုက်ပျိုးဧကများတွင် ချင်းပြည်နယ် မင်းတပ်ခရိုင်တွင် ဝဥစိုက်ဧက ၇,၁၀၇ ဧက၊ ကန်ပက်လက်မြို့နယ်တွင် ဧက ၇၃၀၊ ချင်းပြည်နယ် ဟားခါးမြို့နယ်တွင် ၆၈၈ ဧက၊ ဖလမ်းမြို့နယ်တွင် ၁၈၁ ဧကနှင့် တီးတိန်မြို့နယ်တွင် ၇၁၁ ဧကရှိကာ ချင်းပြည်နယ်မှ နှစ်စဉ် ဝဥ အစိုပိဿာချိန် သိန်းချီ ထွက်ရှိခဲ့သည်။ ကိုဗစ်–၁၉ ရောဂါမတိုင်ခင်က ပြည်တွင်းမှ ထွက်ရှိသော ဝဥအစို၊ အခြောက်နှင့် အမှုန့်များကို ပြည်ပဈေးကွက် ပိုမိုကျယ်ပြန့်လာစေရန် သက်ဆိုင်ရာတာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

ပြည်တွင်းမှထွက်ရှိသော ဝဥအခြောက်များကို ဂျပန်၊ ကိုရီးယားနှင့် စင်ကာပူနိုင်ငံများသို့ ပင်လယ်ရေကြောင်းမှတစ်ဆင့် တင်ပို့လျက်ရှိပြီး ဝဥအမှုန့်များကို ဂျပန်၊ မလေးရှားနှင့် UAE နိုင်ငံများသို့လည်းကောင်း၊ ဝဥ အစို၊ အခြောက်နှင့် အမှုန့်များကို တရုတ်နိုင်ငံသို့လည်းကောင်း တင်ပို့နိုင်ခဲ့သည်။ ထို့ပြင် ဝဥကို တရုတ်နိုင်ငံသို့ တိုက်ရိုက်တင်ပို့နိုင်ရန် ချင်းပြည်နယ် မင်းတပ်မြို့တွင် စက်ရုံတည်ဆောက်ထားပြီး တရုတ်ကုမ္ပဏီနှင့် နှစ်စဉ်တန်ချိန် ၅၀၀ ခန့်၊ ခန့်မှန်းတန်ဖိုး အမေရိကန်ဒေါ်လာ ငါးသန်းရောင်းဝယ်ရေးစာချုပ် ချုပ်ဆိုထားကြောင်း ယမန်နှစ်သတင်းများအရ သိရသည်။

အချုပ်အားဖြင့်ဆိုသော် မြန်မာပြည်ထွက် ဝဥများကို ပြည်ပက ဝယ်လိုအားများနေပါသည်။ ၎င်းနိုင်ငံများတွင် မြန်မာပြည်ထွက် ဝဥကုန်ကြမ်းများဖြင့် စားသုံးကုန်ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်းအတွက်သာမက ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း၊ အလှကုန်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း၊ စက္ကူလုပ်ငန်း၊ ကော်အမျိုးမျိုးထုတ်လုပ်ရေးလုပ်ငန်း၊ ချည်ထည်လုပ်ငန်း၊ ဆေးဆိုးပန်းရိုက်လုပ်ငန်း၊ ကမ်းလွန်ရေနံရှာဖွေရေးလုပ်ငန်း စသည်တို့တွင် စက်မှုကုန်ကြမ်းပစ္စည်းအတွက် အထူးလိုအပ်လျက်ရှိနေကြသည်။ ထို့ကြောင့် မြန်မာ့ဝဥများက နိုင်ငံခြားဈေးကွက်တွင် နေရာရနေပါသည်။

ထို့ပြင် ၂၀၂၀ ပြည့်နှစ်အတွင်း ချင်းပြည်နယ်မြေဧက ၁၀၀ အတွင်းတွင် ဝဥကို ဘိန်းအစားထိုးသီးနှံအဖြစ် စိုက်ပျိုးထားသည်မှာ အားရဖွယ်ဖြစ်ပါသည်။ ချင်းပြည်နယ်သာမက ဝဥစိုက်ပျိုးရန် ရေမြေဒေသသင့်သော မြန်မာနိုင်ငံ၏ အခြားသော တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင်လည်း ဝဥပင်များကို ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ပါကြောင်းနှင့် ဆန်အစားထိုးသီးနှံ ဝဥစိုက်ပျိုးသော တောင်သူများအတွက် နည်းပညာနှင့်လိုအပ်ချက်များကို ဝိုင်းဝန်းကူညီပံ့ပိုးပေးကြစေလိုပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

■

# ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီမှ ချေးငွေထုတ်ချေး

(ယမန်နေ့မှအဆက်)

**ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများအား ဘဏ္ဍာရေးဆိုင်ရာ အကူအညီပေးအပ်နိုင်ရေးအတွက် ကိုဗစ်-၁၉ ရန်ပုံငွေမှ ပထမအသုတ် ချေးငွေခွင့်ပြုပေးရန် စိစစ်အတည်ပြုသည့် ကုမ္ပဏီ/လုပ်ငန်းများ**

| စဉ် | ကုမ္ပဏီ/ လုပ်ငန်း အမည် | လိပ်စာ |
|---|---|---|
| ၅၂၂ | "ဦးအေးမင်းဇော်" နတ်တွဲဆိုင်းအဖွဲ့ ဦးအေးမင်းဇော် | ဇေဒင်ကုန်းရပ်ကွက်၊ သာယာဝတီ၊ ပဲခူးတိုင်းဒေသကြီး |
| ၅၂၃ | "ဦးဇော်မျိုးချစ်" နတ်ကန္နားစီး ဦးဇော်မျိုးချစ် (ခ) ထာဝရချစ်ချစ် | ရှားစီးဘိုကျေးရွာ၊ သာယာဝတီ၊ ပဲခူးတိုင်းဒေသကြီး |
| ၅၂၄ | "သစ်ဆန်းဇာတ်သဘင်" ဦးမြစန်း | (၅/ ၁၁) လမ်း၊ ခေတ္တရာမြို့သစ်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၂၅ | "သရဖူဝေယံဟိန်း" မင်္ဂလာဆိုင်း ဦးကျော်စိုးဟန် | (၆/ ၄) လမ်း၊ ခေတ္တရာရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၂၆ | "မိုးကျော်ကျော်"မင်္ဂလာဆိုင်း ဦးမြင့်ကျော် | ခေတ္တရာမြို့သစ်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၂၇ | "ဆုဖန်ဝါ" ကန္နားစီးဒေဝါ ဒေါ်သောင်းစုဝင်း | ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၂၈ | "ကေသီထွန်း" မင်္ဂလာဆိုင်း ဦးဝင်းနိုင် | ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၂၉ | "သန်းဝင်းအောင်" နတ်ဆိုင်း ဦးသန်းဝင်း | ခေတ္တရာမြို့သစ်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၃၀ | "ကိုကြည်စိုး"ကန္နားစီးဒေဝါ ဦးကြည်စိုးလင်း | နဝင်းဝါရုံ၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၃၁ | "ရန်နိုင်ဦး" ကန္နားစီးဒေဝါ ဦးရန်နောင်ဦး | နဝင်းဝါရုံ၊ အကောက်တဲလမ်း၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၃၂ | "မြန်မာပြည်စွမ်း"မင်္ဂလာဆိုင်း ဦးတင်ရွှေ | ကူကြီးလမ်း၊ ကြာနီကန်ရပ်ကွက်၊ ရွှေတောင်၊ ပဲခူးတိုင်းဒေသကြီး |
| ၅၃၃ | "ဖိုးပြည့်စုံ" မင်္ဂလာဆိုင်း ဦးမျိုးကျော်သူ (ခ) ဦးမြခိုင် | ရွာသစ်လမ်း၊ ကြာနီကန်ရပ်ကွက်၊ ရွှေတောင်၊ ပဲခူးတိုင်းဒေသကြီး |
| ၅၃၄ | "ကိုကိုနိုင်" မင်္ဂလာစည်တော် ဦးသန်းနိုင် | ကြာနီကန်ရပ်ကွက်၊ ရွှေတောင်မြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၃၅ | "ရွှေပြည်ဟိန်း" မင်္ဂလာစည်တော် ဦးမောင်မောင်တုတ် | ကြာနီကန်ရပ်ကွက်၊ ရွှေတောင်မြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၃၆ | "စူပါဗိုလ်ဟိန်း" မင်္ဂလာဆိုင်း ဦးဉာဏ်ဟိန်း | ဆံတော်နယ်မြေ၊ နဂါးလိမ်တန်း၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၃၇ | "ဇော်ဝင်းနိုင်" မင်္ဂလာဆိုင်း ဦးမြစန်း | ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၃၈ | "ထာဝရသစ္စာ" အငြိမ့် ဦးမြတ်လင်း | ဖက်တန်းရပ်၊ ရွာဘဲ၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၃၉ | "အောင်ရတနာ" မင်္ဂလာစည်တော် ဦးမြင့်အောင် | ကြာနီကန်ရပ်ကွက်၊ စိန်ဇေရပ်လမ်း၊ ရွှေတောင်၊ ပဲခူးတိုင်းဒေသကြီး |
| ၅၄၀ | "ပေါက်ကျော်မ" မင်္ဂလာဆိုင်း ဒေါ်သန်းသန်းအေး | ဥသျှစ်ပင်ရွာ၊ ပန်းတောင်းမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၄၁ | "စိန်ကိုမြင့်" နတ်ဆိုင်း ဦးမြင့်သောင်း | ဥသျှစ်ပင်ရွာ၊ ပန်းတောင်းမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၄၂ | "စိန်တင်စိုး" နတ်ဆိုင်း ဦးတင်စိုး | သစ်စိမ့်ပင်ရွာ၊ ပန်းတောင်းမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၄၃ | "ဇေယျာရွှေ" နတ်ဆိုင်း ဦးတင်ရွှေ | လဲကျေးရွာ၊ ပန်းတောင်းမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၄၄ | "ပိုင်ပိုင်" ကန္နားစီးဒေဝါ ဦးစန်းလှိုင် | ကျားအိုရွာ၊ ပန်းတောင်းမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၄၅ | "တွယ်တာမောင်" ကန္နားစီးဒေဝါ ဦးကျော်သီဟ | ဥသျှစ်ပင်ရွာ၊ ပန်းတောင်းမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၄၆ | "လင်းလင်း"ကန္နားစီးဒေဝါ ဦးလင်းနိုင်ကျော် | ဥသျှစ်ပင်ရွာ၊ ပန်းတောင်းမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၄၇ | "ဦးသိန်းနိုင်" နတ်သဘင် ဦးသိန်းနိုင် | အင်းတိုင်ပုကျေးရွာ၊ နတ်တလင်းမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၄၈ | "ဦးရွှေပန်" နတ်ဒေဝါ ဦးရွှေပန် | နတ်သျှင်နောင်လမ်း၊ ရွာမရပ်ကွက်၊ နတ်တလင်းမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၄၉ | "ဦးသိန်းစိုး" နတ်ဒေဝါ ဦးသိန်းစိုး | ဝက်ပုတ်၊ ရွာမရပ်ကွက်၊ သဲကုန်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၅၅၀ | "ကျော်မင်းဝင်း" နတ်သဘင် ဦးဝင်းစိုး | ပေါင်းတည်၊ ပဲခူးတိုင်းဒေသကြီး |
| ၅၅၁ | "ဦးလှကြည်" နတ်ဒေဝါ ဦးလှကြည် | သရက်ကုန်းကျေးရွာ၊ နတ်တလင်းမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၅၂ | "ဇော်ဝင်းထွန်း" နတ်သဘင် ဦးဇော်ဝင်း | နတ်တလင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၅၅၃ | "အေးချစ်သူ" မင်္ဂလာဆိုင်း ဒေါ်သူဇာအေးအောင် | နတ်တလင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၅၅၄ | "ဦးအောင်မိုးထွန်း" နတ်သဘင် ဦးအောင်မိုးထွန်း | အေးငြိမ်းသာမြို့သစ်၊ နတ်တလင်းမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၅၅ | "နတ်မင်းသားစန်းစန်း" နတ်သဘင် ဦးမောင်စန်း | သဲကုန်းမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၅၆ | "ကျော်မင်းစိုး" နတ်သဘင် ဦးဝင်းမြင့်စိုး | ပေါင်းတည်၊ ပဲခူးတိုင်းဒေသကြီး |
| ၅၅၇ | "စန်းစန်းမိုး"နတ်သဘင်အဖွဲ့ ဒေါ်စန်းစန်းမိုး | နတ်တလင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၅၅၈ | "ဦးထွန်းထွန်းမင်း" နတ်ဒေဝါ ဦးထွန်းထွန်းမင်း | မိုးညို၊ ပဲခူးတိုင်းဒေသကြီး |
| ၅၅၉ | "အောင်အောင်"နတ်တွဲဆိုင်း ဦးအောင်အောင် | နတ်တလင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၅၆၀ | "စန်းသော်တာစိုးစိုး" နတ်ဒေဝါ ဦးခင်စိုး | နတ်တလင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၅၆၁ | "ဦးဇော်လတ်"နတ်သဘင်အဖွဲ့ ဦးဇော်လတ် | အောင်မင်္ဂလာလမ်း၊ ရွာမရပ်ကွက်၊ နတ်တလင်း၊ ပဲခူးတိုင်းဒေသကြီး |
| ၅၆၂ | "ဦးကျော်ကျော်"နတ်ဒေဝါ ဦးကျော်ကျော် | သဲကုန်းမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၆၃ | "ဦးဘိုဘို (ခ) အောင်မြတ်ကျော်" မင်္ဂလာဆိုင်း | ဇီးကုန်းမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၆၄ | "ဒေါ်စန်းဝင်း" နတ်သဘင် | နတ်တလင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၅၆၅ | "ဦးစိုးနိုင်" နတ်သဘင်အဖွဲ့ | ဇီးကုန်းမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၆၆ | "ဦးကျော်ဇောလင်း" နတ်ဒေဝါ ဦးကျော်ဇောလင်း | တာပွန်ကျေးရွာ၊ နတ်တလင်းမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၆၇ | ဦးဝင်းမြင့်ဦး (ဒေဝါတည်ထောင်) | ကုန်းသာကျေးရွာ၊ ကျုံပျော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၆၈ | ဦးမင်းတင် (ဒေဝါဆိုင်း) | ဖိုးထောင်ကျေးရွာ၊ ကျုံပျော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၆၉ | ဦးဝါဝါမိုး (ဒေဝါတည်ထောင်) | အကယ်ကြီးကျေးရွာ၊ ကျုံပျော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၇၀ | ဦးထွန်းထွန်း ( ဒေဝါဆိုင်း) | ကာသစ်ကျေးရွာ၊ ကျုံပျော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၇၁ | ဦးသိန်းသန်းစိုး (ခ) သန်းတင် (ဒေဝါတည်ထောင်) | သောင်ကြီးကျေးရွာ၊ ကျုံပျော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၇၂ | ဦးခိုင်စပါယ် (ဒေဝါတည်ထောင်) | ဝဲကြီးကျေးရွာ၊ ကျုံပျော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၇၃ | ဦးနောင်နောင်စိုး (ဒေဝါတည်ထောင်) | အောင်ဆန်းရပ်ကွက်၊ဘောဝတီလမ်း၊ကျုံပျော်မြို့၊ဧရာဝတီတိုင်းဒေသကြီး |
| ၅၇၄ | ဦးရီတင် (မင်္ဂလာဆိုင်း) | အောင်ဆန်းရပ်ကွက်၊ကျုံပျော်မြို့၊ကျုံပျော်မြို့နယ်၊ဧရာဝတီတိုင်းဒေသကြီး |
| ၅၇၅ | ဦးကျော်လွင် (ဒေဝါတည်ထောင်) | သဘောရိုးကျေးရွာ၊ ကျုံပျော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၇၆ | ဦးမိုးကျော်ကျော် (ဒေဝါတည်ထောင်) | မိုးကြိုးပစ်ကျေးရွာ၊ ကျုံပျော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၇၇ | ဦးမြင့်စိုး (ဒေဝါတည်ထောင်) | သပြေကွင်းကျေးရွာ၊ ပျဉ်းကတိုးကုန်းအုပ်စု၊ ကျုံပျော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၇၈ | ဦးညီညီ (ဝါဝါနိုင် ကန္နားစီးဒေဝါ) | ကုန်းသာလေးကျေးရွာ၊ ကျုံပျော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၇၉ | ဦးဝင်းရွှေ ( မင်းမင်းစိုး ကန္နားစီးဒေဝါ) | ထော်ဦးကျေးရွာ၊ ကျုံပျော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၈၀ | ဦးစိုးသိန်း ( အောင်စိုးမင်း ကန္နားစီးဒေဝါ) | သပြေအိုင်ကျေးရွာ၊ ရေကြည်မြို့နယ်၊ ပိတောက်ချောင်း၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၈၁ | ဦးစိန်ဝင်း (ဖြူဖြူဝင်း ကန္နားစီးဒေဝါ) | ရေကြည်မြို့နယ်၊ နေဝင်းရပ်ကွက်၊ (၁၀) လမ်း၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၈၂ | ဦးမြတ်ထွေး (ဒီပါရှမ်-မင်္ဂလာစည်တော်) | သံဒင်းကျေးရွာ၊ ရေကြည်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၈၃ | ဦးနိုင်ဦး (မိမိနိုင်-ကန္နားစီးဒေဝါ) | ဆရာစံရပ်ကွက်၊ ကြံခင်းစုကျေးရွာ၊ ရေကြည်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၈၄ | ဦးကိုဝင်း (စိုးမင်းဝင်း ဒေဝါ) | သပြေအိုင်ကျေးရွာ၊ ရေကြည်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၈၅ | ဒေါ်နှင်းနှင်းအေး (ကန္နားစီးဒေဝါ) | ကွမ်းခြံကုန်းကြီးကျေးရွာ၊ ရေကြည်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၈၆ | ဦးထွန်းထွန်း (ဆန်းမင်းဦး ကန္နားစီးဒေဝါ) | အုန်းတောလမ်း၊ ရေကြည်မြို့နယ်၊ အသုတ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၈၇ | ဦးညီညီထွန်း (နွယ်နီဝင်း ကန္နားစီးဒေဝါ) | ဆေးရုံကွက်သစ်(၂)လမ်း၊ ရေကြည်မြို့နယ်၊ အသုတ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၈၈ | ဦးသိန်းရွှေ (မြသိန်းရွှေ ဒေဝါဆိုင်း) | ငါးဘတ်အိုင်ကျေးရွာအုပ်စု၊ ကနီကျေးရွာ၊ ငနုဖြူမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၈၉ | ဦးမြင့်ခိုင် (မင်းဗိုလ်ဗိုလ် မင်္ဂလာဆိုင်း) | အမှတ် (၁၂) ရပ်ကွက်၊ စမ်းချောင်းလမ်း၊ ငနုဖြူမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၉၀ | ဒေါ်သိန်းနု (သန့်ဇင်မိုး ဒေဝါဆိုင်း) | အမှတ် (၁၈) ရပ်ကွက်၊ ဦးပုညလမ်း၊ ငနုဖြူမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၉၁ | ဒေါ်တင်တင်ထွေး (ကန္နားစီး ဒေဝါ) | အမှတ် (၃)၊ ဗိုလ်ချုပ်လမ်း၊ အသုတ်မြို့၊ ရေကြည်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၉၂ | ဦးလှိုင်ထွန်း (စိန်လှိုင်ထွန်း မင်္ဂလာဆိုင်း) | ထူးကြီးမြို့၊ အင်္ဂပူမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၉၃ | ဆွေဆွေနွယ် နတ်ဒေဝါ | ဈေးပိုင်းလမ်း၊ ဘုရားကုန်းကျေးရွာ၊ ဟင်္သာတမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၉၄ | ဦးမျိုးလေး (မျိုးမင်းဇော် ကန္နားစီးဒေဝါ) | ယုံသလင်းကျေးရွာ၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၉၅ | ဦးသန်းထိုက်အောင် (အောင်မိုးလင်း ကန္နားစီးဒေဝါ) | မရမ်းချိုကျေးရွာ၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၉၆ | ဒေါ်ငွေးငွေးမြင့် (ရွှေ မင်္ဂလာဆိုင်း) | (၁၀၂)၊ ကြည့်ကန်လမ်း၊ တာငါးဆယ်မြောက်ရပ်ကွက်၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၉၇ | ဦးစိုးနိုင် (ဒေဝါဆိုင်း) | လိမ်ချောင်း၊ ကြက်တူရွေးကျေးရွာ၊ ဟင်္သာတမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၉၈ | ဦးမိုးဝင်း (မြန်မာပြည်မိုးဝင်း မင်္ဂလာဆိုင်း) | တက္ကသိုလ်လမ်းမကြီး၊ ကနောင်စုရပ်ကွက်၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၉၉ | ဦးမြသန်း (မြဖိုးဆောင်း မင်္ဂလာဆိုင်း) | တာကလေးရပ်ကွက်၊ ဗဂျီနီးယား (၃) လမ်း၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၀၀ | ဦးကျော်သန်း (ပေါက်ပေါက်ကျော် ကန္နားစီးဒေဝါ) | ချင်းဘိုအုပ်စု၊ ပေါက်ကုန်းကျေးရွာ၊ ဟင်္သာတမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၀၁ | ဦးအောင်မိုးဇော် (ကန္နားစီးဒေဝါ) | လယ်တီကွင်းကျေးရွာ၊ ဟင်္သာတမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၀၂ | ဦးကျော်ဝင်းထွဋ် (ကျော်လင်းထွဋ် ဒေဝါဆိုင်း) | ယုံသလင်းကျေးရွာ၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၀၃ | ဦးနေဝင်း (ကန္နာစီးဒေဝါ) | တာကလေးရပ်ကွက်၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၀၄ | ဦးတင်ဦးလေး (တင်ဦးလေး နတ်ဒေဝါ) | အင်္ဂပိုအုပ်စု၊ သဲကုန်းကြီးကျေးရွာ၊ ဟင်္သာတမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၀၅ | ဒေါ်ညိုညိုစန်း (ရန်ကုန် ကျော်ကျော်နိုင်မင်္ဂလာဆိုင်း) | ပိုးစတောလမ်း၊ တာကလေးကျေးရွာ၊ ဟင်္သာတမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၀၆ | ဦးဖြိုးဝေအောင် (မျိုးမမ ကန္နားစီးဒေဝါ) | ယုံသလင်း အရှေ့မြို့ရပ်ကွက်၊ ဟင်္သာတမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |

(ဆက်လက်ဖော်ပြပါမည်)

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၇၃ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၁ ဒသမ ၁ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၃၀-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၉-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၀-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၅,၆၉၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၇၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၁.၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ယနေ့အထိဓာတ်ခွဲနမူနာစုစုပေါင်း (၇,၆၄၃,၄၉၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၁,၄၄၈) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃၃၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၈၉,၀၀၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၀) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၉-၃-၂၀၂၂) ရက်နေ့အထိ လူဦးရေ စုစုပေါင်း (၂၆,၇၇၀,၈၂၃) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ပထမအကြိမ်ထိုးနှံပြီးစီးသူ (၄,၈၈၄,၆၈၃) ဦး၊ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးသူ (၂၁,၈၈၆,၁၄၀) ဦးနှင့် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီးစီးသူ (၁,၀၆၉,၆၇၂) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၂၉-၃-၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေ စုစုပေါင်း (၄၉,၇၂၆,၆၃၅) ကြိမ် ထိုးနှံပြီး ဖြစ်ပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိ၍ ရောဂါဖြစ်ပွား/သေဆုံးမှုများအား မျက်ခြည်မပြတ်စောင့်ကြည့်လျက်ရှိရာ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုများကို လေ့လာသုံးသပ်ကြည့်ရာတွင် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှုခံယူထားခြင်းဖြင့် ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင်လည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူထားသူများအား ကမ္ဘာ့နိုင်ငံအများစုမှ ကွာရန်တင်းဝင်ရောက်ရမှုမှ ဖြေလျှော့ပေးခြင်းအပါအဝင် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကျေးလက်ဒေသနှင့် ဝေးလံခက်ခဲဒေသများတွင် နေထိုင်သူများ အပါအဝင် မည်သူတစ်ဦးတစ်ယောက်မှမကျန်ရစေဘဲ အသက် ၁၈ နှစ်နှင့်အထက် မိဘပြည်သူများ၊ အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ ကျောင်းသားများစသည့် ဦးတည်အုပ်စုအားလုံးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ကာကွယ်ဆေးမထိုးနှံရသေးသော ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် သွားရောက်ဆက်သွယ်၍ အကြိမ်ပြည့်ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၃၀-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၈၂) ခု | (၄၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၆၁) ခု | (၁၀) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၅၁) ခု | (၇) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၈၀) ခု | (၅) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၂,၃၁၆) ခု | (၃၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၄၈၃) ခု | (၁၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၀,၆၂၅) ခု | (၆၀) ဦး |
| စုစုပေါင်း | (၁၅,၆၉၈) ခု | (၁၇၃) ဦး |

### ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ

(၂၉-၃-၂၀၂၂) ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၄,၈၈၄,၆၈၃) ဦး |
| ကာကွယ်ဆေး အကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၂၁,၈၈၆,၁၄၀) ဦး |
| ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီး လူဦးရေ | (၁,၀၆၉,၆၇၂) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ၊ အကြိမ်အပြည့် ထိုးနှံပြီး လူဦးရေနှင့် ထပ်ဆောင်းထိုးနှံပြီး လူဦးရေ စုစုပေါင်း | (၂၆,၇၇၀,၈၂၃) ဦး |
| စုစုပေါင်း ထိုးနှံပြီးသောကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၄၉,၇၂၆,၆၃၅) ကြိမ် |

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၁၆၈၆၆၂၈ | ၆၄၈၇၆၉၇၄ | ၁၀၀၅၀၅၆ |
| ၂။ | အိန္ဒိယ | ၄၃၀၂၃၂၁၅ | ၄၂၄၈၇၄၁၀ | ၅၂၁၃၃၁ |
| ၃။ | ဘရာဇီး | ၂၉၈၈၂၃၉၇ | ၂၈၆၁၈၅၁၁ | ၆၅၉၂၉၄ |
| ၄။ | ပြင်သစ် | ၂၅၂၇၆၅၀၈ | ၂၃၀၉၂၀၇၇ | ၁၄၁၉၈၅ |
| ၅။ | ဗြိတိန် | ၂၀၉၈၆၁၇၀ | ၁၈၉၄၉၈၂၂ | ၁၆၄၉၇၄ |
| ၆။ | ဂျာမနီ | ၂၀၇၀၂၉၃၀ | ၁၆၃၁၉၇၀၀ | ၁၂၉၄၃၇ |
| ၇။ | ရုရှား | ၁၇၈၂၃၆၄၈ | ၁၆၇၈၈၂၉၁ | ၃၆၈၃၇၇ |
| ၈။ | တူရကီ | ၁၄၈၃၁၂၃၁ | ၁၄၄၉၆၆၃၉ | ၉၇၉၂၄ |
| ၉။ | အီတလီ | ၁၄၄၉၆၅၇၉ | ၁၃၀၇၀၆၄၇ | ၁၅၉၀၅၄ |
| ၁၀။ | တောင်ကိုရီးယား | ၁၂၇၇၄၉၅၆ | စိစစ်ဆဲ | ၁၅၈၅၅ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၉၃၈၆၄၈၉ | ၇၁၅၃၈၄၆ | ၄၂၄၁၃ |
| ၂။ | အင်ဒိုနီးရှား | ၆၀၀၉၄၈၆ | ၅၇၄၂၉၃၁ | ၁၅၅၀၀၀ |
| ၃။ | မလေးရှား | ၄၁၆၇၄၁၈ | ၃၈၉၆၄၈၉ | ၃၄၉၀၆ |
| ၄။ | ဖိလစ်ပိုင် | ၃၆၇၇၆၁၆ | ၃၅၇၇၄၃၃ | ၅၉၀၃၈ |
| ၅။ | ထိုင်း | ၃၆၀၀၇၈၇ | ၃၃၃၁၃၇၀ | ၂၅၀၄၈ |
| ၆။ | စင်ကာပူ | ၁၀၈၅၀၉၄ | ၁၀၂၅၅၇၈ | ၁၂၅၈ |
| ၇။ | မြန်မာ | ၆၁၁၄၄၈ | ၅၈၉၀၀၁ | ၁၉၄၃၀ |
| ၈။ | လာအို | ၁၇၁၄၃၉ | ၁၅၁၁၆၃ | ၆၆၃ |
| ၉။ | ကမ္ဘောဒီးယား | ၁၃၅၅၈၅ | ၁၃၁၅၉၈ | ၃၀၅၄ |
| ၁၀။ | ဘရူနိုင်း | ၁၃၃၇၂၆ | ၁၂၇၉၇၀ | ၂၀၈ |

# လူရှေ့တိုင်းရင်းသားပုံပြင်များ

**မင်းသက်တင်**

### မျောက်ညိုအမြီးဘာကြောင့်တို

"အဆွေတော်ကိုကျားကြီး ဘာကြောင့်များ ထိတ်လန့်တကြား ပြေးလွှားနေရပါသလဲ"

"မျောက်ညိုရေ ကျွန်ုပ်ခိုအောင်းရာဂူထဲမှာ ကျားသားစားသတ္တဝါတွေ ရောက်နေလို့ အသက်ဘေးက မနည်းလွတ်အောင်ပြေးလာရတာ"

မျောက်ညိုရဲ့ အမေးစကားကို ကိုကျားကြီးက အမောတကောနဲ့ပြန်ဖြေရှာတယ်။ ကိုကျားကြီးရဲ့ စကားကိုနားစွင့်ရင်း မျောက်ညိုကစဉ်းစားကာ ဖြည်းဖြည်းချင်းပြန်ပြောတယ်။

"ဖြစ်မှဖြစ်ရလေ အဆွေတော်ကိုကျားကြီးရယ်၊ သင့်ရဲ့ဂူထဲကိုရောက်နေတာဟာ ကျားသားစားသတ္တဝါတွေ မဟုတ်ပါဘူး။ မြေခွေးမောင်နှံတို့သာ သင့်ရဲ့ဂူအတွင်းကို ဝင်သွားတာ ကျုပ်ကိုယ်တိုင်မြင်လိုက်ရတာပါ"

မျောက်ညိုရဲ့ စကားကိုကြားတဲ့အခါ ကိုကျားကြီးက ကြောင်အမ်းအမ်းဖြစ်နေပြီး ထိတ်လန့်မှုကတော့ လျော့မသွားသေးဘူးပေါ့ကွယ်။

"မကြောက်ပါနဲ့ ကိုကျားကြီးရာ၊ သင့်ကို ကျုပ်ကိုယ်တိုင် လိုက်ပို့ပေးမှာပါ"

မျောက်ညိုက ပြောပြောဆိုဆို ကိုကျားကြီးကို သူ့ရဲ့ဂူရှိရာသို့ ပြန်လည်ခေါ်ဆောင်လာတော့တာပေါ့။ ကိုကျားကြီးကတော့ မျောက်ညိုနဲ့အတူလျှောက်လာနေရပေမယ့် သူ့ရဲ့ဂူဝအနီးမှာ ကြုံခဲ့ရတဲ့ဖြစ်စဉ်ကို ပြန်တွေးမိနေလေရဲ့။

ရှေးသရောအချိန်ကပေါ့ကွယ်။

မြေခွေးမောင်နှံတို့ဟာ မြေခွေးမမွေးဖွားဖို့ အချိန်ကျရောက်လာလို့ နေရာရှာကြရင်း ဂူတစ်ခုအတွင်း ဝင်ရောက်ကာ မီးဖွားလိုက်ရတာပေါ့။ အဲဒီဂူဟာ ကိုကျားကြီးရဲ့ဂူဆိုတာသိရတဲ့အခါ မြေခွေးမောင်နှံဟာ အတော်ကိုကြောက်လန့်နေပြီး ကိုကျားကြီးပြန်လာတဲ့အခါ ရင်ဆိုင်ဖို့အတွက် မြေခွေးဖိုက အကြံထုတ်နေလေတယ်။



"ရှင်မရေ... ကျုပ်ကတော့ ဂူဝအနားကနေ ကိုကျားကြီးပြန်အလာကိုစောင့်နေမယ်။ ကိုကျားကြီးလာတာနဲ့ ကျုပ်အချက်ပေးလိုက်တဲ့အခါ မြေခွေးငယ်လေးတွေကို ငိုကြွေးအောင်လုပ်ပေတော့။ ကလေးတွေဘာလို့ ငိုနေကြတာလဲလို့ ကျုပ်လှမ်းမေးလိုက်ရင် ကလေးတွေက ကျားသားစားချင်လို့ ငိုနေကြတာပါလို့ အသံကျယ်ကျယ်နဲ့ ပြန်ဖြေလိုက်ပေါ့"

မြေခွေးဖိုက ရရှိတဲ့အကြံကို မြေခွေးမကိုပြောကြားထားကာ ဂူဝကနေ ကိုကျားကြီး ပြန်အလာကို စောင့်နေလေတယ်။

မကြာခင်မှာပဲ ကိုကျားကြီးပြန်လာတာကို တွေ့လိုက်ရတဲ့မြေခွေးဖိုက ကြိုတင်စီမံထားတဲ့အတိုင်း ပြုလုပ်လေရာ ကိုကျားကြီးက ကျားသားစားသတ္တဝါတွေ သူ့ရဲ့ ဂူအတွင်းမှာ ရောက်နေပြီအထင်နဲ့ ထိတ်လန့်တကြားပြေးမိပြေးရာ ပြေးတော့ သတဲ့ကွယ်။

"ကဲကဲ ကိုကျားကြီးရဲ့ ဂူကိုရောက်ခါနီးပြီနော်"

မျောက်ညိုရဲ့ သတိပေးသံကိုကြားလိုက်ရတော့မှ ကိုကျားကြီးဟာ ပိုပြီး ထိတ်လန့်လာတော့တယ်။

"အဆွေတော်ကိုကျားကြီး သင်ကြောက်နေရင် သင့်ရဲ့အမြီးနဲ့ ကျုပ်ရဲ့ အမြီးကိုပူးချည်ပြီး အတူတကွ ဂူအတွင်းကို ဝင်ကြတာပေါ့"

မျောက်ညိုရဲ့ အားပေးစကားကို ကိုကျားကြီးက သဘောတူကာ အမြီးတို့ကို ခိုင်မြဲအောင်ပူးပြီး ချည်နှောင်လိုက်တယ်။ ပြီးမှ ဖြည်းဖြည်းချင်းဂူအနီးကို တိုးကပ်လာတာပေါ့ကွယ်။

ကိုကျားကြီးနဲ့မျောက်ညိုတို့ အတူတကွလာနေတာကို မြင်လိုက်ရလို့ အကြံဉာဏ်ကောင်းတဲ့ မြေခွေးဖိုက မျောက်ညိုကို လှမ်းပြောလိုက်တယ်။

"အို .. အဆွေတော်မျောက်ညိုရေ၊ ကျေးဇူးတင်လိုက်တာဗျာ။ ကိုကျားကြီးကို အမိဖမ်းပြီး ကျုပ်ဆီကို ခေါ်လာပေးတဲ့အတွက်ပေါ့။ ကျုပ်ရဲ့သားငယ်လေးတွေကလည်း ကျားသားမစားရကောင်းလားဆိုပြီး ငိုနေကြတာ ချော့လို့ကိုမရနိုင်အောင်ပါပဲဗျာ။ ခုတော့ ... အဆင်သင့်လိုက်တာ၊ ကျေးဇူးအထူးတင်ပါတယ် မျောက်ညိုရေ"

မြေခွေးဖို လှမ်းပြောလိုက်တဲ့အသံကို ကြားလိုက်ရတဲ့အတွက် ကိုကျားကြီးဟာ အကြောက်လွန်ပြီး အားကုန်ရုန်းကာ ထွက်ပြေးတော့တာပေါ့။

ကိုကျားကြီးရဲ့ အမြီးနဲ့ခိုင်မြဲအောင် ချည်နှောင်ထားတဲ့ မျောက်ညိုရဲ့အမြီးဟာ အပိုင်းပိုင်းပြတ်ကာ ကိုကျားကြီး ထွက်ပြေးရာနောက်သို့ ပါသွားပါလေရော။

အဲဒီအချိန်ကစပြီး မျောက်ညိုတွေရဲ့ အမြီးဟာ တိုနေရတော့တာပေါ့ကွယ်။ ။

# တိုင်းရင်းသားရိုးရာ စကားထာဉာဏ်စမ်းများ

**•••••••••••••••• တက္ကသိုလ်သျှင်ရတနာ ••••••••••••••••**

### ကချင်တိုင်းရင်းသားစကားထာ

ရှေးသရောအခါက ရာမညတိုင်းဒေသရှိ ကျေးရွာတစ်ရွာ၌ "ဗညားနှင့်လဂွန်းအိမ်"ဟူသည့် မွန်တိုင်းရင်းသား သူငယ်ချင်းနှစ်ဦး ရှိလေသည်။

သူတို့သည် ရွာဦးဘုန်းတော်ကြီးကျောင်းတွင် ကျောင်းအိပ်ကျောင်းစားဖြင့် ပညာသင်ယူ နေကြသူများ ဖြစ်သည်။ ရွာဦးကျောင်းဆရာတော်ကြီးသည် စာပေကျမ်းဂန်များနှံ့စပ်ပြီး လောကီ၊ လောကုတ္တရာစာပေများ သင်ကြားရာတွင် ကောင်းသတင်းဖြင့်ကျော်ကြားသည့် မွန်တိုင်းရင်းသား ဆရာတော်ကြီးဖြစ်သည်။

ဗညားနှင့်လဂွန်းအိမ်တို့သည် အားလပ်ချိန်များတွင် ဘုန်းကြီးကျောင်းတောင်ဘက်ရှိ မန်ကျည်းပင်ကြီးအောက်တွင် ဆော့ကစားလေ့ရှိသည်။

"လဂွန်းအိမ်ရေ...ဉာဏ်စမ်းတွေမေးချင်နေပြီကွာ" "မေးလေဗညား၊ တိုင်းရင်းသားရိုးရာစကားထာ ဉာဏ်စမ်းတွေထဲကပဲ မေးမှာမဟုတ်လား"

"ဟုတ်တယ် သူငယ်ချင်းရေ ဒီတစ်ခါတော့ ကချင်တိုင်းရင်းသားရိုးရာစကားထာ ဉာဏ်စမ်းတွေထဲကပဲ မေးကြ၊ ဖြေကြမယ်ကွာ"

"အေးအေး၊ မေးချင်တာသာ မေးပါ။ ဖြေဖို့အသင့်ပါပဲဗျာ"

လဂွန်းအိမ်က ဗညား၏စကားကို ချက်ချင်းတုံ့ပြန်လိုက်ခြင်းဖြစ်သည်။

"မေးပြီနော် လဂွန်းအိမ်ရေ၊ ဉာဏ်စမ်းမေးခွန်းက မထိုင်ရတဲ့ခုံဆိုတာ ဘာကိုပြောချင်တာလဲ ဖြေပေးပါ"

လဂွန်းအိမ်က ခဏမျှစဉ်းစားနေသည်။ ပြီးမှ ဖြည်းဖြည်းချင်းပြန်ပြောသည်။ "ကချင်တိုင်းရင်းသားရိုးရာစကားထာ ဉာဏ်စမ်းတွေထဲကဖြေရမှာဆိုတော့ ကျန်တာတွေ မစဉ်းစားရတော့ဘူးပေါ့ကွာ။ ဒါလည်းကောင်းတာပါပဲ။ ဒီတစ်မျိုးတည်းကပဲဆိုတော့ ဘောင်တော့ကျဉ်းတယ်။ စဉ်းစားရတဲ့အခါ ဦးနှောက်ကို ညှစ်ထုတ်ရတာပေါ့ကွာ"

"အဖြေမရသေးရင် စဉ်းစားဖို့အချိန်ပေးထားပါတယ် သူငယ်ချင်း။ သိပ်တော့အချိန်မဆွဲနဲ့ပေါ့"

"ရပါတယ်ဗညားရာ၊ ဖြေလိုက်တော့မယ်။ မေးခွန်းက

"မထိုင်ရတဲ့ခုံဆိုတာ ဘာကိုပြောတာလဲ"တဲ့နော်။ အဖြေက "ကျွဲချေးပုံကိုပြောတာပါ။ ကျွဲချေးပုံတွေမြင့်မားပြီး ထိုင်ခုံသဖွယ်ဖြစ်နေပေမယ့် မထိုင်ရလို့ တင်စားထားတဲ့ သဘောမျိုးပေါ့။ မှန်တယ်နော် ဗညားရေ"

လဂွန်းအိမ်၏ အဖြေစကားကိုကြားရသဖြင့် ဗညားတစ်ယောက် မျက်လုံးအဝိုင်းသား ဖြစ်သွားသည်။ "မှန်ပါတယ် လဂွန်းအိမ်ရာ၊ မှန်ကန်တိကျတဲ့အပြင် ဖွင့်ဆိုရှင်းပြတာပါ ပါလာလို့ မချီးကျူးဘဲမနေနိုင်အောင် ဖြစ်ရပါတယ်ကွာ၊ တော်ပါပေတယ်"

"ကျေးဇူးပါကွာ။ ကိုယ်မေးရမယ့် အလှည့်ရောက်ပြီဆိုတော့ မေးခွန်းထုတ်တော့မယ်နော်" "မေးပါကွာ၊ မေးပါ"

"မေးချင်တဲ့ ဉာဏ်စမ်းမေးခွန်းက အိမ်ပါ တမမ၊ လမ်းလျှောက်ရ ဆိုတာ ဘာကိုဆိုလိုတာလဲ ဖြေပေးပါကွယ် သူငယ်ချင်းရယ်"

လဂွန်းအိမ်ရဲ့ ဉာဏ်စမ်းမေးခွန်းကို ဗညားကတီးတိုးရေရွတ်ကာ စဉ်းစားနေသည်။ ပြီးမှ ဆက်ပြောသည်။

"သူငယ်ချင်းမေးတဲ့ ဉာဏ်စမ်းကို ကချင်တိုင်းရင်းသားရိုးရာစကားထာဉာဏ်စမ်းထဲကပဲ ဖြေဆိုရမှာ မဟုတ်လား"

"ဟုတ်တယ်လေ ဗညားရဲ့၊ ဟုတ်ပါတယ်" ဗညားက မန်ကျည်းပင်အောက်ရှိ မြက်ခင်းစိမ်းစိမ်းများပေါ်တွင် လဲလျောင်းနေရာမှ ထထိုင်လိုက်သည်။

"သူငယ်ချင်းရဲ့ မေးခွန်းက အိမ်ပါတမမ လမ်းလျှောက်ရဆိုတာ ဘာကိုဆိုလိုတာလဲလို့ ပေးထားတာပဲ။ အဖြေက "လိပ်ဆိုတဲ့ သတ္တဝါ" ပေါ့ကွာ။ လိပ်ကလမ်းလျှောက်တဲ့အခါ သူ့ရဲ့ခန္ဓာကိုယ် အိမ်ကြီးကို မပြီး နှေးကွေးစွာသွားရတာကို တင်စားထားတာပါပဲ"

ဗညားကလည်း အားကျမခံ ဉာဏ်စမ်းအဖြေကိုဖြေဆိုရာမှာ ဖွင့်ဆိုရှင်းပြမှုကိုပါ ထည့်သွင်းဖြေဆိုလေသည်။

"မှန်ပါတယ်ဗညားရာ၊ မင်းကလည်း အဖြေကိုဖွင့်ဆိုရှင်းပြတဲ့ပုံစံမျိုးနဲ့ပါ ထည့်သွင်းဖြေဆိုပေးတာဆိုတော့ အမှတ်ပြည့်ပါပဲကွာ"

"စကားထာဉာဏ်စမ်းတွေမို့ အဓိပ္ပာယ်ပေါ်လွင်ထင်ရှားအောင်ပါကွာ။ ဒီတစ်ခါ ကိုယ်မေးခွန်းထုတ်ရဦးမှာပဲ" ဗညား၏စကားကို လဂွန်းအိမ်က နားစွင့်နေရင်း နှုတ်ဆိတ်နေ၏။

"မေးပြီနော် လဂွန်းအိမ်ရေ၊ ဉာဏ်စမ်းမေးခွန်းက မတီးကောင်းသောမောင်း ဆိုတာဘာလဲတဲ့။ စဉ်းစားပေတော့ သူငယ်ချင်းရေ"

"ဒီတစ်ခါ အဖြေကတော့ရှင်းပါတယ်။ ကိုယ့်အနေနဲ့တော့ လွယ်တယ်ကွာ။ အဖြေက "ပျားအုံ"ပေါ့။ ပျားအုံကြီးက မောင်းသဖွယ်ကြီးမားနေလို့ မောင်းတီးသလိုတီးလိုက်ရင် ပျားအုံကြီးက ပျားတွေထွက်လာပြီး လိုက်တုပ်နိုင်တာကို တင်စားထားတာပဲပေါ့"

ဗညား၏ ဉာဏ်စမ်းမေးခွန်းကို လဂွန်းအိမ်က ချက်ချင်းပင် ဖြေဆိုလိုက်ပြီး အဓိပ္ပာယ်ရှင်းလင်းချက်ကို တစ်ပါတည်းဖြေကြားလိုက်ခြင်းကြောင့် လဂွန်းအိမ်ကို ဗညားက ချီးကျူးစကားဆိုလိုက်သည်။

ထိုစဉ် ဘုန်းတော်ကြီးကျောင်းမှ နာရီသံချောင်းခေါက်သံနှစ်ချက် ထွက်ပေါ်လာသည်။ ယင်းအသံသည် ကျက်မှတ်ထားသည့် သင်ခန်းစာများကို လက်တွေ့ရေးသားဖြေဆိုကြရမည့် အသိပေးသံချောင်းခေါက်သံဖြစ်သဖြင့် ဗညားနှင့်လဂွန်းအိမ်တို့ ဘုန်းကြီးကျောင်းပေါ်သို့ အပြေးတက်သွားကြတော့သည်။ ။

# "မြို" တိုင်းရင်းသားလူမှုဘဝ

မနုဿဝင်းမော်

## ရိုးရာနွားထိုးပွဲ

"မြို" တိုင်းရင်းသား သွေးချင်းတို့သည် ရခိုင်ပြည်နယ် မေယုတောင်တန်းကြီး၏ တောင်စွယ်၊ တောင်သွယ်၊ တောင်ကြားဒေသများနှင့် စိုင်းဒင်ချောင်းပြားဒေသတို့တွင် အများဆုံးနေထိုင်ကြသည်။ စစ်တွေခရိုင်၊ ကျောက်တော်မြို့နယ်၊ မြောက်ဦးမြို့နယ်နှင့် ချင်းပြည်နယ်တောင်ပိုင်း ပလက်ဝမြို့နယ်တို့တွင် ပျံ့နှံ့နေထိုင်ကြကြောင်း သိရသည်။

ဗမာတိုင်းရင်းသားတို့က "မြို"ဟု ခေါ်ဆိုကြပြီး ရခိုင်တိုင်းရင်းသားတို့က "မရို" ဟု ခေါ်ဆိုကြသည်။

"မြို" တိုင်းရင်းသားသွေးချင်းတို့၏ ရိုးရာနွားထိုးပွဲ ဆိုသည်မှာ မိမိပိုင်နွားကို အခမ်းအနားဖြင့် ယဇ်ကောင်အဖြစ် ထိုးခုတ်သတ်ဖြတ်ပြီး ရပ်ရွာနှင့် ဆွေမျိုးမိတ်သင်္ဂဟတို့ကို ဖိတ်ကြားကျွေးမွေးသော ရိုးရာဓလေ့ဖြစ်သည်။

ရိုးရာနွားထိုးပွဲသည် "မြို" တိုင်းရင်းသား သွေးချင်းတို့အတွက် အလွန်အရေးပါလှသည့် ဓလေ့ထုံးစံတစ်မျိုးလည်း ဖြစ်ပေသည်။

နွားထိုးပွဲမကျင်းပမီ တစ်ရက်အလိုတွင် အလှူရှင်များက မိမိဖိတ်ကြားလိုသည့်ကျေးရွာများကို ကြိုတင်ဖိတ်ကြားရသည်။ ဖိတ်ကြားခံရသည့် ကျေးရွာများမှ လာရောက်မည့်အပျို၊ လူပျိုများကို လူပျိုခေါင်းကဦးစီးပြီး ကြပ်မတ်ကာ ပွဲစတင် ကျင်းပမည့်နေရာသို့ ညနေပိုင်းတွင် အရောက်လာကြသည်။

နွားထိုးပွဲ ပြုလုပ်မည့်ကျေးရွာ၏ ကွက်လပ်တွင် တြိဂံပုံစံနွားခြံပြုလုပ်ရသည်။ နွားခြံထိပ်တွင် တိုင်တစ်တိုင်စိုက်ထူရပြီး သစ်ရွက် သစ်ခက်များဖြင့် အလှဆင်ပေးထားလေ့ရှိသည်။ နွားခြံ၏ အနားတစ်ဖက်တွင် ပန်းဖွားပါသော တိုင်လေးတိုင်ကိုစိုက်ထူထားကြသည်။ ယဇ်ကောင်အဖြစ် သတ်ဖြတ်မည့်နွားကို ထိုခြံထဲသို့သွင်းပြီးနောက် ဝါးတိုင်တစ်တိုင်ကို ထပ်မံစိုက်ထူကြရသည်။



ရိုးရာနွားထိုးပွဲတွင် အပျို၊ လူပျိုများ ကခုန်နေကြစဉ်။

ရွာရှိအပျို၊ လူပျိုများက ရွှင်မြူးစွာ ကခုန်ကြပြီးနောက် တောင်ကျချောင်းရေဆီသို့ သွားရောက်ကာ ကျောက်တုံးတစ်တုံးကို ကောက်ယူလာကြသည်။

"နတ်ကျောက်"ဟု အမည်ပေးထားသော ထိုကျောက်တုံးကို အလှူရှင်အား ပေးအပ်ကြရသည်။ ထိုနတ်ကျောက်ကိုသယ်ဆောင်လာသူ အပျို၊ လူပျိုများကို အလှူရှင်က ဝက်တစ်ကောင်သတ်၍ ဝက်သားဟင်းဖြင့် ကျွေးမွေးဧည့်ခံလေ့ရှိသည်။

နွားထိုးပွဲကျင်းပသည့်အခါ ယဇ်ကောင်နွားကို ဝိုင်းပတ်ကာ ကခုန်ကြသည်။ လူပျိုများက ရိုးရာတူရိယာများကို တီးမှုတ်ပြီး အပျိုများက ကခုန်ကြခြင်းဖြစ်သည်။ တစ်ဖွဲ့နားလိုက်၊ တစ်ဖွဲ့ ကလိုက်ဖြင့် ညလုံးပေါက်ကခုန်ကြသည်။ အပျို၊ လူပျိုများ ကခုန်နေကြစဉ် အလှူရှင်နှင့်မိသားစုက ခေါင်ရည် သို့မဟုတ် အချိုရည်ကို တစ်ငုံစီငုံကာ ယဇ်ကောင်နွားကို ပက်ဖျန်းပေးကြရသည်။

ညလုံးပေါက်ကခုန်နေကြစဉ်တွင် အလှူရှင်က ဝက်သားဟင်း၊ ထမင်းဖြင့် ကျွေးမွေးဧည့်ခံကြသည်။

နံနက်မိုးသောက်ချိန်တွင် နတ်ပူဇော်မည့် အကအဖွဲ့သည် ယဇ်ကောင်နွားကို ၁၂ ပတ်တိတိလှည့်ကာ ဝိုင်းပတ်ကခုန်ကြပြန်သည်။ နတ်ဆရာက အမိန့်ပေးလိုက်သည်နှင့်တစ်ပြိုင်နက် အကအဖွဲ့ဝင်တစ်ဦးက ယဇ်ကောင်နွားကို လှံဖြင့်တစ်ချက်တည်း ထိုးသတ်လိုက်လေသည်။ နောက်တစ်ဦးက ထိုနွား၏ လျှာကို သူ့သွားဖြင့် ကိုက်ဖြတ်လိုက်ရသည်။

"မြို" တိုင်းရင်းသားသွေးချင်းတို့တွင် နဂိုမူလက ကိုယ်ပိုင်စာပေရှိခဲ့သော်လည်း ယင်းစာပေမှတ်တမ်းကို နွားသတ္တဝါက ကိုက်ဖြတ်စားသောက်လိုက်သဖြင့် စာပေကွယ်ပျောက်သွားခဲ့ရခြင်းကြောင့် နွားထိုးပွဲတွင် ယဇ်ကောင်နွား၏ လျှာကို ကိုက်ဖြတ်ကာ ဒဏ်ခတ်ကြခြင်းဖြစ်သည်ဟု ဆိုကြကြောင်း သိရသည်။

ယဇ်ကောင်နွားကို လှံဖြင့် ထိုးသတ်သူနှင့် ထိုနွား၏လျှာကို သွားဖြင့် ကိုက်ဖြတ်သူတို့အား အလှူရှင်က ခေါင်းပေါင်းတစ်စစီနှင့် အချိုရည်တစ်ပုလင်းစီ လက်ဆောင်ပေးလေ့ရှိကြသည်။ ယဇ်ကောင်နွားအသေကို အလှူရှင်၏အိမ်ကွပ်ပျစ်တွင် ဝိုင်းဝန်းအမဲဖျက်ကြသည်။ ထိုအမဲသားများကို ဝိုင်းဝန်းချက်ပြုတ်ကြ၏။ ချက်ပြုတ်နေစဉ်အတွင်း ကခုန်သူတို့က ဆက်လက်ကခုန်နေကြသည်။

ထမင်းဟင်းလျာများ ကျက်သည့်အခါ တစ်ရပ်တစ်ကျေးမှ လာရောက်ကြသော ဧည့်သည်များကို အရင် ဦးစားပေးကျွေးမွေးကြလေ့ရှိသည်။ သူတို့စားသောက်ပြီးမှသာ ရွာခံများက စားသောက်ကြသော ဓလေ့ရှိသည်။

နံနက်စာစားသောက်ပြီးနောက် အဖွဲ့လိုက် ထပ်မံကခုန်ကြပြန်၏။ ညနေပိုင်းတွင် အခြားရွာမှ ဧည့်သည်များ ထွက်ခွာသွားကြသော်လည်း ရွာခံတို့ကမူ သတ်မှတ်ပွဲရက် လေးညကုန်ဆုံးသည်အထိ ဆက်လက်ကခုန်လေ့ရှိကြသည်။

ထို့ကြောင့် ငွေကြေးတတ်နိုင်သူများကသာ ရိုးရာနွားထိုးပွဲကို ဦးဆောင်ကျင်းပလေ့ရှိသည်။ စီးပွားရေး အဆင်ပြေ၍ အလှူပေးသည့် သဘောအပြင် မိမိ၏မိသားစုဝင်များ အဖျားအနာကင်းပြီး ကျန်းမာစေရန်အတွက် ရည်ရွယ်ချက်ဖြင့် ရိုးရာနွားထိုးပွဲကို ပြုလုပ်ကြခြင်းဖြစ်ကြောင်း မှတ်တမ်းပြု ဖော်ပြလိုက်ရပါသည်။ ။

**ရည်ညွှန်းနှင့်ဓာတ်ပုံ။ ။ ဆန်းကြယ်ထွေပြား"မြို" ဓလေ့များ၊ မနုဿကျော်ဝင်း(အမျိုးသားစာပေဆုရ)။ သုတအလင်းမဂ္ဂဇင်း၊ အမှတ်(၃၈)၊ မေလ၊ ၂၀၁၉ခုနှစ်။**

---

ဝတ္ထုတို

# အောင်မြင်ကြပါစေ

လင်းမောင် (စီးပွားရေး)

တက္ကသိုလ်ဝင်စာမေးပွဲ စတင်ကျင်းပချိန် စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများမှာ ကျောင်းရှေ့ဝန်းကျင်တွင် ဟိုတစ်စု သည်တစ်စုဖြင့် ရှိနေကြသည်။

အဖြူ၊ အစိမ်းကျောင်းဝတ်စုံများဖြင့် ကျောင်းသား ကျောင်းသူများကို ကြည့်ကာ အတိတ်ဆီသို့ အတွေးကရောက်သွားရတော့သည်။

"သား...ဖြေနိုင်လား"

"သမီးမှန်းထားတဲ့ ဂုဏ်ထူးမှတ်ရမှာပါနော်"

"ဒီနှစ်တော့ မြန်မာစာဂုဏ်ထူးရမှာ သေချာပါတယ်"

တက္ကသိုလ်ဝင်တန်း စတင်ဖြေဆိုသည့် ပထမနေ့ဖြေဆိုပြီးချိန်ဖြစ်သည်။ စာမေးပွဲခန်းအတွင်းမှ အချိန်စေ့၍ ထွက်လာကြသော ကျောင်းသား ကျောင်းသူများကို မိဘအုပ်ထိန်းသူများက ကျောင်းရှေ့မှ စောင့်ကြိုနေကြပြီး ပြောဆိုနေကြသည့် စကားသံများပင်ဖြစ်သည်။

ကျွန်တော့်ကိုကား ကြိုဆိုမည့်သူမရှိ။ "စာမေးပွဲ ဖြေနိုင်လား" ဟု မေးမည့်သူဝေးစွ။

ကျောင်းဝင်းအတွင်းမှ ခပ်သွက်သွက်ထွက်လာခဲ့ပြီး ရွာသို့ သုတ်ခြေတင်တော့သည်။ ရွာသို့ အချိန်မီ ရောက်အောင်ပြန်ရပေဦးမည်။ ရွာနှင့်ကျောင်းသည် လေးမိုင်ခန့်ဝေးသည်။ စက်ဘီးမဝယ်နိုင်သဖြင့် ခြေကျင်လျှောက်ရခြင်းဖြစ်သည်။ ခပ်သွက်သွက်လျှောက်ပါက တစ်နာရီကျော်ကျော်အချိန်ခန့်တွင် ရွာသို့ရောက်သည်။ နေ့စဉ် သွားနေကျဖြစ်သဖြင့် အသားကျနေလေသည်။

ကျွန်တော် မြန်မာစာကို ကောင်းစွာဖြေဆိုနိုင်ခဲ့သည်။ မနက်ဖြန်တွင် အင်္ဂလိပ်စာဖြေဆိုရမည်။

ရွာအပြန်လမ်းလျှောက်နေရင်းမှ မနက်ဖြန်ဖြေဆိုရမည့် သင်ခန်းစာများကို မြင်ယောင်မိသည်။ ရွာသို့ အမြန်ရောက်ချင်နေမိသည်။ ပြန်ရောက်လျှင် လွယ်အိတ်ကိုချကာ တစ်ထည်တည်းသာရှိသော အဖြူအစိမ်း ကျောင်းဝတ်စုံကို ကြိုးတန်းတွင် လှန်းထားရမည်။ အင်္ဂလိပ်စာသင်ခန်းစာတွေကို ပြန်နွှေးရပေဦးမည်။ စိတ်ကလောနေသဖြင့် ရွာသို့ရောက်လာသည်မှာ သိပ်မကြာလိုက်ဟု ထင်သည်။

အဘွားဖြစ်သူ မုဆိုးမကြီးရှိရာ တဲသာသာအိမ်အတွင်းသို့ လှမ်းဝင်လိုက်သည်။

"သား ပြန်ရောက်ပြီလား၊ ဖြေနိုင်ရဲ့လားသား"

"ဟုတ်ကဲ့ ဖြေနိုင်ပါတယ်အမေ"

"ရေတစ်ခွက်သောက်ပြီး ခဏနားလိုက်ဦး၊ ပြီးရင် ထမင်းစားလိုက်နော် . . . အဟွတ် အဟွတ်၊ ဟွတ်"

"အမေ ချောင်းတွေ ပြန်ဆိုးနေတာလား၊ သား ဘာလုပ်ပေးရမလဲ။ သောက်နေကျဆေးကိုကော သောက်ရဲ့လား အမေရယ်။ ဆေးကိုတော့ ပုံမှန်သောက်နော်အမေ။"

"သောက်ပါတယ်ကွယ်၊ သောက်ပါတယ်။ ထမင်းစားလိုက်ဦးနော်၊ နောက်နေ့ဖြေဖို့ စာကျက်ရဦးမယ် မဟုတ်လား။" "ဟုတ်ကဲ့ပါ အမေ။"

အဘွားဖြစ်သူကို အမေဟုခေါ်ဆိုခြင်းဖြစ်သည်။ ငယ်စဉ်ကတည်းက မိဘမရှိတော့သော ကျွန်တော့်ကို အဘွားက မွေးထားရခြင်းဖြစ်ကာ ပညာတတ်ကြီးဖြစ်စေချင်လွန်းလို့ဟုဆိုကာ မရှိတဲ့ကြားက ခြစ်ကုပ်ပြီး ကျောင်းထားပေးခြင်းဖြစ်သည်။ တစ်နှစ်တစ်တန်းအောင်မြင်အောင် ကျွန်တော် ကြိုးစားသည်။

ပန်းကန်ထဲတွင် တစ်ခါတည်းရောထည့်ထားသည့် ဘဲဥပြုတ်နှင့် ထမင်းကို သမအောင်ရောနယ်လိုက်သည်။ ပါတယ်ဆိုရုံကလေး ထည့်ထားသည့် စားအုန်းဆီရနံ့သင်းသင်းကလေးက စားလို့မြိန်စေသည်။ ဤသို့ဖြင့် တက္ကသိုလ်ဝင်စာမေးပွဲကြီးကို ဖြတ်သန်းခဲ့ရသည်။ ထိုနှစ်က ဂုဏ်ထူးနှစ်ဘာသာဖြင့် တစ်ရွာလုံး၌ ကျွန်တော်တစ်ယောက် တည်းသာ အောင်မြင်ခဲ့သည်။ အမေက ဂုဏ်ယူလို့မဆုံး၊ အောင်စာရင်းထွက်သည့်နေ့က အမေ့ခမျာ ဝမ်းသာလွန်းလို့ မျက်ရည်များပင် ထွက်ကျလာရသည်။ ထိုမြင်ကွင်းကိုတော့ ကျွန်တော် တစ်သက်လုံး ဘယ်တော့မှ မေ့မည် မဟုတ်ပေ။

အချိန်တို့သည်ကား နှစ်ပေါင်း ၄၀ ကျော် ရှိခဲ့ပြီဖြစ်သည်။

"လေးလေး အရှေ့မုခ်ကိုပဲ မောင်းရမှာလား"

ယာဉ်မောင်းဖြစ်သူ၏ စကားသံက ကျွန်တော့်အတွေးများကို ရပ်တန့်သွားစေသည်။

"ဩော်- အေးကွယ်၊ အေးအေး"

ရွှေတိဂုံဘုရားသို့ နံနက်တိုင်းသွားရောက်ဖူးမြော်နေကျ ဖြစ်သည်။

အတိတ်ဆီက ဘဝကြမ္မာရိုင်းများက တိုက်ဆိုင်မှုရှိသည့်အခါတိုင်း လူးလွန့်ပေါ်လာတတ်သည်။ ပင်လယ်လှိုင်းများက ကမ်းစပ်သို့ အလိုလို ရောက်ရောက်လာရသလို အတိတ်ဖြစ်ရပ်များကလည်း ကျွန်တော့်ရင်ကို ရောက်ရောက်လာရသည်ချည်းဖြစ်သည်။

ဘုရားပေါ်သို့တက်နေသည့် ကျွန်တော့်ခြေလှမ်းများက တက္ကသိုလ်ဝင်တန်းဖြေဆိုစဉ်က ရွာသို့ ပြန်သည့်ခြေလှမ်းမျိုးကိုကား မမီနိုင်တော့ချေ။ ဖြည်းဖြည်းမှန်မှန်ဖြင့်သာ လှေကားကို တစ်ထစ်ချင်း တက်နေခြင်းဖြစ်သည်။ ငယ်စဉ်က ကြမ်းတမ်းခက်ထန်ခဲ့သည့် ဘဝလှေကားထစ်များကို မည်သို့နင်းတက်နိုင်ခဲ့သည်များကို ကျွန်တော်တစ်ယောက် ဘယ်သောအခါမျှ မမေ့နိုင်။ ခက်ခက်ခဲခဲ ရုန်းကန်တက်လှမ်းခဲ့ရသည့် ဘဝလှေကားထစ်များနှင့် နှိုင်းဆလျှင် ရွှေတိဂုံဘုရားကြီး၏ ရင်ပြင်တော်ပေါ်သို့ ရောက်ရှိရန် လှေကားထစ်များကို နင်းတက်ရသည့် ပင်ပန်းမှုက မြူမှုန်မျှလောက်ပင် ဖြစ်တော့သည်။

ဘုရားရင်ပြင်တော် တနင်္လာထောင့်တွင်ထိုင်ပြီး ရွှေတိဂုံစေတီတော်ကြီးအား ကြည်ညိုသဒ္ဓါစိတ်အပြည့်ဖြင့် လက်အုပ်ချီမိုးကာ သုံးကြိမ်သုံးခါ ရှိခိုးကန်တော့လိုက်သည်။ တစ်ဆက်တည်းမှာပင် ဘုရားရှိခိုးပြီး အမျှအတမ်း ပေးဝေကာ အရပ်ဆယ့်တစ်မျက်နှာသို့ အေးချမ်းသာယာပါစေကြောင်း မေတ္တာပွားများလိုက်ပြီးချိန်တွင် ရင်မှာ ကြည်နူးကျေနပ်စွာဖြင့် အေးချမ်းမှုပီတိကို ခံစားရလေသည်။

"ကလေးတွေ စာမေးပွဲဖြေဆိုနိုင်ကြပါစေ"

တီးတိုးရေရွတ်လိုက်မိသည်။ ဘုရားမှအပြန်တွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုပြီးချိန်နှင့် တိုက်ဆိုင်နေပြန်သည်။ ကျောင်းဝင်းအတွင်းမှ ထွက်လာကြသော ကျောင်းသား ကျောင်းသူများကို မိဘအုပ်ထိန်းသူများက လာရောက်ကြိုဆိုမှုတို့ဖြင့် ကြည်နူးစရာမြင်ကွင်းကို တွေ့နေရသည်။

ကျောင်းသား ကျောင်းသူများ လမ်းကူးနေကြသဖြင့် ကားများကလည်း ခေတ္တရပ်တန့်ပေးနေကြရာ ကျွန်တော့်ကားလည်း ရပ်စောင့်နေရစဉ် ကျောင်းသား ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများက အပြုံးကိုယ်စီဖြင့် လမ်းကူးနေကြသည်ကို ကျွန်တော် ငေးကြည့်နေမိသည်။

"စာမေးပွဲဖြေဆိုနိုင်ကြပါစေ၊ လွယ်ကူချောမွေ့စွာနဲ့ ဖြေဆိုနိုင်ကြပြီး အမှတ်ကောင်းကောင်းရရှိကာ ဂုဏ်ထူးများနဲ့ ထူးချွန်စွာ အောင်မြင်ကြပါစေ၊ အောင်မြင်ကြပါစေ။"

ရွှေတိဂုံစေတီတော်ကြီးကို လက်ျာရစ် သုံးကြိမ်ပူဇော်စဉ်က စာမေးပွဲဖြေဆိုကြသည့် တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများအတွက် ဆုတောင်းခဲ့သော ဆုတောင်းစကားကို ပြန်လည် အမှတ်ရနေမိတော့သည်။ ။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် အလုပ်တစ်ခုကို မဖြစ်မနေလုပ်ဆောင်တတ်သူဖြစ်သည်။ သူ၏ဆန္ဒကို အကောင်အထည်ဖော်နိုင်စွမ်းရှိသူတစ်ယောက်ဖြစ်သည်။ သို့ဖြင့် အဆုံးတွင် နန်းကိန္နရီ ရေနံ့သာသို့ရောက်ရှိလာရသည်။ အတွေးအိပ်မက်မက်ခဲ့ရသော တက္ကသိုလ်ပညာကို ဆက်လက်ဆည်းပူးခွင့်ရမည်ဆိုသည့်အတွက် နန်းကိန္နရီ ဝမ်းသာသည်။ ယင်းအချက်တစ်ချက်တည်းနှင့်ပင် ရေနံ့သာသို့ ခိုဝင်ရကျိုးနပ်သည်ဟု ထင်သည်။

သို့တိုင်အောင် စိတ်မှာ အလုံးစုံ ကျေနပ်ဝမ်းသာနိုင်သေးသည်မဟုတ်။ စိတ်စနိုးစနောင့်ဖြစ်ရဖွယ် ကိစ္စအချို့ ကျန်ရှိနေသေးသည်ပင်။ ဤသည်မှာ နေသားတကျ မရှိသေးသောကြောင့်လည်းဖြစ်နိုင်သည်။

အငြိမ့်အဖွဲ့နှင့် နေရစဉ်က ဆင်းရဲသည်မှန်စေ။ ချို့တဲ့သည်မှန်စေ လွတ်လပ်သည်။ ရေနံ့သာမှာ နေရသည်က အထိန်းအချုပ် အနှောင်အဖွဲ့များပြားလှသည်ဟု ထင်သည်။ ခမ်းနားကြီးကျယ်ခြင်းသည် လွတ်လပ်ပျော်ရွှင်ခြင်းကိုပင် အနှောင့်အယှက်ပေးလာတတ်သည်။

နန်းကိန္နရီအတွက် အိပ်ခန်းတစ်ခန်း ပေးထားသည်။ ရေနံ့သာရှိ အိပ်ခန်းတိုင်းတွင် ဝရန်တာတစ်ခုရှိတတ်သည်။ စောစောပိုင်းက ဧည့်ခန်းတွင်စု၍ စကားပြောနေခဲ့ကြသည်။ နောက်တော့ မိမိတို့၏ အိပ်ခန်းအသီးသီးသို့ လာခဲ့ကြသည်။ နန်းကိန္နရီသည် ခုတင်တွင် လဲလျောင်းလျက်အိပ်ပျော်ရန်ကြိုးစားသည်။ သို့ပေမဲ့ စိတ်လှုပ်ရှားပျံ့လွင့်နေသဖြင့် အိပ်မပျော်နိုင်။ လဲလျောင်းရာမှထလျက် ဝရန်တာတွင် ကြာမြင့်စွာ ရပ်နေမိသည်။

နန်းကိန္နရီကတော့ သတိမထားမိ။ စင်စစ်တွင် အိပ်မပျော်နိုင်သူမှာ ရေနံ့သာ၌ သူတစ်ယောက်တည်းမဟုတ်ကြောင်း မတွေးမိ။

နန်းကိန္နရီနှယ်ပင် ထိုညက ဒေါ်ရေနံ့သာခင်ခင်ကြီးသည်လည်း အိပ်မပျော်နိုင်အောင်ရှိသည်။ ရွှန်းမြသောလရောင်ကိုခံစားရင်း စိတ်အတွေးတို့ ပျံ့လွင့်နေသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် အိပ်ခန်းမီးကိုပိတ်ထားသည်။ အခန်းကိုမှောင်ချထားသည်။ သူနှင့်နန်းကိန္နရီတို့၏အိပ်ခန်းများမှာ ကပ်လျက်သားဖြစ်သည်။ ဝရန်တာချင်း လက်တစ်ကမ်းစာသာကွာသည်။

ရေနံ့သာခင်ခင်ကြီးသည် ဝရန်တာသို့ထွက်မလာ။ အခန်းတံခါးဘောင်ကိုမှီရင်း နန်းကိန္နရီဘက်သို့ ကြည့်နေသည်။ စကားမပြောဘဲ၊ အသံမပေးဘဲ တိတ်တဆိတ် စူးစိုက်ကြည့်နေခြင်းဖြစ်သည်။ စီးကရက်ကို ရှိုက်ဖွာနေသည်။ ယခုအခါ သူသည် စီးကရက်ကို စွဲစွဲလမ်းလမ်းနှစ်နှစ်ခြိုက်ခြိုက် သောက်တတ်နေပြီဖြစ်သည်။ စင်စစ်တွင်လည်း နှစ်ပေါင်းမြောက်မြားစွာကတည်းက အထီးကျန်ဆန်ခဲ့သော သူ့အဖို့ စီးကရက်သည် အကောင်းဆုံး အပေါင်းအဖော် ဖြစ်နေခဲ့လေသည်။

ဒေါ်ရေနံ့သာ ခင်ခင်ကြီးသည် နန်းကိန္နရီ၏စိတ်သန္တာန်၌ မည်သို့သောအတွေးမျိုး ဝင်နေပါလိမ့်ဟု စဉ်းစားနေသည်။ ဖြစ်နိုင်မည်ဆိုလျှင် ယင်းမိန်းကလေး၏ စိတ်ကြေးမုံပြင်ကို မြင်ချင်စမ်းပါဘိတော့သည်။

မည်သို့ဆိုစေ နန်းကိန္နရီ စိတ်လှုပ်ရှားနေပေလိမ့်မည်ဟု တွေးမိသည်။ နန်းကိန္နရီသာမဟုတ်။ သူကိုယ်တိုင်သည်လည်း စိတ်လှုပ်ရှားနေရသည်။

အနှစ်နှစ်ဆယ်ကျော်မျှ တောင့်တခဲ့ရသော အာသာဆန္ဒမှာ ယခုအခါ တစ်ဝက်တစ်ပျက်မျှ ပြည့်ဝနေပြီဟု မှတ်ယူမိသည်။

နန်းကိန္နရီအား အမွေစား အမွေခံသမီးအဖြစ် မွေးစားတော့မည်ဆိုစဉ်က မမဝင်းရီထံ စာလှမ်းရေးလိုက်သည်။ မမဝင်းရီကတော့ နန်းကိန္နရီကို ဆက်လက် အကဲခတ်စေချင်သေးဟန်တူသည်။ နောက်ကြောင်းကို စုံစမ်းစေချင်သည် စာပြန်လာသည်။ အကယ်၍များ ပျောက်ဆုံးနေခဲ့သော သမီးငယ်သာဖြစ်နေခဲ့ပါလျှင် မွေးစားသည်ဟူသော စကားကိုပင် သုံးနှုန်းရန်မလိုဟု ဆိုသည်။ စိတ်တွင် စနိုးစနောင့်မဖြစ်ရဘဲနှင့် ဆက်ဆံသွားနိုင်မည်ဟု ပြောသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီး၏စိတ်တွင်မူ ယင်းအတွေးမျိုးဝင်မနေခဲ့။

"နန်းကိန္နရီဟာ ခင်ကြီးရဲ့ ပျောက်ဆုံးနေတဲ့သမီးကလေးအစစ်အမှန်ဖြစ်မှာပဲလို့ ခင်ကြီးတော့ ယုံကြည်နေမိတယ် မမဝင်းရီ။ စဉ်းစားကြည့်လေ၊ ခင်ကြီးရဲ့သမီးလေးဘဝဟာ နန်းကိန္နရီရဲ့ ဘဝအခြေအနေမျိုးသာဖြစ်မှာပဲ။ ဒီလိုဘဝမျိုးနဲ့သာ ကျင်လည်လာရမှာပဲ။ သူ့ရုပ်၊ သူ့အသံ၊ သူ့ဘဝဟာ သူ့ကို ခင်ကြီးသမီးလေးပါလို့ ယတိပြတ်ပြောနိုင်အောင် အထောက်အထားရနေတာပဲမဟုတ်လား။ နောက်တစ်ခုကလည်း သူ့ကို မွေးစားတယ်ပဲပြောပြော၊ ဘာပဲပြောပြော၊ သူနဲ့ခင်ကြီးတို့ အတူတကွနေနိုင်သွားဖို့သာအဓိကမဟုတ်လား မမဝင်းရီ"

ဒေါ်ရေနံ့သာခင်ခင်ကြီးက အခိုင်အမာဆိုလေတော့လည်း မမဝင်းရီအနေနှင့် ဘာတစ်ခုမျှ မစွက်ဖက်ဘဲနေခဲ့သည်။ နန်းကိန္နရီအား မွေးစားလိုက်ခြင်းအားဖြင့် နှစ်ပေါင်းများစွာ အထီးကျန်ဆန်နေခဲ့ရသော ဘဝတွင် အဖော်ရလာလိမ့်မည်ဟု မမဝင်းရီ မှတ်ယူမိပုံရလေသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီး၏အတွေးသို့ အကြောင်းတစ်ရပ်ဝင်လာသည်။ အကြားအာရုံသို့ အမည်တစ်လုံးသည် ပဲ့တင်သံသဖွယ် ဝင်ရောက်လာသည်။ ထိုအခါ ဒေါ်ရေနံ့သာခင်ခင်ကြီး၏ကိုယ်မှာ တုန်လှုပ်ချောက်ချားလာသလို ဆတ်ခနဲ ဖြစ်သွားလေသည်။

သူ၏အတွေးသို့ ဝင်လာသောအကြောင်းမှာ မောင်မောင်ဦးနှင့် ပတ်သက်သည့်အကြောင်း၊ အကြားအာရုံသို့ ပဲ့တင်သံသဖွယ် ဝင်ရောက်လာသော အမည်မှာ မောင်မောင်ဦးဟူသောအမည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် ထိုသူနှင့်ပတ်သက်သောအကြောင်းရပ်မှန်သမျှကို တတ်နိုင်သမျှ မေ့ပျောက်နေစေရန် အားထုတ်သည်။ ယင်းအမည်ကို စိတ်အတွေးမှ ထုတ်ပယ်ထားနိုင်ရန် အတန်တန် ကြိုးစားခဲ့သည်။

သို့တိုင်အောင် သူ၏အားထုတ်ကြိုးစားမှုတို့မှာ အချည်းအနှီးသာဖြစ်ခဲ့သည်။ မောင်မောင်ဦးဟူသော အမည်သည်လည်းကောင်း၊ မောင်မောင်ဦးနှင့် ပတ်သက်လေသောအကြောင်းရပ်တို့သည် လည်းကောင်း၊ သူ့အား ထာဝရလွှမ်းမိုးမြဲ လွှမ်းမိုးနေခဲ့သည်။ အရိပ်သဖွယ်လျှင် ထာဝရကြီးစိုးမြဲကြီးစိုးနေခဲ့သည်။ အတိတ်ကာလ၏ပဲ့တင်သံသည် အသည်းနှလုံး၏ နက်ရှိုင်းသောအပိုင်း၌ထာဝစဉ် သဲ့သဲ့ညင်းညင်း မြည်ဟည်းနေခဲ့သည်။

ဒေါ်ရေနံ့သာခင်ခင်ကြီး၏ဘဝတွင် အိပ်မပျော်နိုင်သော ညပေါင်းမြောက်မြားစွာရှိခဲ့သည်။ အိပ်မပျော်ဘဲ အတွေးကို ယောက်ယက်ခတ်ရလေပြီဆိုသော အခါတိုင်း မောင်မောင်ဦးဟူသည် စိတ်တံခါးပေါက်ဆီမှ လိပ်ပြာမှင်စာနှယ် တိတ်တခိုးဝင်ရောက်လာတတ်မြဲပေတည်း။

အသွေး အသား အကြော အရိုး စသည်တို့ဖြင့် ဖွဲ့စည်းထားသော မနုဿအဖွဲ့အစည်းဖြစ်သည့် ဒေါ်ရေနံ့သာခင်ခင်ကြီးတွင် လူသားတိုင်း၌ ရှိအပ်သော ထွေပြားသည့်အာရုံနှင့် အာသာဆန္ဒတို့ ရှိလေသည်။ အသွေးအသားနှင့်စပ်ဆိုင်သော စိတ်လှုပ်ရှားမှုသည် ရံခါတွင် ဒေါ်ရေနံ့သာခင်ခင်ကြီး၌ ပေါ်ပေါက်လာတတ်သည်။ ထိုအခါ ကြာခဲ့ ဝေးခဲ့ မှေးမှိန်ခဲ့ပြီဖြစ်သော အတိတ်ကာလမှ အထိအတွေ့ အကျီအစယ်၊ အနမ်းအရှုပ်တို့ စိတ်အသိမှာ ပြန်လည်ပေါ်ပေါက်လာတတ်သည်။ ထိုစဉ်က ယင်းအာရုံရေယဉ်ကြော၌ မသိမသာ နစ်မြောခဲ့ပုံကို သတိရသည်။ ရင်မှာရှိမ်းမြရသည်တို့သည် လည်းကောင်း၊ အသည်းနှလုံးမှာ ပူနွေးခဲ့ရသည်တို့သည် လည်းကောင်း၊ လတ်တလောခံစားရသည့်အသွင် ရှိလာသည်။ သို့နှင့်အမျှ မိမိခန္ဓာကို ပိုင်စိုးခွင့်ပေးခဲ့ရသည့် တစ်ဦးတည်းသောသူကိုစိတ်အသိမှာ အမှတ်ရလာသည်။ ထိုသူ၏မျက်နှာကို မြင်ယောင်လာသည်။ သည်တော့လည်း လွမ်းဆွတ်ရခြင်းသည် ရင်ထဲ၌ ပြင်းထန်သော ဒီရေအရှိန်အဟုန်နှယ် ပေါ်ပေါက်လာရသည်။

တစ်ဆက်တည်းမှာပင် ထိုသူ၏ စိမ်းကားမှု၊ ရက်စက်မှု၊ ဥပေက္ခာပြုမှုများကို သတိတရရှိလာသည်။ အသည်းနှလုံးမှာ သံတွေ သံခဲသဖွယ် ပူလောင်ပြင်းပြလာရပြန်သည်။ မုန်းတီးနာကြည်းခြင်း ဝေဒနာကြောင့် နှုတ်ခမ်းကို ပြတ်လုမတတ် ကိုက်လိုက်မိသည်လည်း ရှိသည်။ နာကြည်းရလွန်းသော နှလုံးသားမှာ တင်းမာလွန်းမက တင်းမာလာပြီး အစိတ်စိတ်အမြွှာမြွှာ ကွဲအက်ရတော့မည်သို့လည်း ရှိခဲ့ရသည်။

မည်သို့ဆိုစေ ထိုသူသည် မိမိ၏ဘဝအပေါ် လွှမ်းမိုးနိုင်လွန်းလှပါကလား။ ကြီးစိုးနိုင်လွန်းလှပါ ကလားဟု ဒေါ်ရေနံ့သာခင်ခင်ကြီး တွေးတတ်လာသည်။

မိမိ၏ဘဝကြမ္မာကို ထိုသူသည် အရိပ်မည်းကြီးသဖွယ် ထာဝရဖုံးအုပ်ထားသည်။

ခန္ဓာကိုယ်နှင့်စပ်လျဉ်းသမျှကိုလည်း ထိုသူအားပေးခဲ့ရသည်။ အသည်းနှလုံးနှင့် စပ်ဆိုင်သော ခံစားမှုမှန်သမျှကိုလည်း ထိုသူထံ အပ်ခဲ့ရသည်။ ဦးနှောက်နှင့်ပတ်သက်သော အသိဟူသမျှမှာလည်း ထိုသူအတွက်သာလျှင် ဖြစ်ခဲ့ရသည်။ စင်စစ် မိမိသည် မောင်မောင်ဦးတည်းဟူသော ကြမ္မာနတ်မိစ္ဆာ၏ ယဇ်ပလ္လင်အထက်၌ အသက်သွေးတို့ဖြင့် စတေးရန် လည်စင်းပေးခဲ့ရသည့် သားကောင်ပါလားဟု ဒေါ်ရေနံ့သာခင်ခင်ကြီး၏စိတ်တွင် အထင်ရောက်လာမိသည်။ ဘဝကို စိုးမိုးသူမှာလည်းသူ၊ အချစ်ကို နုတ်ပယ်ခဲ့သူမှာလည်းသူ။ အသည်းနှလုံးကို ကွဲအက်စေသူမှာလည်း သူသာပင်။ ထို့ကြောင့် သူ့ကို မုန်းရသည်။ နာရသည်။ ယင်းဝေဒနာသည် သူ၏ထံမှ မည်သည့်အခါတွင်မျှ ပျောက်ကွယ်သွားလိမ့်မည်မထင်။ ယင်းဝေဒနာကို ခံစားရသမျှ မောင်မောင်ဦးကိုလည်း မေ့၍ရလိမ့်မည်မဟုတ်။ အကယ်၍ နန်းကိန္နရီသည်သာ ထင်မှတ်ထားသလို မိမိ၏ သမီးအရင်းဖြစ်ခဲ့ပါက မောင်မောင်ဦးနှင့် တစ်နည်းမဟုတ်တစ်နည်း ပတ်သက်နေရပေလိမ့်ဦးမည်။ မောင်မောင်ဦးနှင့်စပ်လျဉ်းသော အတိတ်ဖြစ်ရပ်တို့သည် ပဲ့တင်ထပ်လာပေလိမ့်ဦးမည်ဟု ဒေါ်ရေနံ့သာခင်ခင်ကြီး တွေးမိသည်။

ယခုအခါ မောင်မောင်ဦးတစ်ယောက် မည်သည့်နေရာသို့များ ရောက်ရှိနေပါလိမ့်။

သည်အတွေးကို တွေးမိလေတော့လည်း ထိုသူအတွက် ရင်မှာမောရသားပါကလား။ သူ့အကြောင်းကို မကြားရသည်မှာ ကြာချေပြီ။ သူ့ကို နောက်ဆုံးမြင်တွေ့လိုက်ရသည်မှာ ရေနံ့သာနှင့်မနီးမဝေးတွင်ဖြစ်သည်။ ဖေဖေ့ကိစ္စနှင့်ပတ်သက်၍ဆွေးနွေးပြီး အပြန် သူ့အိမ်ရှေ့မှ စက်ဘီးဖြတ်စီးသွားသည်ကို အိမ်ပေါ်မှ လှမ်းမြင်လိုက်ရခြင်းဖြစ်သည်။ ထိုမှစ၍ တစ်ကြိမ်တစ်ခါမျှ ကြုံဆုံဖို့ အခွင့်အရေး ပေါ်မလာခဲ့။ အနှစ်နှစ်ဆယ်ကျော်မျှ ကွဲကွာနေခဲ့ရသည်။

" ဒေါ်ရေနံ့သာခင်ခင်ကြီးသည် ထိုသူနှင့်ပတ်သက်သော အကြောင်းရပ်မှန်သမျှကို တတ်နိုင်သမျှ မေ့ပျောက်နေစေရန် အားထုတ်သည်။ ယင်းအမည်ကို စိတ်အတွေးမှ ထုတ်ပယ်ထားနိုင်ရန် အတန်တန် ကြိုးစားခဲ့သည်။ သို့တိုင်အောင် သူ၏အားထုတ် ကြိုးစားမှုတို့မှာ အချည်းအနှီးသာဖြစ်ခဲ့သည်။ မောင်မောင်ဦးဟူသော အမည်သည်လည်းကောင်း၊ မောင်မောင်ဦးနှင့် ပတ်သက်လေသောအကြောင်းရပ်တို့သည် လည်းကောင်း၊ သူ့အား ထာဝရလွှမ်းမိုးမြဲ လွှမ်းမိုးနေခဲ့သည်။ အရိပ်သဖွယ်လျှင် ထာဝရ . . . "

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်အထိ (တေဇောဓာတ် လောင်ကျွမ်းခြင်း) စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း

## ဆရာကြည်

(၁၆-၃-၂၀၂၂ ရက်နေ့မှအဆက်)

### အနာထပိဏ်သူဌေး ဆောက်လုပ်လှူဒါန်းသော ဇေတဝန်ကျောင်းတော်ကြီးလက်ခံရန် သာဝတ္ထိပြည်သို့ ဘုရားရှင်ကြွရောက်ခြင်း

အနာထပိဏ်သူဌေးကြီးသည် ဘုရားရှင်အား လှူဒါန်းရန် ဆောက်လုပ်ထားသော ဇေတဝန်ကျောင်းတော်ကြီးကို ကြီးကျယ်ခမ်းနားစွာ ပြင်ဆင်၍ဘုရားရှင်အား ဇေတဝန်ကျောင်းတော်ကြီး လက်ခံရန်၊ သာဝတ္ထိပြည်သို့ပင့်ဖိတ်ရန် သူကြွယ်တမန်တစ်ဦးကို အခြံအရံများနှင့်တကွ စေလွှတ်လေသည်။ ထိုတမန်တော်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်သို့သွား၍ အနာထပိဏ်သူဌေးကြီး ပြောသည့်အတိုင်း ဘုရားရှင်အား ဇေတဝန်ကျောင်းတော်ကြီးအားလက်ခံရန် သာဝတ္ထိပြည်သို့ကြွရောက်ပါရန် လျှောက်ထားလေသည်။

ထိုအခါ ဘုရားရှင်သည် အကြောင်းသုံးချက် စဉ်းစားပါသည်။ (၁)သာဝတ္ထိပြည်တွင် ကာလရှည်ကြာစွာ သီတင်းသုံးတော်မူအံ့သောအကြောင်း၊ (၂) အတိုင်းမသိသော ဘုရားကျေးဇူးတော်၏ ကျော်စောပျံ့နှံ့အံ့သောအကြောင်း၊ (၃) ပြည်သူပြည်သားများစွာတို့ အကျွတ်တရားတို့ကို ရလတ္တံ့သော အကြောင်းတို့ကို မြင်တော်မူပြီး ရဟန်းအပေါင်းခြံရံလျက် တတိယဝါကျွတ်သောအခါ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းမှ သာဝတ္ထိပြည်သို့ ခရီးဒေသစာရီကြွတော်မူလေသည်။

ရာဇဂြိုဟ်ပြည်နှင့် သာဝတ္ထိပြည်သည် ၄၅ ယူဇနာကွာဝေးသည်။ အနာထပိဏ်သူဌေးကြီးသည် ဘုရားရှင် ဤသို့သွားလာသောအခါ၌ လမ်းခရီးတွင် အနားယူရန် ကျောင်းဆောင်တစ်ဆောင်စီကို တစ်ယူဇနာခြားကြိုတင်စီစဉ်ဆောက်လုပ်ထားပါသည်။ ထိုအခါ ဘုရားရှင်သည် တစ်ယူဇနာ ကျောင်းဆောင်တွင် တစ်ညဝင်နားပါသည်။ စံတော်မူပါသည်။ လမ်းခရီးကြားတွင် ဝေသာလီပြည်သို့ဝင်၍ မဟာဝုန်တောကြီး၌ စုလစ်မွန်းချွန်၊ အထွတ်တပ်ထားသော "ကူဋာဂါရ" ပြာသာဒ်၌ ခေတ္တာသီတင်းသုံးသည်။ ထို့နောက် သာဝတ္ထိပြည်သို့ ခရီးဆက်လေသည်။

ဤသို့ ဘုရားရှင်သည် သာဝတ္ထိပြည်သို့ ကြွလာပြီဆိုသောသတင်းကို သူဌေးကြီးကြားသော် ပသေနဒီကောသလမင်းကြီးအား ဘုရားရှင်သည် ကျွန်ုပ်တို့ပြည်သို့ကြွလာသည့်အတွက် ကျွန်ုပ်တို့နှစ်ဦးတွင် မင်္ဂလာဖြစ်လာရပါသည်ဟု လျှောက်ထားပါသည်။ ထို့အပြင် မင်းကြီးအား သူဌေးကြီးက မင်းကြီး၏သမီးတော် သုမနာအား သတို့သမီး ငါးရာခြံရံလျက် ကြိုဆိုပင့်ဆောင်ရန် စေလွှတ်တော်မူပါဟု လျှောက်ထားလေသည်။



မင်းကြီးကလည်း အလွန်နှစ်ခြိုက်၍ သမီးတော်သုမနာအား စေလွှတ်တော်မူသည်။ သုမနာမင်းသမီးသည် အသက်ခုနစ်နှစ်အရွယ်သာရှိသည်။ အခြွေအရံ ငါးရာနှင့်အတူ ဘုရားရှင်အား အမွှေးနံ့သာပန်းများဖြင့် ပင့်ဆောင်ဆီးကြိုလေသည်။ ဘုရားရှင်ကလည်း တရားများ ဟောကြားလိုက်သဖြင့် သုမနာမင်းသမီးနှင့် ငါးရာသော အခြွေအရံတို့သည် သောတာပန်ဖြစ်လေသည်။ အနာထပိဏ်သူဌေးကြီးသည် သုမနာမင်းသမီး ကြိုခိုင်းသည့်အပြင် သူ၏သားကြီး ကာလသတို့သားအား သူဌေးသား လုလင်ငါးရာခြံရံလျက် ဘုရားရှင်အား ကြိုဆိုပင့်ဆောင်ရန်စေလွှတ်ခဲ့ပါသည်။ ထို့အပြင် သူ၏သမီးတော်စူဠသုဘဒ္ဒါနှင့် မဟာသုဘဒ္ဒါတို့အား ရေအပြည့်ဖြည့်ထားသော အိုးများရွက်လျက် ဘုရားရှင်အား ကြိုဆိုစေသည်။ (အခြွေအရံသူဌေးသမီး ငါးရာနှင့်အတူ စေလွှတ်သည်)။

သူ၏ဇနီး သူဌေးကတော် ပုညလက္ခဏာကိုလည်း သူဌေးကတော်ငါးရာနှင့်အတူ နံ့သာခွက်များ ကိုင်ဆောင်လျက် လိုက်ပါပင့်ဆောင်စေခဲ့ပါသည်။ ၎င်းတို့၏နောက်မှ သူဌေးကြီးသည် သူဌေးသူကြွယ် ငါးရာခြံရံလျက် ဘုရားရှင်ကိုပင့်ဆောင်လေသည်။ အတုမရှိတန်ခိုးတော်အနန္တနှင့် ပြည့်စုံ၍ ကျက်သရေရှိသော ဘုရားရှင်လည်း ယင်းပရိသတ်များကို ရှေ့မှထား၍ ရဟန်းသံဃာအပေါင်းခြံရံလျက် ဇေတဝန်ကျောင်းတော်သို့ ကြွတော်မူလေသည်။

နောက်တစ်နေ့၌ အနာထပိဏ်သူဌေးကြီးသည် ဤကျောင်းတော်၌အလှူကြီး ခမ်းနားကြီးကျယ်စွာ ကျင်းပလေသည်။ ဆွမ်းစားချိန် ရောက်သောအခါ ဘုရားရှင်နှင့်တကွ ရဟန်းသံဃာတော်တို့အား အသင့်ပြင်ဆင်စီမံထားသော အရသာပြည့်စုံသည့် ဆွမ်းကပ်ရန်အတွက်သူ့အိမ်သို့ ပင့်ဖိတ်ခေါ်ဆောင်သွားလေသည်။ ဘုရားရှင်တို့ ဆွမ်းဘုဉ်းပေးပြီးသောအခါ သူဌေးကြီးက ဘုရားရှင်အား ဇေတဝန်ကျောင်းတော်ကို မည်ကဲ့သို့ ရေစက်ချလှူဒါန်းရမည်ကို လျှောက်ထားလေသည်။ ဘုရားရှင်က သူဌေးကြီးအား ရောက်ပြီး၊ ရောက်ဆဲ၊ ရောက်လတ္တံ့လာသော အရပ်လေးမျက်နှာရှိ ရဟန်းသံဃာတော်အားရည်စူး၍ လှူဒါန်းပါဟု ပြောကြားလေသည်။

သူဌေးကြီးသည် ဘုရားရှင်မိန့်တော်မူသည့်အတိုင်း ဇေတဝန်ကျောင်းတော်ကြီးကို "အာဂတာ နာဂတ-စတုဒ္ဒိသာသံဃိက" ရေစက်ချ၍ လှူဒါန်းလေသည်။ ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်ကြီးကို အလှူခံပြီး ငါးဂါထာဖြင့် အနုမောဒနာတရားတော်ကို ဟောကြားတော်မူလေသည်။ ထို့နောက် ဘုရားရှင်သည် သူဌေးအိမ်မှ ဇေတဝန်ကျောင်းတော်သို့ ပြန်လေသည်။ သူဌေးကြီးသည် ဤကျောင်းတော်ကြီးကို လှူပြီးနောက် ထိုသို့ ရေစက်ချအလှူပွဲကြီးကိုကျင်းပရာတွင် "သပရိဝါရဒါန" ဖြစ်စေခြင်းအကျိုးငှာ ပုဏ္ဏားရှင်လူအမျိုးလေးပါးတို့အား ရွှေငွေဥစ္စာ စွန့်ကြဲပေးလှူပွဲသဘင်ကို ကျင်းပပြုလုပ်လေသည်။ ဤသို့ အသပြာတစ်ဆယ့်ရှစ်ကုဋေကုန်အောင် ဆောက်လုပ်ထားသည့် ဇေတဝန်ကျောင်းတော်ကြီး ရေစက်ချအလှူပွဲကြီးသည် ကိုးလကြာမှ ပြီးစီးသည်။

သူဌေးကြီးသည် ဇေတမင်းသားထံမှ ဥယျာဉ်တော်ကို တစ်ဆယ့်ရှစ်ကုဋေဖြင့် ဝယ်သည်။ ကျောင်းဆောက်လုပ်ရာ၌ တစ်ဆယ့်ရှစ်ကုဋေကုန်သည်။ အလှူတော်ရေစက်ချပွဲ ကျင်းပရာ၌ တစ်ဆယ့်ရှစ်ကုဋေ ကုန်သည်။ စုစုပေါင်း ငါးဆယ့်လေးကုဋေ ကုန်ကျခံ၍ သာသနာတော်၌ စွန့်ကြဲလှူဒါန်းပါသည်။ ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ် စူဠအနာထပိဏ်သူဌေးကြီး၊ ကောသလမင်းကြီးစသော ဥပါသကာများနှင့် ဥပ္ပလဝဏ်၊ မလ္လိကာစသော ဥပါသိကာမအပေါင်းတို့အား ဘုရားရှင်က တရားရေအေး အမြိုက်ဆေး တိုက်ကျွေးတော်မူသည်။

သူဌေးကြီးသည် ဇေတဝန်ကျောင်းတော်ကြီးကို လှူပြီးနောက် နေ့စဉ်ကျောင်းတော်သို့ (နေ့၊ ည) တစ်နေ့ နှစ်ကြိမ် သွားရောက်၍ လှူဖွယ်ပစ္စည်းနှင့်တကွ ဘုရားရှင်နှင့် အခြံအရံဖြစ်သော သံဃာတော်များအား သွားရောက်ဆက်ကပ်လေသည်။

**သူဌေးကြီးသည် ဘုရားရှင်မိန့်တော်မူသည့်အတိုင်း ဇေတဝန်ကျောင်းတော်ကြီးကို "အာဂတာ နာဂတ-စတုဒ္ဒိသာသံဃိက" ရေစက်ချ၍ လှူဒါန်းလေသည်။ သူဌေးကြီးသည် ဤကျောင်းတော်ကြီးကို လှူပြီးနောက် ထိုသို့ရေစက်ချအလှူ ပွဲကြီးကိုကျင်းပရာတွင် "သပရိဝါရဒါန" ဖြစ်စေခြင်းအကျိုးငှာ ပုဏ္ဏားရှင်လူအမျိုးလေးပါးတို့အား ရွှေငွေဥစ္စာ စွန့်ကြဲပေးလှူပွဲသဘင်ကို ကျင်းပပြုလုပ်လေသည်။ ဤသို့ အသပြာတစ်ဆယ့်ရှစ်ကုဋေကုန်အောင် ဆောက်လုပ်ထားသည့် ဇေတဝန်ကျောင်းတော်ကြီး ရေစက်ချအလှူပွဲကြီးသည် ကိုးလကြာမှပြီးစီး**

### ညီတော်နန္ဒမထေရ်ကို နတ်သမီးနှင့်မျှား၍ ချွတ်ခြင်း

နန္ဒမထေရ်သည် အစ်ကိုတော်ဘုရားရှင်က စေခိုင်း၍ ရဟန်းဝတ်ရသည်။ ရဟန်းဝတ်ဖြင့် သူမပျော်ပိုက်ပါချေ။ သူ့ကို သတို့သမီးလောင်း ဇနပဒကလျာဏီ၏ 'မောင်တော် အမြန်ပြန်လာ'ဟု မှာလိုက်သောအသံကိုသာ သူ့နားတွင် ကြားနေသည်။ ထို့ကြောင့် စားမဝင်၊ အိပ်မပျော်၊ ဇနပဒကလျာဏီကိုသာ တမ်းတလွမ်းနေပါသည်။ သူလူထွက်လိုသောဆန္ဒ ရှိပါသည်။ ယင်းအချက်ကို ရဟန်းများကမြင်၍ နန္ဒမထေရ်သည် ရဟန်းဝတ်နှင့်မပျော်၊ လူထွက်လိုကြောင်းကို ဘုရားရှင်အား လျှောက်ထားကြပါသည်။ ထိုအခါ ဘုရားရှင်သည် ညီတော်နန္ဒမထေရ် လူထွက်လိုသည့်ဆန္ဒရှိသည်မှာ မှန်သလောဟု မေးသည်။ ညီတော်ကလည်း မှန်ပါသည်။ သူ့ကိုမှာလိုက်သော ဇနပဒကလျာဏီ ပြောလိုက်သော မောင်တော်မြန်မြန်ပြန်လာပါဆိုသည်ကိုသာ သူ့နားတွင်ကြားနေကြောင်း လျှောက်ထားပါသည်။

ဘုရားရှင်လည်း ညီတော်မင်းနန်အား ခေါ်၍ ဒေသစာရီ ကြွတော်မူမည်၊ သူနှင့်အတူ လိုက်ခဲ့ရန် မိန့်မြွက်ပါသည်။ ညီတော်မင်းနန်ကိုခေါ်၍ တောခရီးကြွတော်မူခဲ့ပါသည်။ တော၏ မီးလောင်ပြင်တစ်ခုတွင် သစ်ငုတ်တို၌ ထိုင်နေသော ပါးရေတွန့်၊ နံရိုးအပြိုင်းပြိုင်းနှင့်ရှိသော မျောက်အိုမကြီးတစ်ကောင်ကို တွေ့ပါသည်။ ထိုအခါ ဘုရားရှင်က ညီတော်နန္ဒမထေရ်ကို မေးသည်။ ဤမျောက်မကြီးနှင့် ဇနပဒကလျာဏီ ဘယ်သူပိုချောသလဲ မေးခြင်းကို ညီတော်နန္ဒမထေရ်သည် ဘုရားအား အပြစ်တင်သည်။ ကိုယ်ချင်းမစာပြောရက်လေခြင်းဟု သူထင်ခဲ့ပါသည်။ ထင်သည့်အတိုင်း ဘုရားအား မထောက်မညှာ ပြောရက်လေသည်ဟု ပြန်ပြောလေသည်။ ဘုရားကလည်း သူ့အားဖြေ၍ ပြောခြင်းသာ ဖြစ်ကြောင်း ပြောလိုက်လေသည်။

ဘုရားရှင်သည် တာဝတိံသာနတ်ပြည်သို့ တက်ကြွတော်မူလေသည်။ ညီတော်မင်းနန်မထေရ်လည်း နောက်ပါလိုက်လာလေသည်။ နတ်လမ်းမတွင် ဝေဇယန္တာနန်းရင်ပြင်၌ သိကြားမင်းအား စံစားရန် လာကြသည့် နတ်သမီးများနှင့် မျက်နှာချင်းဆိုင်တွေ့ကြလေသည်။ နတ်သမီးများကလည်း အလွန်လှပချောပါသည်။ ထိုအခါ ဘုရားရှင်က သူ့ညီတော်နန္ဒမထေရ်အား ယခုနတ်သမီးများနှင့် သင့်ဇနပဒကလျာဏီ ဘယ်သူက ပိုလှသလဲဟူ၍ မေးသည်။ ထိုသို့မေးသောအခါ ညီတော်နန္ဒမထေရ်က ယင်းနတ်သမီးများနှင့် နှိုင်းယှဉ်ပါက သူ့ဇနပဒကလျာဏီသည် မျောက်အိုမနှင့်သာ တူပါသည်ဟု ပြန်ဖြေလျှောက်ထားလေသည်။

ထိုအခါ ဘုရားရှင်က ညီတော်နန္ဒကို သူ၏သာသနာတော်၌ မြတ်သောအကျင့်ကိုကျင့်ပါ။ ဤနတ်သမီးများရစေရမည်ဟု တာဝန်ခံကြောင်း ပြောကြားလေသည်။ ဤသို့ဘုရားရှင်ပြောကြားချက်ကို ညီတော်နန္ဒမထေရ်သည် ဤသို့နောင်တော်တာဝန်ယူလျှင် သူသည် ဘုရား၏ သာသနာတော်တွင် ကျင့်ပါမည်ဟု လျှောက်ထားလေသည်။ ဘုရားရှင်လည်း ညီတော်နန္ဒမထေရ်အားခေါ်၍ ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွလာလေသည်။

ဘုရားရှင်ကလည်း လာသမျှရဟန်းများအား ညီတော်နန္ဒမထေရ်အား သူ့တရားကိုကျင့်လျှင် သူနတ်သမီးများရစေမည်ဟု တာဝန်ယူကြောင်း ပြောကြားလေသည်။ (ဆက်လက်ဖော်ပြပါမည်)

ဖက်ဒရယ်ဆိုတာဟာ မတူကွဲပြားနေတဲ့ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေ၊ လူမျိုးတွေ၊ လူမျိုးစုတွေကို စုစည်းလုပ်ကိုင်ရာမှ လုပ်ကိုင်နိုင်ခွင့်တွေကို ခွဲဝေကျင့်သုံးတဲ့ အယူအဆသဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်းဖြစ်ပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က (၁)နှစ်ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



## CoronaVac (Sinovac) အမျိုးအစား ကိုဗစ်-၁၉ ကာကွယ်ဆေးများ ရောက်ရှိ

ရန်ကုန် မတ် ၃၀

The Global Alliance for Vaccine and Immunization–GAVI (COVAX Facility) အဖွဲ့က မြန်မာနိုင်ငံသို့ လှူဒါန်းသည့် CoronaVac (Sinovac) အမျိုးအစား ကိုဗစ်-၁၉ ကာကွယ်ဆေး ၂၂၄၂၈၀၀ doses သည် လေကြောင်းပျံသန်းအမှတ် Sichuan Airlines 3 U 3929 ဖြင့် ယနေ့ ညနေ ၄ နာရီခန့်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိရာ တာဝန်ရှိသူများက စစ်ဆေး၍ စနစ်တကျလက်ခံသည်။

အဆိုပါ ကာကွယ်ဆေးများကို အအေးလမ်းကြောင်းမပျက် ထိန်းသိမ်းထားရှိ၍ ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် အသုံးပြုထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

**ယနေ့** ဖတ်စရာ


တူရကီနိုင်ငံ၌ ရုရှား-ယူကရိန်း ငြိမ်းချမ်းရေးဆွေးနွေးပွဲကျင်းပ၊ နှစ်နိုင်ငံအကြား တင်းမာမှုများ လျှော့ချနိုင်ရန် နည်းလမ်းများ ရှာဖွေနိုင်ခဲ့ စာမျက်နှာ » ၁၃

လူမှုကွန်ရက်စာမျက်နှာပေါ်၌ ငွေစက္ကူအတုများ ဝယ်ယူရရှိနိုင်ကြောင်း ယုံကြည်အောင်ပြောဆို၍ ငွေစက္ကူအတု ဝယ်ယူလိုသူများထံမှ ငွေကြေးလိမ်လည်ရယူခဲ့သူများကို ဖော်ထုတ်ဖမ်းဆီး စာမျက်နှာ » ၁၅

ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း စာမျက်နှာ » ၂၃

ကာတာနိုင်ငံ၌ ကျင်းပသည့် ဖီဖာကွန်ဂရက်သို့ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အဖွဲ့ တက်ရောက်မည် စာမျက်နှာ » ၂၄


## ကော့ကရိတ်-မြဝတီသွား အာရှလမ်းမကြီးပေါ်တွင် သွားလာအသုံးပြုလျက်ရှိသည့် ကုန်တင်ယာဉ်များနှင့် အိမ်စီးယာဉ်များအား KKO(ခွဲထွက်) အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့ မီးရှို့ဖျက်ဆီး

နေပြည်တော် မတ် ၃၀

ကရင်ပြည်နယ် ကော့ကရိတ်-မြဝတီသွား အာရှလမ်းမကြီးပေါ်၌ ကုန်တင်ယာဉ်များနှင့် အိမ်စီးယာဉ်များအား ယမန်နေ့ မွန်းလွဲ ၁ နာရီခန့်တွင် KKO (ခွဲထွက်) အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့ မီးရှို့ဖျက်ဆီးခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကော့ကရိတ်မြို့မှ မြဝတီမြို့သို့ ပို့ဆောင်ရန် ကြက်သွန်နီများနှင့် သံတိုသံစများ တင်ဆောင်လာသည့် ၁၂ ဘီးယာဉ် နှစ်စီးနှင့် အိမ်စီးယာဉ် နှစ်စီးတို့သည် ယမန်နေ့ မွန်းလွဲ ၁ နာရီခန့်တွင် ကော့ကရိတ်-မြဝတီသွား

စာမျက်နှာ ၁၄ ကော်လံ ၁ သို့



ကော့ကရိတ်-မြဝတီသွား အာရှလမ်းမကြီးပေါ်တွင် ယာဉ်များ မီးရှို့ဖျက်ဆီးခံရမှုကို တွေ့ရစဉ်။